# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ–၂၉၆)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၃၁၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID–19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID–19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။

# ရပ်တန့်ထားသည့်စက်ရုံများအား စွမ်းအားပြည့်ပြန်လည်လည်ပတ်စေခြင်းနှင့် နည်းပညာကို Upgrade ပြုလုပ်၍ အရည်အသွေးပြည့်ဝသည့် ထုတ်ကုန်များထွက်ရှိအောင် ဆောင်ရွက်ခြင်းတို့ ပြုလုပ်ရမည်ဖြစ်

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ ဖတ်စရာ


**ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများကို နယ်စပ်ဂိတ်များတွင် ဆက်လက်လက်ခံလျက်ရှိ** — ပြည်တွင်းသတင်း (စာ - ၅)

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကျင့်ဝတ်များ** — ဆောင်းပါး (စာ - ၆)

**ကနေဒါနိုင်ငံ၌ ကျန်းမာရေးဆိုင်ရာ ကန့်သတ်မှုများ ဖြေလျှော့မှုကြောင့် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူများပြားလာ** — နိုင်ငံတကာသတင်း (စာ - ၁၂)

မြန်မာ့အလင်း

## ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန်လို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့သည်မှာ (၆) လပြည့်လွန်ခဲ့ပြီ ဖြစ်သည်။ ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံ၍ ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ထောင်မည့်ခရီးလမ်းတွင် နိုင်ငံ့အာဏာကို မမှန်မကန် ရယူရန်ကြိုးပမ်းမှုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာရခြင်း၏ အခြေခံအကြောင်းရင်းဖြစ်သည်။ အာဏာရပါတီနှင့် အစိုးရတို့က အာဏာနှင့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ရွေးကောက်ပွဲတွင် မဲမသမာမှုပြုလုပ်ကာ တစ်ပါတီတည်း ကြီးစိုးရေး လုပ်ဆောင်မှုသည် နိုင်ငံကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှ တိမ်းစောင်းသွားစေသည်။ လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် သန့်ရှင်းခြင်းတို့နှင့်စပ်လျဉ်း၍ ဖြေရှင်းပေးနိုင်ခြင်းမရှိသော မဲရလဒ်ဖြင့် လွှတ်တော်ကို ဖွင့်ခေါ်ရန် ကြိုးပမ်းခြင်းကြောင့် စစ်မှန်၍ တရားမျှတ သန့်ရှင်းသော ဒီမိုကရေစီကို ဖော်ဆောင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာရခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အိမ်စောင့်အစိုးရအဖွဲ့တို့သည် အရေးပေါ်ကာလပြဋ္ဌာန်းချက်နှင့်အညီ အချိန်ကာလတစ်ရပ်ကိုသာ တာဝန်ယူရမှာဖြစ်သည့်အတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ စားဝတ်နေရေးအတွက် တာဝန်ရှိသည်နှင့်အညီ ဆောင်ရွက်ပေးနေခြင်းပင် ဖြစ်သည်။ မိမိတို့နိုင်ငံ၏ မျက်မှောက်အခြေအနေသည် နိုင်ငံရေးအပြောင်းအလဲတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ ဆောင်ရွက်နေရသည့်နည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါလှိုင်း မြင့်တက်လာမှုနှင့် ဆက်စပ်ကာ စီးပွားရေးကဏ္ဍ နှေးကွေးလေးလံကျဆင်းလာခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းတို့ကဲ့သို့သော စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည်။ နိုင်ငံတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်မှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ စားဝတ်နေရေးချောင်လည်စေမှုတို့ကို စိတ်သွားတိုင်း ကိုယ်ပါဆောင်ရွက်နိုင်မည်ဖြစ်သည်။ အဆိုပါ အချက်နှစ်ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန်မှာ အစိုးရနှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန် လိုအပ်သည်။

"မိမိတို့အစိုးရ၏ စီမံခန့်ခွဲမှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်မှုအပေါ်တွင် မူတည်၍ လုပ်ငန်းရပ်များ ဆောင်ရွက်ရသည့် ကာလများ အပြောင်းအလဲဖြစ်လာနိုင်ကြောင်း၊ အချိန်ကာလအားဖြင့် ခေတ္တတာဝန်ယူဆောင်ရွက်သည်ဆိုသော်လည်း ပြည်သူများ စားရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေး ကိစ္စများအား မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။ ထို့အတူ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများရှိအောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ရွေးကောက်ပွဲအား အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း" ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ အစိုးရနှင့် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု အထူးလိုအပ်ခြင်းကို ပြဆိုနေခြင်းပင်ဖြစ်သည်။

နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် အဖျက်အမှောင့်များကို ဦးစွာရှင်းလင်းဖယ်ရှားရမည်ဖြစ်သည်။ အကြမ်းဖက် အဖျက်အမှောင့်သမားတို့က မြို့ရွာများမှာ ကပ်ခိုကာ အကြမ်းဖက် အဖျက်လုပ်ရပ်များကို ပြုလုပ်နေကြပြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ပြည်သူလူထု ထိတ်လန့်ချောက်ချားအောင် ဆောင်ရွက်နေကြခြင်းဖြစ်သည်။ အကြမ်းဖက် အဖျက်လုပ်ငန်းသည် ဒီမိုကရေစီနှင့် ဆန့်ကျင်ဘက်သာ ဖြစ်သည့်အလျောက် ဝိုင်းဝန်းဖယ်ရှား ရှင်းလင်းပေးခြင်းအားဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ လျင်လျင်မြန်မြန် တည်ဆောက်နိုင်ပါစေကြောင်း။ ။

## နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး မျိုးကြက်ဥ ထုတ်လုပ်ရေးခြံသို့ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်တိုးတက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မျိုးတင်၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးဇေယျာလင်းနှင့် ဦးမြင့်စိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီတွင် Join Global Myanmar ကုမ္ပဏီ မျိုးကြက်ဥထုတ်လုပ်ရေးခြံသို့ သွားရောက်လေ့လာကြသည်။

ထိုသို့သွားရောက်လေ့လာစဉ် Join Global Myanmar ကုမ္ပဏီ မျိုးကြက်ဥ ထုတ်လုပ်ရေးခြံမှ ဒါရိုက်တာ ဦးသိန်းဇော်က မျိုးကြက်ဥ ထုတ်လုပ်ရေးခြံ လည်ပတ် ဆောင်ရွက်နေမှု၊ မျိုးကြက်ဥ မွေးမြူသည့်စနစ်၊ ဥသားဖောက် မျိုးထုတ်လုပ်မှုနှင့် တင်ပို့ရောင်းချမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် အဖွဲ့သည် မျိုးကြက်ဥ ထုတ်လုပ်ရေးခြံအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(အောက်ပုံ)**

အဆိုပါ မွေးမြူရေးခြံတွင် မလေးရှား Ross 308 ကြက်အမျိုးအစား အထီး ၂၄၀၀၊ အမ ၂၂၆၀၀ စုစုပေါင်း ကြက်ကောင်ရေ ၂၅၀၀၀ ကို မွေးမြူထားပြီး တစ်နေ့လျှင်ပျမ်းမျှ မျိုးကြက်ဥ ၁၈၀၈၀ ခန့် ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## " ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး " ခေါင်းစဉ်နှင့် " ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ " ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ ပိုမိုပူးပေါင်းလာစေရန်အတွက်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ပြည်သူများအသိပညာပေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်စေရေးနှင့် စနစ်တကျ မှတ်တမ်းတင်နိုင်ရေးအတွက်လည်းကောင်း **"ကိုဗစ်-၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး"** ခေါင်းစဉ်နှင့် **"ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ"** ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဝါသနာရှင်အဆင့်ပြိုင်ပွဲနှင့် ပညာရှင်အဆင့်ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစားနှစ်မျိုး ကျင်းပမည်ဖြစ်သည်။ ဝါသနာရှင်အဆင့်ပြိုင်ပွဲကို **"ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဓာတ်ပုံပညာကို ဝါသနာအရ ရိုက်ကူးနေကြသူများ၊ ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိသူများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပညာရှင်အဆင့် ပြိုင်ပွဲကို **"ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲသို့ ကိုဗစ်-၁၉ ရောဂါ ဆိုးကျိုးများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေမှုများ၊ အသိပညာပေးဆောင်ရွက်နေမှုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ပါဝင်ကူညီဆောင်ရွက်ပေးနေမှုများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများ စသည့် အကြောင်းအရာများဖြင့် ဖော်ညွှန်းရိုက်ကူးယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မအရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသည့် ဓာတ်ပုံများ၊ ပြည်တွင်း/ ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင် ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံအကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျောတွင် သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၀-၉-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း ၀၁- ၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ တို့သို့ ဆက်သွယ်ပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဗဟန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဗီနိုင်းများ ချိတ်ဆွဲခြင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးနှင့် ကူးစက်မှုလျော့နည်းစေရေးတို့



အတွက် မိဘပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ရောဂါကူးစက်မှု လျော့နည်းနိုင်မည်ဖြစ်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ ပြည်သူများ လိုက်နာဆောင်ရွက်သင့်သည့်အချက်များ၊ ညွှန်ကြားချက်များကို သိရှိလိုက်နာနိုင်ရန် အသံချဲ့စက်များဖြင့် သတိပေးနှိုးဆော်မှုများကို ဩဂုတ် ၉ ရက်က ဆောင်ရွက်သည်။

ဗဟန်းမြို့နယ်၌ ရပ်ကွက်ပေါင်း ၂၂ ခုတို့တွင် နေ့စဉ် တစ်နေ့ သုံးကြိမ်၊ ပြည်သူများ သိရှိနိုင်ရေးအတွက် သတိပေးနှိုးဆော်သည့်အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအသိပညာပေးဗီနိုင်းများကို မြို့နယ်အတွင်း လူစည်ကားရာနေရာများတွင် ချိတ်ဆွဲတပ်ဆင်ခြင်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုကူညီရေးအသင်းများနှင့် ပူးပေါင်း၍ ပြည်သူများအတွက် သတိပေးနှိုးဆော်ကြောင်း သိရသည်။(ဝဲပုံ)

**အာကာစိုး၊ ဓာတ်ပုံ-အောင်မြင့်**

# နိုင်ငံသားတိုင်း မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းများရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပြီး ရွေးကောက်ပွဲမတိုင်မီ နိုင်ငံသားတိုင်း မှတ်ပုံတင်ရရှိရေး ဆောင်ရွက်ပေးရမည်

■ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိပြီး အများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်၊ ထို့ကြောင့် ဗုဒ္ဓအဆုံးအမ၏ ယဉ်ကျေးမှုအောက်တွင် မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာများစွာရှိ၊ ရှေးရိုးစွဲချင်းမဟုတ်ဘဲ နိုင်ငံတစ်ခုကို တည်ဆောက်ရာတွင် အမျိုးသားရေး စရိုက်လက္ခဏာ (National Characteristics ) ကို ပထမဆုံး ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် အရေးကြီး၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသား လူမျိုးပေါင်း ၁၃၅ မျိုးခန့်ရှိ၊ ပြည်သူများ၊ တိုင်းရင်းသားအားလုံးအနေဖြင့် ပါတီစုံ ဒီမိုကရေစီစနစ်လမ်းကြောင်းကို လက်ခံကြ၊ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်မှု၊ ညီညွတ်မှု၊ သာယာဝပြောမှု စသည့်အကျိုးများကို ခံစားချင်ကြသူများဖြစ်

❖ *ရွှေဖုံးမှ*

ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဒေါက်တာဌေးအောင်၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

**မူဝါဒအဖြစ် ဆောင်ရွက်နေခြင်းဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် ဩဂုတ် ၁ ရက်နေ့မှစ၍ အိမ်စောင့်အစိုးရအဖြစ် ပြင်ဆင်ဖွဲ့စည်းပြီး အစိုးရအဖွဲ့ အကြီးအကဲ ဝန်ကြီးချုပ်အနေဖြင့် မိမိကတာဝန်ယူ၍ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးတက်ရာတိုးတက်ကြောင်း ကိစ္စရပ်များကို အားလုံးစုပေါင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ဆောင်ပေးရန် တာဝန်ရှိကြောင်း၊ မိမိတို့သည် နိုင်ငံရေးအစိုးရ၊ ပါတီမူဝါဒများဖြင့် ဆောင်ရွက်သည့် အစိုးရမဟုတ်ဘဲ နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီ၏ နိုင်ငံတော်အတွက် ဆောင်ရွက်ရန် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့အား မူဝါဒအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ မူဝါဒများအား အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူရမည့် ကာလသည် အချိန်ကာလ ခဏသာဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်မှု (၆)လပြည့် မိန့်ခွန်းတွင် မိမိအနေဖြင့် ပြောကြားပြီးဖြစ်ကြောင်း၊ အရေးပေါ်ကာလသတ်မှတ်ခြင်းနှင့် ဆောင်ရွက်၍ မပြီးပါက ဥပဒေအရခွင့်ပြုနိုင်သည်များ ရှိသည်ကို အရေးပေါ်ကာလပြဋ္ဌာန်းချက် ဥပဒေအခန်းတွင် ပါရှိပြီးဖြစ်ကြောင်း၊ မိမိတို့အစိုးရ၏ စီမံခန့်ခွဲမှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်မှု အပေါ်တွင်မူတည်၍ လုပ်ငန်းရပ်များ ဆောင်ရွက်ရသည့်ကာလများ အပြောင်းအလဲဖြစ်လာနိုင်ကြောင်း၊ အချိန်ကာလအားဖြင့် ခေတ္တတာဝန်ယူဆောင်ရွက်သည်ဆိုသော်လည်း ပြည်သူများ စားရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေးကိစ္စများအား မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများရှိအောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ရွေးကောက်ပွဲအား အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**ကိုက်ညီသည့် ဒီမိုကရေစီတည်ဆောက်**

ပြည်သူများ၏ စားဝတ်နေရေးကိစ္စများ ဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက်ဆောင်ရွက်ရန်ရှိသည့် ကိစ္စများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်မှစ၍ ဒီမိုကရေစီအသွင်ကူးပြောင်း၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့ပြီး သမ္မတကြီး ဦးသိန်းစိန် လက်ထက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈-ခုနှစ်)အရ ဆောင်ရွက်၍ရသည်များကို ဆောင်ရွက်ပေးခဲ့သကဲ့သို့ ၂၀၁၆ ခုနှစ်တွင် တက်လာသည့် အစိုးရအနေဖြင့်လည်း နိုင်ငံပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအား တတ်နိုင်သမျှ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရာတွင် ပြည့်စုံမှုမရှိသေးဘဲ ဆောင်ရွက်ရန် ရှိသည်များ များစွာရှိနေသေးကြောင်း၊ ပြီးခဲ့သည့် ၆ လတာကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် အခြေအနေအရပ်ရပ်အား သုံးသပ်ကြည့်ပါက ဒီမိုကရေစီနှင့်ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များ များစွာရှိသေးသည်ကို သင်ခန်းစာတစ်ခုအနေဖြင့် ရရှိကြောင်း၊ ဒီမိုကရေစီ၏ အခြေခံမူနှင့် ကိုက်ညီအောင်လည်း ဖော်ဆောင်ပေးရမည့် လုပ်ငန်းရပ်များ ရှိကြောင်း၊ အဆိုပါလုပ်ငန်းရပ်များမှာ ဥပဒေ၊ စည်းကမ်းများအား ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့သွားနေသည့် နိုင်ငံရေးလမ်းကြောင်းသည် ပြည်သူများ၏ ဆန္ဒဖြစ်သော်လည်း နိုင်ငံ၏ ပကတိအခြေအနေများနှင့် ကိုက်ညီရန် လိုအပ်ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် ဒီမိုကရေစီတောင်းဆိုမှုများ ရှိခဲ့သော်လည်း ဒီမိုကရေစီနှင့်ပတ်သက်၍ ထဲထဲဝင်ဝင်သိရှိ နားလည်သူများ နည်းပါးသည်ကို မှတ်တမ်းမှတ်ရာများအရ လေ့လာသိရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် ဒီမိုကရေစီ တည်ဆောက်မှုကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်**

မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိပြီး အများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြကြောင်း၊ ထို့ကြောင့် ဗုဒ္ဓအဆုံးအမ၏ ယဉ်ကျေးမှုအောက်တွင် မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာ များစွာရှိကြောင်း၊ ရှေးရိုးစွဲချင်းမဟုတ်ဘဲ နိုင်ငံတစ်ခုကို တည်ဆောက်ရာတွင် အမျိုးသားရေးစရိုက်လက္ခဏာ (National Characteristics ) ကို ပထမဆုံး ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးခန့် ရှိကြောင်း၊ ပြည်သူများ၊ တိုင်းရင်းသားအားလုံးအနေဖြင့် ပါတီစုံ ဒီမိုကရေစီစနစ်လမ်းကြောင်းကို လက်ခံကြကြောင်း၊ တိုင်းရင်းသားအားလုံးဖွံ့ဖြိုးတိုးတက်မှု၊ ညီညွတ်မှု၊ သာယာဝပြောမှု စသည့်အကျိုးများကို ခံစားချင်ကြသူများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး အများအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ကြကြောင်း၊ မိမိတို့နိုင်ငံတွင် သင့်တင့်သည့် ရာသီဥတုများရှိပြီး မြောက်မှ တောင်သို့ စီးဆင်းနေသည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း၊ လေးမြို့၊ ကုလားတန်စသည့် မြစ်ကြီးများနှင့် အခြားမြစ်များရှိကြောင်း၊ အဆိုပါမြစ်ကြီးများ ပေါ်တွင် အခြေခံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

**နိုင်ငံ၏ ပကတိအခြေအနေများပင်ဖြစ်**

နိုင်ငံအတွင်း ပညာတတ်များပေါ်များရန် လိုအပ်မှုနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် ပညာတတ်များ ပေါ်ကြွယ်ဝရေးအတွက် ကြိုးပမ်းဆောင်ရွက်နေရသကဲ့သို့ ဆင်းရဲမွဲတေမှုများကို လျှော့ချနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံရေးအခြေအနေများနှင့် ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် စီးပွားရေးကျဆင်းမှုများကြောင့် ပိုမိုရုန်းကန်နေရသည်များ ရှိကြောင်း၊ နိုင်ငံအတွင်း အလုပ်အကိုင်အခက်အခဲများကြောင့် ပြည်ပနိုင်ငံများသို့ သွားရောက်၍ အလုပ်အကိုင်များ ဆောင်ရွက်နေသူများရှိကြောင်း၊ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိသည့် အချိန်ကတည်းက တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခသည် ယနေ့အချိန်အထိ နှစ်ပေါင်း ၇၅ နှစ်နီးပါးခန့် ရှိနေသေးကြောင်း၊ အလားတူ အိမ်နီးချင်းနိုင်ငံအချို့နှင့် လူဝင်မှုပြဿနာများကြောင့် နိုင်ငံသားပြဿနာများ ရှိသည့်အပြင် အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားမှတ်ပုံတင်မရရှိသေးသည့် နိုင်ငံသားဦးရေ ၄ သန်းခန့် ရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ အဆိုပါ အချက်များသည် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများပင် ဖြစ်ကြောင်း၊ အဆိုပါအချက်များအပေါ်တွင် မူတည်၍ မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံကိုမည်ကဲ့သို့ တိုးတက်အောင် ဆောင်ရွက်ရမည်ကို စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

- ❖ **နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာကြွယ်ဝရေးသည် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ရမည်**
- ❖ **အခြေခံဥပဒေတွင် နိုင်ငံသားတိုင်းသည် ဥပဒေဖြင့်ပြဋ္ဌာန်းထားသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်ဟုပါဝင်**
- ❖ **တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့ဒေသအလိုက် ပြည်သူများ၏ ပညာရည်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ စီမံဆောင်ရွက်ရန်လို၊**
- ❖ **စာသင်ကျောင်းများ ဥပဓိရုပ်များ ကောင်းမွန်ပြည့်စုံရေး၊ သင်ကြားရေး အထောက်အကူပြုပစ္စည်းများ ပြည့်စုံရေး၊ အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများရရှိရေးအတွက် ဆောင်ရွက်ပေးရမည်**
- ❖ **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စာမတတ်သူပပျောက်ရေး မှတစ်ဆင့် ပြည်သူများ အခြေခံပညာအလယ်တန်းပြီးဆုံးသည်အထိ ရည်မှန်းချက်ထားဆောင်ရွက်**

# အများပြည်သူ အခက်အခဲဖြစ်ပေါ်စေရန်ရည်ရွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသဆေးနှင့် ဆက်စပ်ဆေးဝါးပစ္စည်းများကို လက်ဝယ်ထားရှိကိုင်ဆောင်ပြီး ကိုယ်ကျိုးစီးပွားအတွက် ဆောင်ရွက်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူရန် ညွှန်ကြားထား

*စာမျက်နှာ ၃ မှ*

နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာ ကြွယ်ဝရေးသည် မဖြစ်မနေဆောင်ရွက်ရမည် ဖြစ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အခြေခံဥပဒေတွင် နိုင်ငံသားတိုင်းသည် ဥပဒေဖြင့်ပြဋ္ဌာန်းထားသည့် မသင်မနေရ အခြေခံ ပညာများကို သင်ကြားရမည်ဟု ပါဝင်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့ဒေသ အလိုက်ပြည်သူများ၏ပညာရည်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ စီမံ ဆောင်ရွက်ရန်လိုကြောင်း၊ စာသင်ကျောင်းများ ဥပဓိ ရုပ်များ ကောင်းမွန်ပြည့်စုံရေး၊ သင်ကြားရေး အထောက်အကူပြုပစ္စည်းများ ပြည့်စုံရေး၊ အရည် အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများရရှိရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးတွင် စာမတတ်သူ ပပျောက် ရေးမှတစ်ဆင့် ပြည်သူများ အခြေခံပညာအလယ် တန်း ပြီးဆုံးသည်အထိ ရည်မှန်းချက်ထား ဆောင် ရွက်ကြရန် လိုကြောင်း။

**ပထမဦးဆုံး ဦးစားပေးဆောင်ရွက်**

အလားတူ စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာရှင် များပေါ်များရေးသည် အခြေခံလိုအပ်ချက်ပင် ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာရှင်များ ပေါ်များရေးအတွက် စီမံဆောင်ရွက် လျက်ရှိကြောင်း၊ အလားတူ စီးပွားရေးပညာရှင်များ၊ ဥပဒေပညာရှင်များ၊ နည်းပညာရှင်များ၊ ဆောက်လုပ် ရေးပညာရှင်များ၊ ဆရာဝန်များ၊ သူနာပြုများလည်း ပေါ်များရန်လိုအပ်ကြောင်း၊ ဒေသအလိုက် ပညာ တတ်များ ပေါ်ထွက်လာစေရေး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပညာတတ် များ ပေါ်ကြွယ်ဝခြင်းသည် နိုင်ငံအတွက် ဂုဏ်ယူဖွယ် ဖြစ်ကြောင်း၊ နိုင်ငံအတွင်း ပညာတတ်များ ပေါ်များ အောင်ဆောင်ရွက်ရေးသည် မိမိတို့အစိုးရအဖွဲ့၏ ပထမဦးဆုံး ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်း ဖြစ်ကြောင်း။

**ဦးစားပေးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်**

စီးပွားရေးမြှင့်တင်မှုနှင့် ပတ်သက်၍ လူတစ်ဦး ချင်း၏ ဝင်ငွေရရှိရေးအတွက် နိုင်ငံသားများ ပြည်တွင်း၌ အလုပ်အကိုင်များ ခိုင်ခိုင်မာမာရရှိအောင် ဖန်တီးဆောင်ရွက်ပေးရန်လိုကြောင်း၊ ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည် ဆိုပါက အဆိုပါလုပ်ငန်းများပေါ်တွင် မူတည်၍ စက်ရုံအလုပ်ရုံလုပ်ငန်းများ ဖွင့်လှစ်နိုင်ခြင်းဖြင့် အလုပ်အကိုင်များ ပေါ်များလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ အရည်အသွေး ပြည့်မီ ရေးနှင့် ဈေးကွက်ရရှိရေးအတွက် သုတေသနလုပ်ငန်း များကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည်ဖြစ် ကြောင်း၊ အရည်အသွေးကောင်းမွန်ပြီး သင့်တင့် မျှတသည့် ဈေးနှုန်းဖြင့် ရောင်းချနိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ဈေးကွက်ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ အလားတူ ဒေသအလိုက် ဝမ်းစာဖူလုံရေးအတွက် သီးနှံများ အထွက်နှုန်းတိုးစေရေး ဆောင်ရွက်နိုင်ပါက ဒေသ အတွက် များစွာအထောက်အကူပြုမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ သီးနှံအထွက်နှုန်းသည် နိုင်ငံတကာ ထက် လျော့နည်းနေသေးကြောင်း၊ ဝမ်းစာဖူလုံမှု မရှိသည့် ဒေသများတွင် ဆန်နှင့် ဂျုံများအား ဦးစားပေးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန် လိုကြောင်း၊ ဒေသပြင်ပမှ ဝယ်ယူစားသုံးမှုမပြုရခြင်း၊ ပြည်ပမှ ဝယ်ယူစားသုံးခြင်းများမပြုရပါက ဒေသအတွင်း၊ နိုင်ငံအတွင်း ငွေကြေးလည်ပတ်သုံးစွဲမှု များပြား လာပြီး နိုင်ငံချမ်းသာခြင်းပင်ဖြစ်ကြောင်း။

**ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်**

ပြည်ပသွင်းကုန်များ လျှော့ချရေးနှင့်ပတ်သက်၍ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြည့်ပြည့် စုံစုံဖြင့် ဆောင်ရွက်ရန်လိုအပ်ပြီး ပြည်ပသွင်းကုန်များ လျှော့ချရေးသည် မိမိတို့နိုင်ငံအတွက် အဓိကလိုအပ် ချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကုန်သွယ်မှုနှင့် ဘတ်ဂျက်လိုငွေများရှိကြောင်း၊ ပြည်တွင်းကုန်ထုတ် လုပ်မှုများ များပြားအောင် ဆောင်ရွက်ပြီး ပြည်ပ သွင်းကုန်များ လျှော့ချရန်လိုကြောင်း၊ အထူးသဖြင့် ပြည်ပနိုင်ငံများမှ စားသုံးကုန်များ တင်သွင်းနေရ ကြောင်း၊ ဥပမာအားဖြင့် စားသုံးဆီများအား ပြည်ပမှ ငွေကြေးသန်းပေါင်းများစွာဖြင့် တင်သွင်းနေရ ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ ပန်းနှမ်း၊ မြေပဲ၊ ဆီအုန်းများကို စိုက်ပျိုးကြ ကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ တနင်္သာရီ တိုင်းဒေသကြီး မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့ တွင် ဆီအုန်းစိုက်ဧက ၃၉၁၀၀၀ ကျော် ခွင့်ပြုပေး ထားကြောင်း၊ အဆိုပါစိုက်ဧကများအား အပြည့်အဝ စိုက်ပျိုးနိုင်မည်ဆိုပါက ဆီတန်ချိန် ၄ ဒသမ ၅ သိန်း ခန့်အထိ ထွက်ရှိနိုင်သည်ကို ပညာရှင်များ၏ တွက်ချက်မှုအရ သိရှိရကြောင်း၊ ဆီအုန်းမှ ဆီထွက် ရှိမှုသည့် အခြားဆီထွက်သီးနှံများထက် များပြား သည်ကို တွေ့ရှိရသဖြင့် တနင်္သာရီတိုင်းဒေသကြီး အား မိမိတို့နိုင်ငံ၏ ဆီအိုးကြီးအဖြစ် စိုက်ပျိုးရေး လုပ်ငန်းဆောင်ရွက်သူများနှင့် လုပ်ငန်းရှင်များ အနေဖြင့် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ပါက ပြည်ပမှစားအုန်းဆီ တင်သွင်းမှု များကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်နှင့် ပတ်သက်၍ နိုင်ငံခြားငွေရရှိရန် တရားဝင် လမ်းကြောင်းမှ ပြည်ပပို့ကုန်များ တင်ပို့နိုင်ရေးကို အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ပြည်ပငွေသုံးစွဲမှုများကို လျှော့ချ**

ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ အဝတ် အထည်များ ထုတ်လုပ်ရေးအတွက် ပြည်ပမှတစ်နှစ် လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖိုးခန့် တင်သွင်းနေရကြောင်း၊ နိုင်ငံတွင် ဝါစက်ရုံများရှိပြီး စက်ရုံများအပြည့်အဝ လည်ပတ်နိုင်ရေးအတွက် ဝါကုန်ကြမ်းများ လုံလောက်စွာရရှိရေး ပြည်တွင်း၌ လုံလောက်စွာ စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဝါစိုက်ပျိုးဧက ၄ သိန်းကျော်ရှိပြီး အထွက်နှုန်းနည်းပါးသည်ကို တွေ့ရှိ ရကြောင်း၊ ဝါများ အထွက်နှုန်းတိုးတက်စေရေး အတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများရရှိစေခြင်း၊ ပြည်ပမှ ဝါကုန်ကြမ်း များ တင်သွင်းမှုကို လျှော့ချနိုင်ခြင်းနှင့် ပြည်တွင်း အထည်ချုပ်လုပ်ငန်းများကို အဆင်ပြေစွာဆောင်ရွက် နိုင်မည်ဖြစ်သဖြင့် အကျိုးများစွာ ဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ အလားတူ ပြည်ပနိုင်ငံများမှ ဘိလပ်မြေ များ တစ်နှစ်လျှင် တန်ချိန် ၁ သန်းခန့် တင်သွင်းနေရ ကြောင်း၊ မိမိတို့နိုင်ငံရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံ များမှ တစ်နှစ်လျှင် တန်ချိန် ၇ သန်းခန့်သာ ထုတ်လုပ် နိုင်ကြောင်း၊ စက်ရုံများ စွမ်းအားပြည့် အပြည့်အဝ လည်ပတ်နိုင်မည်ဆိုပါက ပြည်တွင်းလိုအပ်ချက်အား လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဖြစ်၍ ပြည်ပငွေ သုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စက်ရုံ များ စက်စွမ်းရည်ပြည့်ဝစွာ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်မှလိုအပ်သည်များ ကူညီဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း၊ ဘိလပ်မြေများ၏ အရည် အသွေးပြည့်မီရေးအတွက်လည်း သက်ဆိုင်ရာ အဖွဲ့အစည်းက သတ်မှတ်ဆောင်ရွက်ရန် လိုအပ် ကြောင်း။

သံမဏိထုတ်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ စက်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရန် လိုအပ် ကြောင်း၊ နိုင်ငံတွင် သံမဏိလိုအပ်ချက်များစွာရှိ၍ ပြည်ပမှ တင်သွင်းရခြင်းကြောင့် နိုင်ငံခြားငွေဆုံးရှုံးမှု များ ဖြစ်ပေါ်ကြောင်း၊ အချို့စက်ရုံများမှာ တည်ဆောက်နေဆဲဖြစ်ပြီး ရပ်တန့်ထားရသဖြင့် နိုင်ငံအတွက် ဆုံးရှုံးခြင်းများဖြစ်ရကြောင်း၊ ပင်းပက် သံမဏိစက်ရုံနှင့် မြင်းခြံသံမဏိစက်ရုံများကို ပြန်လည်လည်ပတ်နိုင်စေရန် ဆောင်ရွက်လျက် ရှိကြောင်း၊ ရပ်တန့်ထားသည့် စက်ရုံများအား စွမ်းအားပြည့် ပြန်လည်လည်ပတ်စေခြင်းနှင့် နည်းပညာကို Upgrade ပြုလုပ်၍ အရည်အသွေး ပြည့်ဝသည့် ထုတ်ကုန်များ ထွက်ရှိအောင် ဆောင်ရွက်ခြင်းတို့ ပြုလုပ်ရမည်ဖြစ်ကြောင်း။

**ကောင်းမွန်သော နိုင်ငံပုံရိပ်ကိုဖော်ဆောင်**

ချည်ထည်စက်ရုံ၊ သံမဏိစက်ရုံ၊ ဘိလပ်မြေစက်ရုံ တို့အပြင် ဆပ်ပြာ၊ သွားတိုက်ဆေးစသည့် လူသုံးကုန် ထုတ်လုပ်သည့် စက်မှုလက်မှုလုပ်ငန်းများ ဖန်တီး ဖော်ဆောင်ပေးခြင်းဖြင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာမည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံသားများ မိဝေးဖဝေးဖြင့် ပြည်ပသို့ ထွက်ခွာ၍ အလုပ်အကိုင်ရှာဖွေရခြင်းမရှိအောင် ဆောင်ရွက် ပေးနိုင်ခြင်းပင် ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံသူ နိုင်ငံသားများကို စောင့်ရှောက်မှုပေးနိုင်ခြင်း၊ အရိပ်အာဝါသပေးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံပိုင် စက်ရုံများကို Public–Private Partnerships စနစ် ဖြင့်လည်း ဖော်ဆောင်နိုင်ရေး စီမံဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရတစ်ခုတည်း ဆောင်ရွက်၍မရဘဲ ပုဂ္ဂလိက ကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ပုဂ္ဂလိက အနေဖြင့် လုပ်နိုင်သည့် နယ်ပယ်များစွာရှိ၍ လုပ်နိုင် သည့် အခြေအနေများကို ဖန်တီးပေးရန်လိုကြောင်း၊ တစ်ဖက်မှလည်း တိုင်းရင်းသားများ၏ SME လုပ်ငန်း များကို အားပေးမြှင့်တင်ရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို ဦးမော့ လာစေပြီး ကောင်းမွန်သော နိုင်ငံပုံရိပ်ကို ဖော်ဆောင် နိုင်မည်ဖြစ်ကြောင်း။

**အကျိုးရှိအောင် အသုံးချ**

လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်၍ ပြန်လည်ပြည့်ဖြိုး မြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင် ခြည်စွမ်းအင်သုံး ဆိုလာစနစ်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို အားပေးလျက်ရှိကြောင်း၊ နိုင်ငံ အတွင်းရှိ ရေအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ် ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမှဖန်တီးပေးသော အသုံးချနိုင်သည့် အထင်ကရမြစ်ကြီးများ တိုင်းဒေသ ကြီးနှင့် ပြည်နယ်အသီးသီးတွင်ရှိကြောင်း၊ သဘာဝ အလှအပေါ် ချစ်ခင်မြတ်နိုးသကဲ့သို့ နိုင်ငံနှင့် ဒေသ နေ ပြည်သူတို့အတွက် မည်သို့အကျိုးရှိအောင် အသုံးချနိုင်မည်ကိုလည်း စဉ်းစားရန်လိုကြောင်း၊ ဒေသအလိုက် မြစ်ချောင်းများကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုး ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး တစ်ဖက်မှ လည်း စိုက်ပျိုးရေးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်း များအတွက် အသုံးချနိုင်ရန် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ သဘာဝ ဓာတ်ငွေ့နှင့် ကျောက်မီးသွေးသယံဇာတများရှိ၍ စက်ရုံများ၏ စွမ်းအင်လိုအပ်ချက်အတွက် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ချိန်ဆ၍ နိုင်ငံတော် အတွက် အကျိုးရှိအောင် အသုံးချသွားရမည် ဖြစ်ကြောင်း။

“စီးပွားရေးမြှင့်တင်မှုနှင့်ပတ်သက်၍ လူတစ်ဦးချင်း၏ ဝင်ငွေရရှိရေးအတွက် နိုင်ငံသား များ ပြည်တွင်း၌ အလုပ်အကိုင်များ ခိုင်ခိုင်မာမာရရှိအောင် ဖန်တီးဆောင်ရွက်ပေးရန်လို၊ ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဆိုပါက အဆိုပါလုပ်ငန်း များပေါ်တွင် မူတည်၍ စက်ရုံအလုပ်ရုံလုပ်ငန်းများ ဖွင့်လှစ်နိုင်ခြင်းဖြင့် အလုပ်အကိုင်များ ပေါ်များလာမည်၊ စိုက်ပျိုးရေးထုတ်ကုန်များ အရည်အသွေးပြည့်မီရေးနှင့် ဈေးကွက်ရရှိရေး အတွက်သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်၊ အရည်အသွေးကောင်းမွန်ပြီး သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ ဈေးကွက်ပိုမိုရရှိလာမည်”

*စာမျက်နှာ ၅ သို့*

# ကူးစက်မှုနှင့် သေဆုံးမှုများ တဖြည်းဖြည်း လျော့ကျလာ

**ကူးစက်မှုနှုန်းလျှော့ချနိုင်ရန်အတွက် ရှုံးပိတ်ရက်များ သတ်မှတ်ပေးခဲ့ကြောင်း၊ တတိယလှိုင်းစတင်ဖြစ်ပွားသည့် ဇူလိုင်လဆန်းတွင် ကူးစက်မှုနှုန်းများ မြန်ဆန်ခဲ့ပြီး သေဆုံးမှုများလည်း မြင့်တက်မှုများရှိခဲ့ကြောင်း၊ အသွားအလာများ ကန့်သတ်ခြင်းနှင့် စည်းကမ်း ထိန်းချုပ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ကူးစက်မှုနှင့်သေဆုံးမှုများ တဖြည်းဖြည်းလျော့ကျလာကြောင်း၊ ထိုကဲ့သို့ ကျဆင်းလာခြင်းမှာ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်ခြင်းကြောင့်ဖြစ်ကြောင်း၊ အလားတူ လိုအပ်ချက်များ ဖြစ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ကုသဆေးများ၊ အောက်ဆီဂျင်ရရှိရေးကိစ္စရပ်များအား ဝန်ကြီးဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်တစ်ဦးမှအစ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုကြောင့် ကုသမှုအပိုင်းတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၈-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၃/၂၀၂၁) တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၄ မှ*

အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ကွာဟချက်များကို အတတ်နိုင်ဆုံး လျှော့ချနိုင်အောင် ကြိုးစားလျက်ရှိကြောင်း၊ အထူးသဖြင့် ကျေးရွာများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ၏ အခြေခံသည် ကျေးလက်ဒေသများဖြစ်သည့်အတွက် ဖွံ့ဖြိုးမှု၏ အရင်းအမြစ်သည် ကျေးလက်ဒေသများသာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် တရားဥပဒေစိုးမိုးမှုရှိပြီး နိုင်ငံရေးနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှု ရှိလာမည်ဖြစ်ကြောင်း။

**အားကစားကဏ္ဍများကို အားပေးဆောင်ရွက်**

မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍ ကျဆင်းလာသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ အားကစားကို အားပေးဆောင်ရွက်ရန် လိုအပ်ပြီး အားကစားသည် အချိန်ယူလေ့ကျင့်ပျိုးထောင်ရခြင်း ဖြစ်ကြောင်း၊ ပြည်သူများကျန်းမာရေးအတွက် အထောက်အကူပြုသည့် အားကစားကဏ္ဍများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားသည် နိုင်ငံတည်ဆောက်ရေးတွင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ရေးအတွက် အရေးကြီးသည့် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပွဲကြည့်စင်ပါ မိုးလုံလေလုံ အားကစားကွင်းများ တည်ဆောက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း။

တိုင်းရင်းသားတိုင်း၊ နိုင်ငံသားဖြစ်ခွင့်ရှိသူတိုင်း မှတ်ပုံတင်ရရှိရေးကို မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း မှတ်ပုံတင်နှင့် သန်းခေါင် စာရင်းများရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပြီး ရွေးကောက်ပွဲမတိုင်မီ နိုင်ငံသားတိုင်း မှတ်ပုံတင်ရရှိရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများအနေဖြင့် အချိန်မီပြီးစီးရေးနှင့် မှန်မှန်ကန်ကန်ရရှိရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုမှာကြားသည့် အချက်များသည် နိုင်ငံအတွက် မဖြစ်မနေ လုပ်ဆောင်ရမည့် အခြေခံအချက်များပင်ဖြစ်၍ တာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

**အတည်ပြုချက်ရယူ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက် ရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရ၏ ဝင်ငွေသည် အခွန်ငွေဖြစ်ပြီး စီးပွားရေးကျဆင်းမှုနှင့် လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများရှိသည့်အတွက် အခွန်ငွေကောက်ခံရရှိမှုများ နည်းပါးလျက်ရှိကြောင်း၊ ဘဏ္ဍာငွေသုံးစွဲမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် မဖြစ်မနေသုံးစွဲရမည့် လုပ်ငန်းကိစ္စရပ်များအပ အခြားကိစ္စရပ်များတွင် တတ်နိုင်သမျှချွေတာ သုံးစွဲရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် သောက်သုံးရေနှင့် လျှပ်စစ်မီး သုံးစွဲမှုများကို လေလွင့်မှုများမရှိအောင် စနစ်တကျ သုံးစွဲကြရန် လိုအပ်ကြောင်း။

ပြီးခဲ့သည့်နှစ်က မိုးခေါင်မှုဖြစ်ပေါ်ခဲ့သည့်အတွက် နိုင်ငံအတွင်း သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုနှစ်တွင် သတ်မှတ်မိုးရေချိန် ပြည့်မီသည့်အတွက် သောက်သုံးရေအတွက် အခက်အခဲမရှိပါကြောင်း၊ သို့သော်လည်း ဆည်တမံများ ထိခိုက်ပျက်စီးမှုမရှိစေရန်နှင့် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရန် ကြိုတင်စီမံဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်ပြီး အပတ်စဉ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး ရောဂါကူးစက်ပြန့်ပွားမှုကျဆင်းစေရန် လမ်းညွှန်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်နှင့် ယခုလပထမအပတ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အခက်အခဲများကို ကြိုးပမ်းကျော်လွှားနိုင်ခဲ့ကြောင်း၊ ယခုရက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက် ပြန့်ပွားမှုသည် ၃၀ ရာခိုင်နှုန်းအောက် ကျဆင်းလာသည်ကို တွေ့ရကြောင်း၊ ယင်းအခြေအနေကို ကျေနပ်နေ၍ မရဘဲ ရောဂါကူးစက်ပြန့်ပွားမှုကို ထပ်မံကျဆင်းအောင် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများကို ပြည်သူများလိုက်နာရန် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ တစ်ဖက်ကလည်း ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာမှုရှိစေရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

**အထူးဂရုပြုနေထိုင်**

သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ပတ်ဝန်းကျင်ရှိ ပြည်သူများကိုလည်း အဆင့်ဆင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ အသိပညာပေးရန် လိုအပ်ကြောင်း၊ ထို့ပြင် ကူးစက်ပြန့်ပွားမှုကို ဆက်လက်ကျဆင်းသွားစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် လုံးဝပျောက်ကွယ်သွားမည့် ရောဂါမဟုတ်ကြောင်း ပညာရှင်များက သုံးသပ်ထားကြောင်း၊ ထို့အတွက် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်သွားလာကြရန် လိုအပ်ကြောင်း၊ လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ ကုသဆေးတို့ကို ပြည်ပမှ ဝယ်ယူနေရသည့်အတွက် ရေရှည်တွင် အခက်အခဲဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆေးနှင့် ကုသဆေးများ ထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောတွင် မျိုးရိုးဗီဇမတူညီသည့် ဗီဇကွဲ ပိုးနှစ်မျိုးကို အခြားနိုင်ငံအချို့တွင် ထပ်မံတွေ့ရှိနေသည်ကို ကြားသိရကြောင်း၊ သို့ဖြစ်၍ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပတ်သက်၍ ပေါ့ပေါ့ဆဆမနေထိုင်ဘဲ အထူးဂရုပြုနေထိုင်ကြရန် လိုအပ်ကြောင်း၊ ကာကွယ်ဆေး၊ ကုသဆေးနှင့် ဆက်စပ်ဆေးဝါးပစ္စည်းများကို အဆင်ပြေလွယ်ကူစွာ ပြည်သူလူထုလက်ဝယ်ရောက်ရှိရေးအတွက် သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ တာဝန်ရှိသူများက ကူညီပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

**ဖော်ထုတ်ဖမ်းဆီးအရေးယူ**

အများပြည်သူ အခက်အခဲဖြစ်ပေါ်စေရန် ရည်ရွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသဆေးနှင့် ဆက်စပ်ဆေးဝါးပစ္စည်းများကို လက်ဝယ်ထားရှိကိုင်ဆောင်ပြီး ကိုယ်ကျိုးစီးပွားအတွက် ဆောင်ရွက်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူရန် ညွှန်ကြားထားပြီးဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများကို နယ်စပ်ဂိတ်များတွင် ဆက်လက်လက်ခံလျက်ရှိ



**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံလျက်ရှိရာ ဩဂုတ် ၉ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်မြို့ရှိ နယ်စပ်ဂိတ်မှ အမျိုးသား ၁၁၀ ၊ အမျိုးသမီး ၁၁၄ ဦး၊ စုစုပေါင်း ၂၂၄ ဦး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်စစ်ဆေးရေးဂိတ် နမ့်ဖာဟော်တံတားမှ အမျိုးသား ၇၄ ဦး၊ အမျိုးသမီး ၄၂ ဦး စုစုပေါင်း ၁၁၆ ဦးနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်စစ်ဆေးရေးဂိတ် ရန်လုံကျိုင်းတံတားမှ အမျိုးသမီး နှစ်ဦးကိုလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်ပုံဆိပ်ကမ်းမှ အမျိုးသား ၁၆၈ ဦး၊ အမျိုးသမီး ၁၂၄ ဦး၊ စုစုပေါင်း ၂၉၂ ဦးကိုလည်းကောင်း အသီးသီး လက်ခံခဲ့သည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေး ခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအား ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာ နေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကျင့်ဝတ်များ

## အဓိကတာဝန်

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၏ ရည်ရွယ်ချက်နှင့်အညီ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးတို့ကို အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိပါသည်။ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ကို ပုံဖော်ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် လွန်စွာအရေးပါသကဲ့သို့ အဖွဲ့အစည်းများအတွင်း ကျင့်ဝတ်ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ လူတစ်ဦးချင်းစီအနေဖြင့် ကျင့်ဝတ်လိုက်နာစောင့်ထိန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းတို့ကို ပဓာနကျသည့်လုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်ရန် လိုအပ်လာပြီ ဖြစ်ပါသည်။ ကော်မရှင်အနေဖြင့်လည်း အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးကဏ္ဍတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်အတွက် ကျင့်ဝတ်လိုက်နာစောင့်ထိန်းသောဝန်းကျင်ကောင်းများ ဖန်တီးပုံဖော်နိုင်ရေးနည်းလမ်းအသွယ်သွယ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## လက်ကိုင်ထားသောကျင့်ဝတ်များ

ကော်မရှင်အနေဖြင့် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၄ ခုနှစ်ကစပြီး သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းလာစေရန်နှင့် အများပြည်သူဘဝ သာယာဝပြောလာစေရန်တို့ကို ရည်ရွယ်၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အများပြည်သူသို့ အသိပညာပေးခြင်းဆိုသည့် နည်းလမ်းသုံးသွယ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပြီး ဝန်ထမ်းများ၏ အရည်အချင်းရှိမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်သိက္ခာရှိမှုနှင့် မှန်ကန်စွာဆောင်ရွက်နိုင်မှုတို့သည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ သို့ဖြစ်၍ ကော်မရှင်အနေဖြင့် ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်စွာရပ်တည်နိုင်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှု၊ အားလုံးပါဝင်နိုင်မှုစသည့် အခြေခံမူ ခြောက်ချက်ပါဝင်သော ကော်မရှင်ကျင့်ဝတ်ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ၂၀၁၈ ခုနှစ် မေလ ၃ ရက်နေ့တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။

ကော်မရှင်ရုံးဝန်ထမ်းများအနေဖြင့် အခြားသောအဖွဲ့အစည်းများမှ ဝန်ထမ်းများထက် ထူးခြားမှုမှာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်းများအပြင် ရှင်းလင်းတိကျသော စည်းမျဉ်းများပါဝင်သည့် ကော်မရှင်ကျင့်ဝတ်ကိုပါ လိုက်နာစောင့်ထိန်းကြရခြင်းပင်ဖြစ်ပါသည်။ ဥပမာ ဖြောင့်မတ်တည်ကြည်မှု စံနှုန်းတစ်ခုအနေဖြင့် ဝန်ထမ်းများအချင်းချင်းကြား လက်ဆောင်ပေးခြင်းအလေ့အထများသည် အမှန်တကယ် အကျိုးစီးပွားပဋိပက္ခများကို သာမက အကျိုးစီးပွားပဋိပက္ခရှိသည်ဟု ထင်မြင်ယူဆခံရနိုင်သည့်အတွက် အထက်အရာရှိအဆင့်ဆင့်သည် လက်အောက်ဝန်ထမ်းများထံမှ လက်ဆောင်လက်ခံခြင်း မပြုရပါ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ကော်မရှင်ရုံးဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုကို ဖြစ်စေသည့် အသေးအဖွဲကိစ္စရပ်များကိုပါ အလေးထားစောင့်ထိန်းသည့်သဘောပင်ဖြစ်ပါသည်။ ထို့ပြင် မိမိ၏ဆုံးဖြတ်ချက်၊ ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်ချက်အားလုံးကို ကျင့်ဝတ်ပါ တာဝန်သိမှု၊ တာဝန်ယူမှုစံနှုန်းများနှင့်အညီ တာဝန်ယူ၊ တာဝန်ခံခြင်းဖြင့် ကော်မရှင်၏ပုံရိပ်ကို မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ကျင့်ဝတ်ပါ မျှတမှုစံနှုန်းများနှင့်အညီ ဆုံးဖြတ်ချက်များချမှတ်ရာတွင် မျှတမှုရှိခြင်း၊ အရည်အချင်းရှိခြင်း၊ ဘက်လိုက်မှုကင်းခြင်းနှင့် အပြန်အလှန်လေးစားခြင်းတို့ကို အခြေခံကာ နိုင်ငံတော်နှင့် ပြည်သူအကျိုးဖြစ်ထွန်းမည့် သုံးသပ်ဆုံးဖြတ်ချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

## ကျင့်ဝတ်နှင့် ခေါင်းဆောင်မှု

အဖွဲ့အစည်းများ၏ ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခေါင်းဆောင်မှု၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးလှပါသည်။ ခေါင်းဆောင်များအနေဖြင့် ကိုယ်တိုင် ကျင့်ဝတ်လိုက်နာစောင့်ထိန်းသင့်သကဲ့သို့ မိမိတာဝန်ယူသည့် အဖွဲ့အစည်းအတွင်း ကျင့်ဝတ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေး၊ ဝန်ထမ်းများကျင့်ဝတ်နှင့်အညီ ပြုမူပြောဆိုနေထိုင်ရေးတို့ကိုလည်း အလေးပေးကြပ်မတ် ဆောင်ရွက်ကြရပါမည်။ ကျင့်ဝတ်နှင့်ညီသော ခေါင်းဆောင်မှု၏ အကျိုးဆက်အနေဖြင့် အဖွဲ့အစည်း၏ ဂုဏ်သိက္ခာတိုးတက်မှုကို ရရှိနိုင်သကဲ့သို့ ဝန်ထမ်းများ၏ရပ်တည်မှုသည်လည်း ကျင့်ဝတ်စောင့်ထိန်းလိုက်နာမှု အလေ့အထဆီသို့ ဦးတည်ကာ အဖွဲ့အစည်း၏ပုံရိပ်ကိုလည်း မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။

## နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ

နိုင်ငံ့ဝန်ထမ်းများသည် တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသဖြင့် **တာဝန်ကျေပွန်စွာထမ်းဆောင်မှု၊ ရိုးဖြောင့်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်ဆောင်ရွက်မှု၊ သာတူညီမျှမှု၊ တန်းတူညီမျှမှု၊ ဘက်လိုက်ခြင်းကင်းမှု စသည့်ကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများကို တန်ဖိုးထားစောင့်ထိန်းတတ်စေရန်**ရည်ရွယ်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများကို အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၂၂ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူဗဟိုပြုသည့်ဝန်ထမ်းများအဖြစ်ရပ်တည်၍ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့်တာဝန်ခံမှု၊ ဘက်လိုက်မှုကင်းခြင်း၊ အဂတိကင်းရှင်းခြင်းနှင့်တရားမျှတစွာ ဆောင်ရွက်ခြင်း စသည့်ကျင့်ဝတ်စံတန်ဖိုးများကို အဓိကလက်ကိုင်ထားတတ်စေရန် ရည်ရွယ်လမ်းညွှန်ထားပါသည်။

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး

နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့် စံတန်ဖိုးများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်ဝတ်စောင့်ထိန်းသော၊ အဂတိတရား ကင်းရှင်းသော နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာစေရေးနှင့် ပြည်သူလူထု၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီဝန်ဆောင်မှုပေးရာတွင် ကျင့်ဝတ်စံတန်ဖိုးများကို လိုက်နာကာ အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် အစိုးရဌာန အဖွဲ့အစည်းများ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် မတ်လမှစတင်ကာ ရှေ့ပြေး စီမံကိန်းအဖြစ် ပြည်ထောင်စုဝန်ကြီးဌာန ၁၄ ခုတွင်သာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များကို စတင်ဖွဲ့စည်းခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဇွန်လအထိ ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၃၃ ခုတို့တွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းပြီးဖြစ်ပါသည်။

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ အဓိကရည်ရွယ်ချက်မှာ အသေးစားအဂတိလိုက်စားမှုများ လျော့နည်းကျဆင်းလာစေရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပြည့်စုံကောင်းမွန်လာစေရေး ဖြစ်ပါသည်။ ဌာနတွင်းဝန်ထမ်းများ၏ ကျင့်ဝတ်ဖောက်ဖျက်မှု၊ အဂတိလိုက်စားမှုများကို ကိုင်တွယ်ဖြေရှင်းရုံသာမက ၎င်းတို့နှင့် လုပ်ငန်းသဘောသဘာဝအရ ဆက်စပ်လုပ်ကိုင်ရသော ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရန်အတွက် ကျင့်ဝတ်ရေးဆွဲထားခြင်း ရှိ/မရှိ စိစစ်ရန်နှင့် ကျင့်ဝတ်ရေးဆွဲထားခြင်းမရှိသော စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်းသော ကိစ္စရပ်များ၌ ရောထွေးလက်ခံဆောင်ရွက်ခြင်းမပြုရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။

## ပြည်သူနှင့်ပူးပေါင်းဆောင်ရွက်မှုများ

ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ

**✦ ဤကော်မရှင်အနေဖြင့် နိုင်ငံတကာစံနှုန်းများအရ ကျင့်ဝတ်နှင့် ညီသော ဖြောင့်မတ်တည်ကြည်မှုကို အခြေခံသန္နိဋ္ဌာန်နှင့် အလေးထားသော အဖွဲ့အစည်းဖြစ်သဖြင့် မှန်ကန်သောကျင့်ဝတ်များ ရေးဆွဲ၍ ကျင့်ဝတ်သိရှိလိုက်နာစောင့်ထိန်းမှု အလေ့အကျင့်ကောင်းများ ပေါ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျင့်ဝတ်နှင့်အညီ သမာသမတ်ကျစွာ ဆောင်ရွက်နိုင်ရေးကို ဦးတည်၍ နိုင်ငံတစ်ဝန်းတွင် အဂတိလိုက်စားမှု မပြန့်ပွားရေးနှင့် ကျင့်ဝတ်ဖောက်ဖျက်မှုအလေ့အထများကို အများပြည်သူနှင့် လက်တွဲတားဆီးဆောင်ရွက်ရန်လို**

## လင်းလက်

၇၂ (ခ) အရ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ၊ သင့်လျော်သော ထိန်းချုပ်မှုနည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်တွင် ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများအတွင်း ကျင့်ဝတ်များ ရေးဆွဲနိုင်ရေးနှင့် အဂတိလိုက်စားမှု ထိန်းချုပ်နိုင်မည့်နည်းလမ်းများ ချမှတ်နိုင်ရန်အတွက် အခြေခံအချက် ရှစ်ချက်ပါဝင်သည့် **အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈** ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုအသွင်အမျိုးမျိုးကို ပွင့်လင်းမြင်သာမှု၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ သိက္ခာရှိမှု၊ တရားမျှတမှုနှင့် ဒီမိုကရေစီနည်းလမ်းများ ကိုင်စွဲ၍ စဉ်ဆက်မပြတ်တိုက်ဖျက်နိုင်ရေးနှင့် အသင်းချုပ်အသင်းဝင်အားလုံးအတွက် ကျင့်ဝတ်များ ပြုစုရေးဆွဲနိုင်ရန် ရည်ရွယ်၍ **“အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ကြေညာချက်”** တစ်ရပ်ကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (Myanmar Centre for Responsible Business) တို့နှင့် ပူးပေါင်း၍ **“မြန်မာကုမ္ပဏီများအတွက် စီးပွားရေးလုပ်ငန်း ကျင့်ဝတ်ဖြောင့်မှန်ရေး၊ ဂုဏ်သိက္ခာဆိုင်ရာလက်စွဲစာအုပ်”** ကိုလည်း ပြုစုခဲ့ပါသည်။

## ကျင့်ဝတ်အခြေခံသန္နိဋ္ဌာန်

ဤကော်မရှင်အနေဖြင့် နိုင်ငံတကာစံနှုန်းများအရ ကျင့်ဝတ်နှင့်ညီသော ဖြောင့်မတ်တည်ကြည်မှုကို အခြေခံသန္နိဋ္ဌာန်နှင့် အလေးထားသော အဖွဲ့အစည်းဖြစ်သဖြင့် မှန်ကန်သောကျင့်ဝတ်များ ရေးဆွဲ၍ ကျင့်ဝတ်သိရှိလိုက်နာစောင့်ထိန်းမှု အလေ့အကျင့် ကောင်းများပေါ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျင့်ဝတ်နှင့်အညီ သမာသမတ်ကျစွာ ဆောင်ရွက်နိုင်ရေးကို ဦးတည်၍ နိုင်ငံတစ်ဝန်းတွင် အဂတိလိုက်စားမှု မပြန့်ပွားရေးနှင့် ကျင့်ဝတ်ဖောက်ဖျက်မှုအလေ့အထများကို အများပြည်သူနှင့် လက်တွဲတားဆီးဆောင်ရွက်ရန် လိုပါသည်။ ကော်မရှင်ကျင့်ဝတ်နှင့်အညီလည်း ဘက်လိုက်မှုကင်းသည့်ကျင့်ဝတ်စံနှုန်းများ လက်ကိုင်ထားကာ ပြည်သူတို့နှင့်အတူလက်တွဲ၍ “အဂတိပယ်ခွာ ပြည်သာယာရေး” ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ရည်ညွှန်းကိုးကားသည့် စာအုပ်/စာစောင်များစာရင်း
- Annual Reports of Anti-Corruption Commission
- ကော်မရှင် ကျင့်ဝတ်
- နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများ
- မြန်မာကုမ္ပဏီများအတွက် စီးပွားရေးလုပ်ငန်း ကျင့်ဝတ်ဖြောင့်မှန်ရေး၊ ဂုဏ်သိက္ခာဆိုင်ရာ လက်စွဲစာအုပ်

# မကွေးလေတပ်စခန်းဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြား

**နေပြည်တော် ဩဂုတ် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်သည်ယနေ့မွန်းလွဲပိုင်းတွင်မကွေးလေတပ်စခန်းဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊မိသားစုဝင်များကို မကွေးလေတပ်စခန်းဌာနချုပ်၌ တွေ့ဆုံအားပေးစကားပြောကြားရာ (ယာပုံ) မကွေးလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)က လက်ရှိနိုင်ငံတွင် ဖြစ်ပေါ်လျက် ရှိသည့် ကိုဗစ်-၁၉ ရောဂါအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာထုတ်ပြန်ထားသည့် စည်းကမ်းများ၊ လမ်းညွှန်ချက်များ၊ နိုင်ငံရေးကိစ္စရပ်များ၊ လုံခြုံရေးကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စများနှင့် ပက်သက်၍ ရှင်းလင်းပြောကြားပြီး မိသားစုဝင်များကို အားပေးစကားပြောကြားနှုတ်ဆက်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တာဝန်ရှိသူများသည် မကွေး လေတပ်စခန်းဌာနချုပ်ရှိ တပ်မတော်လေယာဉ်နှင့် လေယာဉ်ရုံများကို လိုက်လံ စစ်ဆေးသည်။

ဆက်လက်၍ မိသားစုဝင်များကို ထောက်ပံ့နိုင်ရေးအတွက် စိုက်ပျိုး မွေးမြူထားသည့် ဥစားကြက်ခြံ၊ အသားတိုးကြက်ခြံ၊ နို့စားနွားခြံ၊ ဆိတ်မွေးမြူရေးခြံ၊ DYL ဝက်မွေးမြူရေးခြံ၊ Green House စိုက်ပျိုးရေးခြံများကို လိုက်လံကြည့်ရှုရာ တာဝန်ခံအသီးသီးက ရှင်းလင်းဖြေကြားပြီး ကာကွယ်ရေးဦးစီးချုပ်(လေ)က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၀**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိအစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် စိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက် ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ် ကုန်းမြင့်(၁) စိုက်ပျိုးရေးနှင့် မွေးမြူရေးစံပြစခန်းရှိ (ဘရာမင်နှင့်ဒေသနွား)အသားတိုးနွားမွေးမြူ ရေးလုပ်ငန်း၊ (ဖရီရှန်)နို့စားနွားမွေးမြူရေးလုပ်ငန်း၊ ဆိတ်မွေးမြူရေးလုပ်ငန်း၊ DYL အသားတိုးဝက်မွေးမြူရေးလုပ်ငန်း၊ ငါးသားဖောက် မွေးမြူရေးလုပ်ငန်း၊ တစ်သျှူး ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်း၊ ပြောင်းစိုက်ပျိုးရေးလုပ်ငန်း၊ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် နေဗီယာမြက်စိုက်ပျိုးရေး လုပ်ငန်းတို့ကို လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့ မိုင်းလန်းကျေးရွာအုပ်စု၊ ယန်းမွန်ကျေးရွာရှိ အရှေ့မဲခေါင် ဝက်မွေးမြူရေးခြံ၊ တိုင်းစစ်ဌာနချုပ်ရှိ ဥစားကြက်မွေးမြူရေးခြံ၊ နို့စားနွားခြံ၊ ဒေသကြက်မွေးမြူရေးခြံ၊ ဘဲမွေးမြူရေးခြံ၊ ဆိတ်မွေးမြူရေးခြံ၊ တစ်သျှူးငှက်ပျော(ကျောက်စိမ်း) စိုက်ခင်း၊ ရာသီ သီးနှံစိုက်ခင်း၊ နယ်မြေခံတပ်ရင်းရှိ ဥစားကြက်ခြံနှင့် ဒေသကြက်မွေးမြူရေးခြံတို့ကို လည်းကောင်း အသီးသီး သွားရောက် ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ပေးအပ်**

ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများ ဖြစ်ပေါ်ပြီး ဈေးကွက်အတွင်း ရောင်းချရန် အခက်အခဲဖြစ်ပေါ်နေသည့် သီပေါမြို့၊ နောင်ကော်ကြီးကျေးရွာနှင့် စဥ့်အင်ကျေးရွာများ၌ စိုက်ပျိုးထားသော ဒေသခံပြည်သူများ၏ နာနတ်သီးစိုက်ခင်းများမှ နာနတ်သီး အလုံး ၃၀၀၀ ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက သွားရောက်ဝယ်ယူခဲ့ပြီး တပ်မတော်သား မိသားစုဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း စိုက်ပျိုးထုတ်လုပ်မှု၊ မွေးမြူရေး ကုန်ထုပ်လုပ်မှုများကို ဆောင်ရွက်နိုင်ရန်နှင့် စိုက်ပျိုးရေးဓာတုများ အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် မြေဩဇာကြဲပက်ခြင်းနှင့် စိုက်ပျိုးရေးသုံး သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ယန်းလောကျေးရွာ၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု၊ စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ကွင်းသရုပ်ပြဆောင်ရွက်ခြင်းကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ကြပြီး ကွင်းသရုပ်ပြမြေဩဇာ ကြဲပက်နေမှုများကို ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့်အဖွဲ့ လားရှိုးမြို့ ကုန်းမြင့်(၁)စိုက်ပျိုးရေးနှင့်မွေးမြူရေးခြံအား ကြည့်ရှု စစ်ဆေးစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့်အဖွဲ့ ကျိုင်းတုံမြို့ဥစားကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစဉ်။

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ စီမံကိန်း ၂၁ ခုအတွက် တရုတ်နိုင်ငံမှ ရန်ပုံငွေလွှဲပြောင်းပေးအပ်






**နေပြည်တော် ဩဂုတ် ၁၀**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် မြန်မာနိုင်ငံဝန်ကြီးဌာန ၁၁ ခုမှ အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိသော စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ (ယာပုံ) နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင်တို့က လက်မှတ်ရေးထိုးသည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းလက်ခံရရှိသည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်အရာရှိကြီးများနှင့် ရန်ကုန်မြို့ရှိ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၁)တွင် မြန်မာနိုင်ငံမှစီမံကိန်း(၂၂) ခုရရှိခဲ့သော်လည်း၊ "Biosafety level-3 Lab" တည်ဆောက်ရေးစီမံကိန်းအတွက် ရန်ပုံငွေကို ပြည်တွင်းလုပ်ငန်းစဉ်များ ပြီးစီးသည့်အချိန်တွင် လွှဲပြောင်းပေးသွားမည်ဖြစ်ပြီး ကျန်စီမံကိန်း ၂၁ ခု အတွက် အမေရိကန်ဒေါ်လာ (၆ ဒသမ ၁) သန်းကျော်ကို လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် သမားရိုးကျမဟုတ်သော လုံခြုံရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ဆေးထုတ်လုပ်မှု၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တော၊ နယ်စပ်ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ ဘဏ္ဍာရေးနယ်ပယ်တို့တွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မဲခေါင်နိုင်ငံများအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုမည့် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်အောက်တွင် အထူးရန်ပုံငွေကို ၂၀၁၇ ခုနှစ်တွင် ထူထောင်ပေးအပ်ခဲ့ပြီး နှစ်စဉ် မဲခေါင်နိုင်ငံများသို့ နိုင်ငံအလိုက် စီမံကိန်းများ ခွင့်ပြုပေးခဲ့သည်။ မြန်မာနိုင်ငံသည် ၂၀၁၇ နှစ်မှ ၂၀၂၀ ပြည့်နှစ်ကာလအတွင်း စီမံကိန်း ၅၁ ခု၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၆ ဒသမ ၃ သန်းကို လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် Mr. Li Keqiang ၏ စတင်အဆိုပြုချက်အရ မဲခေါင်ဒေသအတွင်းဖွံ့ဖြိုးမှု ကွာဟချက်လျှော့ချရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်လျက် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးစပါး ၊ နွေစပါး နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အနေဖြင့် သဖန်းဆိပ်ရေလှောင်တမံကို အဓိကထားပြီး နွေစပါးသီးနှံကို စိုက်ပျိုးထုတ်လုပ်ခဲ့ရာ မိုးရွာသွန်းမှုလျော့နည်းခဲ့မှုကြောင့် ဆည်များ၏ ရေပေးဝေနိုင်မှုအပေါ် မူတည်၍ ၂၀၁၉ ခုနှစ်မှ စတင်၍ နွေစပါးစိုက်ပျိုးမှု လျော့ကျခဲ့ရကြောင်း၊ သို့ဖြစ်ရာ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အပေါ် ထိခိုက်မှုမရှိစေရန် လာမည့် မိုးစပါးရာသီအတွက် သီးနှံစိုက်စွမ်းအားနှင့် ထုတ်လုပ်မှုပမာဏ တိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများက ထိရောက်သည့် အစီအမံများရေးဆွဲဆောင်ရွက်ရန်လိုအပ်ကြောင်း ယနေ့ နံနက်ပိုင်းက ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးစပါး၊ နွေစပါးနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆည်ရေလေလွင့်မှု မရှိစေရန်နှင့် အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးအတွက် ရေပေးမြောင်း၊ ရေသောက်မြောင်းများအားလုံးတွင် ရေသုံးစွဲသူအဖွဲ့ဝင် တောင်သူများနှင့် ညှိနှိုင်း၍ ရေပေးဝေမှု၊ ရေသုံးစွဲမှုကို စနစ်တကျ စီမံခန့်ခွဲသွားရမည်ဖြစ်ကြောင်း၊ အလားတူ စိုက်နည်းစနစ်များမှန်ကန်ရေး၊ ပိုးမွှားရောဂါ ကျရောက်မှုကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ် နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စရိတ်ကြီးမားသည့် ဓာတ်မြေသြဇာနှင့် သွင်းအားစုများ သုံးစွဲမှု လျှော့ချနိုင်မည့် နည်းပညာများ ဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးစရိတ် အချိန်မီရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းခြင်း၊ သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပေါ်လာပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးနှင့် အချိန်မီ ကုစားနိုင်ရေးအတွက် လိုအပ်သော စက်ကိရိယာများ၊ အရန်မျိုးများ စုဆောင်းထားရှိခြင်း၊ သွင်းအားစုများအပါအဝင် လိုအပ်သော အစီအမံများ ကြိုတင်ဆောင်ရွက်ထားရှိရန်လိုကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ဦးစီးဌာနများအလိုက် ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့ကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်ချက်များ ဖြည့်ဆည်းဆွေးနွေးခဲ့ကြသည်။

ယခုနှစ် မိုးစပါးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး၌ ဆည်ကန်ရေဖြင့် ဧရိယာ ဧက ခြောက်သိန်းခုနစ်သောင်းကျော်၊ မြစ်ရေတင်ဖြင့် ဧက လေးသောင်းရှစ်ထောင်ကျော်၊ မြေအောက်ရေဖြင့် ဧက တစ်သောင်းခုနစ်ထောင်ကျော်၊ မိုးကောင်းသောက်ဖြင့် ဧက ဆယ်သိန်းခုနစ်သောင်းကျော်ဖြင့် စုစုပေါင်း မိုးစပါးဧက တစ်ဆယ့်ရှစ်သိန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်တွေမြို့၌ ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများဆက်လက်ထုတ်ချေး

**စစ်တွေ ဩဂုတ် ၁၀**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်ဘဏ်ခွဲ၊ စစ်တွေမြို့မှ တောင်သူဦးကြီးများအား ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ယနေ့နံနက်ပိုင်းက ဆက်လက် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံစေရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု အထောက်အကူဖြစ်စေရေးအတွက် ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို မိုးစပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းနှင့် အတိုးနှုန်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ ထုတ်ချေးရာတွင် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့နယ် ငတောက်တက်ကျေးရွာအုပ်စုမှ တောင်သူ ၈၂ ဦးအား လယ်ဧက ၄၂၅ ဧကအတွက် ငွေကျပ် ၆၃ ဒသမ ၇၅ သန်း ထုတ်ချေးပေးလျက် ရှိကြောင်း သိရသည်။

စစ်တွေခရိုင်ဘဏ်ခွဲအနေဖြင့် ၂၀၂၁ ခုနှစ်မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ယခင်နှစ် ၂၀၂၀ မိုးချေးငွေ ပြေကျေစွာ ပေးဆပ်ပြီးသူ တောင်သူဦးကြီးများသို့ ဦးစွာထုတ်ချေးပေးလျက်ရှိပြီး ချေးငွေ ထုတ်ချေးပေးနေစဉ်ကာလအတွင်း လာရောက်ပေးဆပ်သူ တောင်သူများကိုလည်း ချေးငွေပေးဆပ်မှုကို လက်ခံ၍ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စစ်တွေခရိုင်ဘဏ်ခွဲမန်နေဂျာ ဦးရဲထွန်းထံမှ သိရသည်။

လက်ရှိတွင် စစ်တွေခရိုင်ဘဏ်ခွဲမှ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ တောင်သူ ၁၅၄၁ ဦးအား လယ်ဧက ၇၉၆၄ ဧကအတွက် ငွေကျပ် ၁၁၉၄ ဒသမ ၆၀ သန်းကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ကျေးရွာမတည်ရန်ပုံငွေ ပြန်လည်ထုတ်ချေးပေး

**ဘီးလင်း ဩဂုတ် ၁၀**

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှု အစီအစဉ်အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကျေးရွာ ၁၈ ရွာကို ချေးငွေများ ဒုတိယအကြိမ် ပြန်လည်ထုတ်ချေးပေးခြင်းကို ဩဂုတ်လ ပထမပတ်နောက်ဆုံးထား၍ ကိုဗစ် - ၁၉ ညွှန်ကြားချက်များနှင့်အညီ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ဘီးလင်းမြို့ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိဝန်ထမ်းများ၊ ကျေးရွာကော်မတီအဖွဲ့ဝင်များက ကျေးရွာများရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် အသင်းသူ အသင်းသားများအား အိမ်တိုင်ရာရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)သို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများနှင့် နေပြည်တော်အိမ်ရာ တည်ဆောက်ရေးအဖွဲ့များမှ အောက်ဆီဂျင်အိုးကြီး လီတာ ၄၀ ဆံ့ အလုံး ၆၀ နှင့် ငွေကျပ် ၁၂၅ သိန်း လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၀**

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ အုပ်ချုပ်မှုဆောင်၊ အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၁ နာရီက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများနှင့် နေပြည်တော်အိမ်ရာ တည်ဆောက်ရေးအဖွဲ့များမှ အောက်ဆီဂျင်အိုးကြီး လီတာ ၄၀ ဆံ့ အလုံး ၆၀ နှင့်အတူ ငွေသား ၁၂၅ သိန်းကျပ် ပေးအပ်လှူဒါန်းပွဲ ပြုလုပ်သည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော် ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အောက်ဆီဂျင်အိုးကြီး လီတာ ၄၀ ဆံ့ အလုံး ၆၀ နှင့်အတူ ငွေသား ၁၂၅ သိန်းကျပ် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၇၅ သိန်း ပေးအပ်လှူဒါန်းရာ **(ယာဘုံ)** ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ငွေစံက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ၂၀၂၁-၂၀၂၂ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများ စိစစ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဩဂုတ် ၂ ရက်မှ ၁၀ ရက်အထိ ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းများက ရေးဆွဲ တင်ပြလာသော ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လအတွက် ဘဏ္ဍာငွေအရ အသုံးခန့်မှန်းခြေ ငွေစာရင်းများကို စိစစ်ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအပါအဝင် ဌာန၊ အဖွဲ့အစည်းများက သတ်မှတ်ချက်နှင့်အညီ ရေးဆွဲတင်ပြလာသော ရငွေ၊ သုံးငွေများကို ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများနှင့်အညီ Virtual စနစ်ဖြင့် အပြန်အလှန်ဆွေးနွေး စိစစ်ခဲ့ပြီး စိစစ်ပြီးစီးသော စာရင်းများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထပ်မံစိစစ်မည် ဖြစ်သည်။



ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များက ရေးဆွဲတင်ပြလာသော အဆိုပါ ခြောက်လအတွက် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများကိုလည်း အလားတူစိစစ်မည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ဒုတိယဝန်ကြီးချုပ်ထံ တင်ပြ၍ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်၏ ထောက်ခံချက်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြအတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် - ၁၉ ကြောင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ ဆက်လက်လည်ပတ်နိုင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့သို့ ထည့်ဝင်ကြေးများပေးသွင်းရာတွင် ခြောက်လနောက်ဆုတ်ပေးသွင်းခွင့်နှင့် ယင်းကာလများအတွက် ပျက်ကွက်ကြေးကင်းလွတ်ခွင့်ပြု

**နေပြည်တော် ဩဂုတ် ၁၀**

အလုပ်သမားဝန်ကြီးဌာန အနေဖြင့် ကိုဗစ် - ၁၉ ရောဂါ၏ နောက်ဆက်တွဲဖြစ်ပေါ်လာသော စီးပွားရေးဂယက်များအရ အကျုံးဝင်မှတ်ပုံတင်ထားသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လူမှုဖူလုံရေးအဖွဲ့သို့ ပေးသွင်းရမည့် ထည့်ဝင်ကြေးများကို သက်ဆိုင်ရာလကုန်ဆုံးပြီး သုံးလ နောက်ဆုတ် ပေးသွင်းနိုင်ရန် ၂၀၂၀ ပြည့်နှစ် မတ်၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၂၀) ထုတ်ပြန်၍ ပျက်ကွက်ကြေးများကို ကောက်ခံခြင်းမပြုဘဲ ဖြေလျှော့ကင်းလွတ်ခွင့်ပြုခဲ့ပြီး ဖြစ်သည်။

**ကင်းလွတ်ခွင့်ပြု**

လက်ရှိ အခြေအနေတွင် ကိုဗစ် - ၁၉ တတိယလှိုင်းကြောင့် ရောဂါကူးစက်ပြန့်ပွားမှု ပိုမိုများပြားလာသဖြင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လုပ်ငန်းဆက်လက် လည်ပတ်နိုင်ရန်နှင့် အာမခံအလုပ်သမားများ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ နစ်နာဆုံးရှုံးမှုမရှိစေရန် ရည်ရွယ်၍ ထည့်ဝင်ကြေးများ ပေးသွင်းရာတွင် ယခင်သက်ဆိုင်ရာလ ကုန်ဆုံးပြီး သုံးလထက် နောက်မကျစေဘဲ ပေးသွင်းခြင်းအစား ၅/၂၀၂၁ လ၏ လုပ်ခလစာအတွက် ပေးသွင်းရမည့် ထည့်ဝင်ကြေးမှစ၍ သက်ဆိုင်ရာလ ကုန်ဆုံးပြီး ခြောက်လထက် နောက်မကျစေပဲ ပေးသွင်းခြင်းအပေါ် ပျက်ကွက်ကြေးများကို ကင်းလွတ်ခွင့်ပြုကြောင်း အလုပ်သမားဝန်ကြီးဌာနမှ ၂၀၂၁ ခုနှစ် ဩဂုတ် ၆ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၃၄၁/၂၀၂၁) ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ခြောက်လ နောက်ကျပေးသွင်းခွင့်ပြု**

အလုပ်သမား ဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့သို့ ထည့်ဝင်ကြေးပေးသွင်းရာတွင် ယခင်က သုံးလ နောက်ကျပေးသွင်းခွင့်ပြုခြင်းအစား ယခုအခါ ခြောက်လ နောက်ကျပေးသွင်းခွင့်ပြုထားပြီး အလုပ်ရှင်များအနေဖြင့် အဆိုပါ နောက်ကျပေးသွင်းရန် ခွင့်ပြုကာလများကို ပျက်ကွက်ကြေးကင်းလွတ်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

● ကျောဖုံးမှ

အရောင်းသွက်လျက်ရှိသည်။

"ပဲစင်းငုံပေါက်ဈေးကတော့ ငါးနှစ်အတွင်းမှာ မကြုံစဖူး ထူးထူးခြားခြားပဲ ထိပ်ဆုံးဈေးကိုရောက်ရှိလာတယ်။ ၂၀၁၇ ခုနှစ်တုန်းက အိန္ဒိယနိုင်ငံရဲ့ ဝယ်ယူမှုက ကန့်သတ်ချက်တွေရှိခဲ့တာကြောင့် ဈေးကွက်ဘောင်ကျင်းလာလို့ သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် သုံးသောင်းအထိ ကျဆင်းခဲ့ရပြီး အဲဒီအချိန်က မြန်မာတောင်သူတွေနဲ့ ကုန်သည်တွေ ဆုံးရှုံးနစ်နာမှုတွေ ကြုံတွေ့ခဲ့ရတယ်။ ဒီနှစ်မှာတော့ အိန္ဒိယက ငါးနှစ်ဆက်တိုက်ဝယ်ယူမယ့် သတင်းတွေကြောင့် တောင်သူတွေအဖို့ အခြေနေကောင်းကို မြင်တွေ့နေရပါပြီ" ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

ထို့ပြင် ပြည်တွင်း၌သာ အဓိကရောင်းချရသည့် ပဲအမျိုးအစားများဖြစ်သော ကုလားပဲ၊ ပဲကြီး၊ ပဲနီပြားနှင့် စားတော်ပဲများမှာ ယခု ကိုဗစ်ကာလအတွင်း ပြည်တွင်းစားသုံးမှု များပြားသည့်အတွက် ဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး လက်ရှိတွင် မန္တလေးဈေးကွက်၌ ပဲကြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၄၀၀၀ နှုန်း၊ ပဲနီပြား သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ နှုန်း၊ စားတော်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းပေါက်ဈေးများရှိကြောင်း သိရသည်။ ယခုကာလသည် ပဲစင်းငုံ စတင်စိုက်ပျိုးသည့် ရာသီဖြစ်ခြင်းကြောင့် တောင်သူများအနေဖြင့် ပြည်ပသို့တင်ပို့ရောင်းချရန် အလားအလာကောင်းများ မြင်တွေ့နေရသည့်အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရန်နှင့် ပဲစင်းငုံစိုက်ဧကများလည်း တိုးချဲ့စိုက်ပျိုးကြရန် လိုအပ်ကြောင်းလည်း ၎င်းက အကြံပြု ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❂ ကျောဖုံးမှ

အနိုင်ရရှိကာ ချန်ပီယံလိဂ်ဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးထားသည့် အသင်းဖြစ်သည်။ ဗီလာရီးရဲအသင်းက ပြီးခဲ့သည့် ရာသီ ယူရိုပါလိဂ်ဖလားဗိုလ်လုပွဲတွင် မန်ယူအသင်းကို ပယ်နယ်တီ အဆုံးအဖြတ်တွင် ၁၁ ဂိုး - ၁၀ ဂိုးဖြင့် အနိုင်ရရှိကာ ယူရိုပါလိဂ်ဖလားကို ဆွတ်ခူး ထားသည့် အသင်းဖြစ်သည်။

ချယ်ဆီးအသင်းသည် ရာသီအကြိုပြင်ဆင်မှုအနေဖြင့် ခြေစမ်းပွဲ သုံးပွဲယှဉ်ပြိုင်ကစားထားရာ စပါးအသင်းနှင့် ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျထားပြီး ဘုန်းမောက်၊ အာဆင်နယ်အသင်းတို့ကို နှစ်ဂိုး-တစ်ဂိုးစီဖြင့် အနိုင်ရရှိထားသည်။ ထို့ကြောင့် ချယ်ဆီးအသင်းသည် ရာသီအကြိုပြင်ဆင်မှုအနေအထားအရ ခြေစွမ်းထက်မြက်နေသည်ကို တွေ့ရသည်။ ပြိုင်ဘက် ဗီလာရီးရဲအသင်း၏ ရာသီအကြိုပြင်ဆင်မှုကို ကြည့်လျှင် လေးပွဲယှဉ်ပြိုင်ကစားထားပြီး နိုင်ပွဲမရရှိဘဲ လီဗန်တေး၊ လိဒ်စ်အသင်းတို့နှင့်ပွဲစဉ်တွင် သရေကျထားပြီး မာဆေးလ်၊ လက်စတာ အသင်းတို့နှင့် ပွဲစဉ်တွင် ရှုံးနိမ့်ထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ဗီလာရီးရဲအသင်း၏ ရာသီအကြိုပြင်ဆင်မှုမှာ ခြေစွမ်းအကျဘက် ရောက်နေသည်ကို သတိပြုရမည်။

ထို့ကြောင့် ယူအီးအက်ဖ်အေ စူပါဖလားကို မည်သည့်အသင်းက ကိုင်မြှောက်ခွင့်ရရှိပြီး ရာသီသစ်ကို ဖွင့်လှစ်သွားမလဲဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ **အောင်ဇော်**

# ခေါင်းဆောင်တို့၏ နိုင်ငံနှင့်လူမျိုးအတွက် ဆောင်ရွက်ချက်များ

**အောင်ဇေယျ**

**နိဒါန်း**

**အစိုးရခေါင်းဆောင်သည် နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးရပါသည်။ အမျိုးသားအကျိုးစီးပွားကို အကောင်အထည်ဖော်ရပါသည်။ စာရေးသူတို့ ကြုံခဲ့သော အစိုးရခေါင်းဆောင်များမှာ ဦးနု၊ ဗိုလ်ချုပ်ကြီး နေဝင်း (ဦးနေဝင်း)၊ ဗိုလ်ချုပ်မှူးကြီး စောမောင်၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဦးသိန်းစိန်၊ ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ ဖြစ်ကြသည်။ (မှတ်ချက်။ NLD အစိုးရလက်ထက်တွင် သမ္မတနှစ်ယောက်မှာ ရုပ်ပြမျှသာဖြစ်၏။ အမှန်တကယ် အာဏာရယူအုပ်ချုပ်သူမှာ ဒေါ်အောင်ဆန်းစုကြည်ဖြစ်၏။ ထို့ကြောင့် သူ့နာမည်ကို ထည့်ပေးထားခြင်း ဖြစ်သည်။ စင်စစ် သူသည် နိုင်ငံ့ခေါင်းဆောင်၊ အစိုးရခေါင်းဆောင်မဟုတ်။ လူထုခေါင်းဆောင်မမည်။ NLD ပါတီ ခေါင်းဆောင်မျှသာ ဖြစ်သည်။)**

လူ့သဘာဝမှာ အားနည်းချက်ကို မြင်လွယ်၍ အားသာချက်ကို မြင်ခဲ၏။ အဆိုးကို ဝေဖန်၍ အကောင်းကို ချီးမွမ်းရန် ဝန်လေးကြ၏။ ဤဆောင်းပါးတွင် အစိုးရခေါင်းဆောင်အဆက်ဆက်၏ နိုင်ငံနှင့်လူမျိုးအတွက် ပြောစမှတ်ပြုရသော သမိုင်းဝင်ဆောင်ရွက်ချက်များကိုသာ ရွေးချယ်တင်ပြ ဂုဏ်ပြုလိုပါသည်။

> **○မြန်မာ့မြေပေါ်တွင် နိုင်ငံခြားတပ်စခန်းချခွင့် မပြုချေ။ အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO) မဝင်ချေ။ ဘက်မလိုက် ကြားနေဝါဒကို ကျင့်သုံးခဲ့သည်။ ထို့ပြင် ယနေ့တိုင် ကမ္ဘာတွင်ထင်ရှားသော "ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီးငါးချက်" ကို ၁၉၅၄ ခုနှစ်တွင် တရုတ်သမ္မတ ချူအင်လိုင်းနှင့် ပူးတွဲကြေညာခဲ့သည်။ ပထဝီနိုင်ငံရေးနှင့်ကိုက်ညီသော နိုင်ငံခြားရေးဝါဒကို ရွေးချယ်သဖြင့် မြန်မာနိုင်ငံသည် မြေပုံမပျက် ရပ်တည်နိုင်ခဲ့**

**ဦးနု**

လွတ်လပ်ရေးရပြီးသောအခါ ဦးနုသည် ဖဆပလအစိုးရ၏ ဝန်ကြီးချုပ်ဖြစ်လာသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပြီးစ အရှေ့၊ အနောက်အုပ်စု နှစ်ခုပေါ်ပေါက်အားပြိုင်ချိန် ဖြစ်သည်။ အမေရိကန်က တရုတ်ကို သူ၏မဟာမိတ်နိုင်ငံများဖြစ်ကြသော ဂျပန်၊ ဖိလစ်ပိုင်၊ ကိုရီးယား၊ ဗီယက်နမ်၊ ထိုင်းတို့ဖြင့် Containment Policy ကို အသုံးချကာ ဝိုင်းပတ်ထိန်းချုပ်ထား၏။ ထိုအထဲတွင် တရုတ်၏ အနောက်ထွက်ပေါက်ဖြစ်သော မြန်မာမပါချေ။ မြန်မာ့မြေပေါ်တွင် နိုင်ငံခြားတပ်စခန်းချခွင့် မပြုချေ။ အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO) မဝင်ချေ။ ဘက်မလိုက် ကြားနေဝါဒကို ကျင့်သုံးခဲ့သည်။ ထို့ပြင် ယနေ့တိုင် ကမ္ဘာတွင်ထင်ရှားသော "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးချက်" ကို ၁၉၅၄ ခုနှစ်တွင် တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းနှင့် ပူးတွဲကြေညာခဲ့သည်။ ပထဝီနိုင်ငံရေးနှင့်ကိုက်ညီသော နိုင်ငံခြားရေးဝါဒကို ရွေးချယ်သဖြင့် မြန်မာနိုင်ငံသည် မြေပုံမပျက် ရပ်တည်နိုင်ခဲ့သည်။ အကယ်၍ အနောက်ယိမ်းခဲ့သော် တရုတ်နှင့် နယ်နိမိတ်ထိစပ်နေသော ကိုရီးယားနှင့် ဗီယက်နမ်ကဲ့သို့ ကြားခံ (buffer) အထားခံရပြီး နှစ်ပိုင်းကွဲမည်မှာ သေချာ၏။

ဦးနုလက်ထက်တွင် သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာအား မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ၁၇-၅-၁၉၅၄ မှ ၂၂-၅-၁၉၅၆ အထိ ကျင်းပခဲ့သည်။ ပိဋကတ်တော်များကို သံဃာတော်အများ စုပေါင်းညှိနှိုင်းရွတ်ဆိုကာ အပိုအလိုမရှိ သန့်စင်ခဲ့သည်။ မြန်မာနိုင်ငံကို ထေရဝါဒဗုဒ္ဓဘာသာ ရှေ့ဆောင်နိုင်ငံအဖြစ်သို့ ပို့ဆောင်ပေးခဲ့သည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ နိုင်ငံတော်ပရိယတ္တိ သာသနာပြုတက္ကသိုလ်များနှင့် နိုင်ငံအဝန်းရှိ ပရိယတ္တိစာသင်တိုက်များတွင် "ဆဋ္ဌမူ"နှင့် ကိုက်ညီသော ကျမ်းများကိုသာ သင်ကြားပေးသောကြောင့် ဗုဒ္ဓ၏တရားအဆီအနှစ်များကို မြန်မာနိုင်ငံ တစ်နိုင်ငံတည်းမှာသာ သင်ယူလေ့လာနိုင်ကြသည်။

**ဗိုလ်ချုပ်ကြီးနေဝင်း (ဦးနေဝင်း)**

လွတ်လပ်ရေးရပြီး သုံးလနီးပါးအကြာ ၁၉၄၈ ခုနှစ် မတ်လတွင် ကွန်မြူနစ်ပါတီ တောခို၏။ တပ်ရင်းအချို့ သူပုန်နှင့်ပူးပေါင်းသွားသည်။ ထိုနှစ် ဇူလိုင်လတွင် ကေအင်ဒီအိုက သထုံကို သိမ်းပြီး ဖဆပလအစိုးရကို စတင်ပုန်ကန်သည်။ ကရင်တပ်ရင်းများ ပါသွားပြန်သည်။ ပြည်နှင့် တောင်ငူ စစ်ကြောင်းနှစ်ခုဆုံပြီး ရန်ကုန်ကို သိမ်းပိုက်ရန်မှာ ကေအင်ဒီအို၏ရည်မှန်းချက်ဖြစ်သည်။ သူ့နောက်မှာ လွတ်လပ်ရေးပေးလိုက်ရသည်ကို ကြိတ်မနိုင် ခဲမရဖြစ်နေသော ဗြိတိန်ရှိသည်။ ရန်ကုန်အစိုးရဟု ကမ္ဘာက လှောင်ပြောင်ကြသည်။ ရန်ကုန်ကျလျှင် ဖဆပလအစိုးရ ကွယ်ပျောက်သွားပြီး နိုင်ငံ့ကံကြမ္မာသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားပေလိမ့်မည်။

ထိုအချိန်က ဗိုလ်ချုပ်ကြီး နေဝင်းသည် ဖဆပလအစိုးရ၏ ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည်။ လက်ကျန်တပ်ရင်း အနည်းငယ်ဖြင့် ဖြန့်ခွဲခုခံနေရသည်။ လဲဗီးတပ်များကို အရေးပေါ်ဖွဲ့စည်းရသည်။ လက်နက်တပ်ဆင်ရသည်။ အရေးကြီးသောစစ်မျက်နှာတွင် ရေတပ်သင်္ဘောပေါ်မှ ဘိုဖာအမြောက်ကို ကုန်းပေါ်တင်၍ ပစ်ကူပေးခိုင်းရသည်။ တိုက်လေယာဉ်မရှိသောကြောင့် လေ့ကျင့်ရေးလေယာဉ်ပေါ်မှ လက်လုပ်ဗုံးများကို လက်ဖြင့်ကိုင်ပြီး ကြဲချရသည်။ ရခိုင်စစ်မျက်နှာမှ တပ်ရင်းကို လေယာဉ်ဖြင့်ခေါ်၍ အင်းစိန်စစ်မျက်နှာသို့ အားဖြည့်ပေးရသည်။ မန္တလေးနှင့် ပြင်ဦးလွင်ဘက်မှ သူပုန်တပ်များ တောင်ငူစစ်ကြောင်းနှင့် မပေါင်းနိုင်အောင် အစိုးရတပ်ပေါင်းစုကသာစည်မှ ဟန့်စစ်ဆင်၍ အရေးပါသောရထားလမ်းကို ဖြတ်တောက်ထားသည်။ နောက်ဆုံး ကေအင်ဒီအို ပင်မစစ်ကြောင်းနှစ်ခုကို ချေမှုန်း၍ အင်းစိန်စစ်မျက်နှာမှာ အသာစီးရခဲ့သည်။ ဤသို့ဖြင့် အစိုးရတပ်မတော်က အဆမတန်အင်အားများသော ရောင်စုံသောင်းကျန်းသူများ၏ စစ်ဗျူဟာကိုရိုက်ချိုး၍ ဖဆပလအစိုးရကို ရန်ကုန်အစိုးရအဖြစ်မှ ကယ်တင်နိုင်ခဲ့သည့်အပြင် မြို့ရွာများကို ပြန်လည်သိမ်းပိုက်ကာ သောင်းကျန်းသူများကို အစွန်အဖျား တောတောင်ကြားသို့ မောင်းထုတ်နိုင်ခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ အခြားနိုင်ငံကာကွယ်ရေးစွမ်းဆောင်ချက် နှစ်ခုမှာ အမေရိကန်၏စီမံထောက်ပံ့မှုဖြင့် မြန်မာ့မြေပေါ် ခြေကုပ်ယူ၍ တရုတ်နိုင်ငံကို ထိပါးမည့် တရုတ်ဖြူကူမင်တန်တပ်များ (KMT) ကို အပြီးအပိုင်မောင်းထုတ်နိုင်ခြင်းနှင့် ရခိုင်ပြည်နယ်ထဲမှ နယ်မြေတောင်းဆိုသော မွတ်စလင် မူဂျာဟစ်သူပုန်များကို လက်စတုံးချေမှုန်းနိုင်ခြင်း ဖြစ်သည်။ ထိုနှစ်ဖွဲ့၏နောက်တွင် ပြည်ပကျောထောက် နောက်ခံများရှိသည်။ တပ်မတော်က တိုက်ထုတ်ချေမှုန်းလိုက်ပြီးနောက်၎င်းနှစ်ဖွဲ့ ထပ်မံပေါ်မလာတော့ချေ။

၁၉၅၈ ခုနှစ်က အာဏာစွန့်လွှတ်လိုက်ရသောကြောင့် မကျေနပ်သောစော်ဘွားတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၄၇) ၏ အားနည်းချက်ကို အခွင့်ကောင်းယူလျက် ၁၉၆၂ ခုနှစ်တွင် ပထစ အစိုးရထံ ဖက်ဒရယ်မူကိုတင်ကာ ပြည်နယ်ခွဲထွက်ရန် ကြိုးပမ်းလေသည်။ ပထစအစိုးရနှင့် အတိုက်အခံပါတီများက တစ်ဖက်၊ ခွဲထွက်လိုသော စော်ဘွားများက တစ်ဖက် အသံလွှင့်ရုံ၌ တွေ့ဆုံဆွေးနွေးညှိနှိုင်းကြသော်လည်း မပြေလည်ချေ။ အစိုးရလက်ဝယ်ရရှိထားသော အထောက်အထားအရ စော်ဘွားများသည် ဖက်ဒရယ်မူ မအောင်မြင်လည်း ခွဲထွက်မှာ သေချာနေ၏။ ထို့ကြောင့် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော တပ်မတော်က အပြီးသတ်ဆွေးနွေးမည့် မတ်လ ၇ ရက် မတိုင်မီ အာဏာသိမ်း (coup) လိုက်ရ၏။ ခြေဥ (၄၇) ကို ဖျက်သိမ်း၍ ဆိုရှယ်လစ်လမ်းစဉ် ပြောင်းသွား၏။

ဗိုလ်ချုပ်ကြီးနေဝင်းသည် ယခုမှ နိုင်ငံ့ခေါင်းဆောင်ဖြစ်လာသည်။ ရှေ့တွင် တင်ပြခဲ့သော နိုင်ငံကာကွယ်ရေးစွမ်းဆောင်ချက်များသည် ကာကွယ်ရေး ဦးစီးချုပ်ဘဝဖြင့် လုပ်ဆောင်ခဲ့ခြင်းများ ဖြစ်သည်။

**အကယ်၍ အာဏာမသိမ်းခဲ့သော် နိုင်ငံ့ကြမ္မာ မည်သို့ရှိအံ့နည်း။ စော်ဘွားများက ပြည်နယ်ခွဲထွက်မည်။ အနောက်အုပ်စုက အသိအမှတ်ပြုမည်။ အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO) ဝင်မည်။ အမေရိကန်ခေါင်းဆောင်သော ဆီးတိုးတပ်ဖွဲ့များ ချက်ချင်းရောက်လာမည်။ အားလုံးလက်ဝါးရိုက်ပြီးသား။ ခွဲထွက်နိုင်ငံသည် တရုတ်နှင့် နယ်နိမိတ်ထိစပ်နေရကား၊ တရုတ်ကြီးက သူ့နယ်စပ်မှာ အနီကယ်ဆမ် အရောက်ခံပါ့မည်လား။ ကိုရီးယားနှင့် ဗီယက်နမ်က သင်ခန်းစာပေးနေသည်။ အချိန်မီ အာဏာသိမ်းလိုက်သောကြောင့် ကိုရွှေမြန်မာတို့ နောင်တဆိုတာ ဖြစ်မလာသဖြင့် အာဏာသိမ်းမှု၏ တန်ဖိုးကို မသိကြတော့ချေ။**

ရန်ကုန်အစိုးရအချိန်တုန်းက အရေးတကြီးလိုအပ်သော လက်နက်ခဲယမ်းများကို အနောက်ကရော အရှေ့ကပါ မရောင်းသောကြောင့် အကျပ်ရိုက်ခဲ့ဖူး၏။ မိတ်ဆွေပီသသော အိန္ဒိယက ကူညီသောကြောင့်သာ အသက်ရှူပေါက် ချောင်ခဲ့ရသည်။ ဤသင်ခန်းစာကို ဗိုလ်ချုပ်ကြီးနေဝင်း ယူသည်။ အခါအခွင့်သင့်သောအခါ ဂျာမနီ၏အကူအညီဖြင့် လက်နက်ခဲယမ်းစက်ရုံများကို လျှို့ဝှက်တည်ဆောက်ခဲ့လေသည်။ ထိုအချိန်မှစတင်၍ မြန်မာ့တပ်မတော်သည် စစ်လက်နက်ပစ္စည်းနှင့်ပတ်သက်၍ ကိုယ့်ခြေထောက်ပေါ် ရပ်တည်နိုင်အောင် ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့သည်။ ယနေ့ဆိုလျှင် တပ်မတော်၏ ကာကွယ်ရေးပစ္စည်းထုတ်လုပ်သောအဆင့်မှာ အလွန်မြင့်မားလျက်ရှိနေပြီ။

ဗိုလ်ချုပ်ကြီးနေဝင်း (ဦးနေဝင်း) သည် နိုင်ငံနှင့်လူမျိုးအတွက် အလွန် တန်ဖိုးရှိသော ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါသေးသည်။ ၎င်းမှာ လူမျိုးခြား၊ ဘာသာခြားတို့၏ ဝါးမျိုမှုမှ အကာအကွယ်ပေးသော နိုင်ငံသားဥပဒေ (၁၉၈၂) ဖြစ်သည်။ ၎င်းဥပဒေက အနောက်တံခါးကို လုံခြုံစွာခတ်ပေးထားသော သော့ခလောက်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ လိုအပ်ချက်နှင့်အညီ ရေးဆွဲထားသော ဥပဒေတစ်ရပ်ကို နိုင်ငံတကာထုံးစံ မရှိစွာ ဝိုင်းဝန်းအပြင်ခိုင်းကြရသည်အထိ ဤဥပဒေ၏ သက်ရောက်မှုမှာ အားကောင်းလှပေ၏။ ဦးနေဝင်း၏ အမြော်အမြင်ရှိမှုကြောင့် မြန်မာနိုင်ငံကို အစ္စလာမ်နိုင်ငံအဖြစ် အသွင်ပြောင်းလိုသော အစ္စလာမ္မစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC)၊ ပေါက်ကွဲသောလူဦးရေနှင့် နောင်အနှစ် ၃၀-၄၀ ကြာလျှင် ပင်လယ်ရေအောက် ရောက်သွားလိမ့်မည်ဟု ခန့်မှန်းထားသော မြေအတွက် ရခိုင်မြောက်ပိုင်းကို လိုချင်နေသော ဘင်္ဂါလီတို့၏မူရင်းနိုင်ငံ ဘင်္ဂလားဒေ့ရှ်၊ OIC ၏အိတ်ကပ်ထဲမှ ကုလသမဂ္ဂ၊ OIC ၏ဩဇာခံ အာဏာလက်လွှတ်သွားသော NLD အစိုးရတို့ ယနေ့ထက်တိုင်အောင် အခက်တွေ့နေကြ၏။ သို့တိုင်အောင် မဲခိုးမှုကြောင့် အာဏာလက်လွှတ်သွားသော NLD အစိုးရက ၎င်းလက်ထက် ငါးနှစ်အတွင်းတွင် ၈၂ နိုင်ငံသားဥပဒေကို ရှောင်ကွင်းပြီး လမ်းဖောက်ရန် ကြိုးစားခဲ့ပါသေးသည်။ လမ်းမပေါက်ခင် ပြုတ်ကျသွားသဖြင့် "နစက" ကို ကျေးဇူးတင်ရပါ၏။

**ဗိုလ်ချုပ်မှူးကြီး စောမောင်**

ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးနောက် ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့သော ဆိုရှယ်လစ်လမ်းစဉ်ကို ရွေးချယ်ခဲ့သော်လည်း မအောင်မြင်ချေ။ ၁၉၈၈ အရေးအခင်းကို ကျောင်းသားအရေးမှ လူထုအရေးသို့ အသွင်ပြောင်းပေး၍ ဒေါ်အောင်ဆန်းစုကြည်ကို ဆွဲတင်ပေးခဲ့သော အရှေ့ယူဂျီအုပ်စုနှင့် အရေးအခင်းအရှိန်ရလာမှ အမေရိကန်၊ ဗြိတိန်နောက်ခံဖြင့် ယူဂျီနှင့် အပြိုင်လှုပ်ရှားလာသော အနောက်အုပ်စုတို့၏ အပြီးသတ်အာဏာအပြိုင်လုမည့်ပွဲအဖြစ် ရှုမြင်သူမရှိသလောက် ရှားပေ၏။

ထိုအချိန်က မြန်မာ့ရေပိုင်နက်ထဲသို့ အမေရိကန်ရေတပ်အုပ်စု ကျူးကျော်ဝင်ရောက်ခဲ့၏။ အနောက်အုပ်စု ကျောထောက်နောက်ခံ ကေအင်န်ယူက မဲသဝေါတပ်စခန်းကို ရက်ရှည်ထိုးစစ်ကြီး ဆင်နွှဲ၏။ ဗကပက မိုင်းယန်းတပ်စခန်းကို မီးကုန်ယမ်းကုန်တိုက်စစ်ဖွင့်၏။ လေတပ်က လေကြောင်း ပစ်ကူပေးရ၏။

*စာမျက်နှာ ၁၁ သို့*

# ဟားခါးမြို့ ပြည်သူ့ဆေးရုံအတွက် တပ်မတော်မှ လှူဒါန်းသည့် အောက်ဆီဂျင် Plant ရောက်ရှိ

ဟားခါး ဩဂုတ် ၁၀

**ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ အောက်ဆီဂျင်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် တပ်မတော်မှ လှူဒါန်းသည့် အောက်ဆီဂျင် Plant သည် ဩဂုတ် ၉ ရက်တွင် ဟားခါးမြို့ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုကြသည်။**

ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးတွင် လက်ရှိ အောက်ဆီဂျင် Plant မှ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင် ၁၂ လုံး ထုတ်လုပ်မှုအခြေအနေ၊ ချင်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးကြီး အလုံး ၃၀၀ မှာယူသည့်အနက် အလုံး ၂၀၀ ရောက်ရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာ အောင်မြင့်ဦးက ရှင်းလင်းပြသပြီး ပြည်နယ်ဝန်ကြီးချုပ်က ယခု ရောက်ရှိလာသည့် အောက်ဆီဂျင် Plant ကို အမြန်ဆုံးတပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။

ယခု အသစ်ရောက်ရှိလာသည့် အောက်ဆီဂျင် Plant တပ်ဆင်ပြီးစီးပါက တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၄ လုံးဖြည့်ဆည်းပေးနိုင်မည်ဖြစ်သောကြောင့် ဟားခါးပြည်သူ့ဆေးရုံကြီးအတွက် အောက်ဆီဂျင် လိုအပ်ချက်ကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက် )

*စာမျက်နှာ ၁၀ မှ*

မြန်မာ့တပ်မတော်သည် မြို့ပေါ်ဆန္ဒပြဆူပူမှုများကို ထိန်းရသည့်အပြင် တင်ပြပါ စစ်မျက်နှာနှစ်ခု၌ အပြင်းအထန်ခုခံနေရသည်။ အကယ်၍ မြို့ပေါ်ကို မထိန်းနိုင်ဘဲ မဆလအစိုးရယန္တရား လုံးဝပျက်သွားလျှင်...၊ စစ်မျက်နှာနှစ်ခု ကျိုးပေါက်သွားလျှင်....၊ စစ်တပ်က စစ်တပ်အလုပ်ပဲ လုပ်နေလျှင်... နိုင်ငံ့ကံကြမ္မာကား မတွေးဝံ့စရာပင်။ ဖြစ်မလာ၍ ဘာဖြစ်လိမ့်မည်ဟု တိတိကျကျ မပြောနိုင်သော်လည်း အမေရိကန်နှင့် တရုတ် အုပ်စုကြီးနှစ်ခုအကြားတွင် ကျွဲနှစ်ကောင်ကြားမှ မြေစာပင်ကဲ့သို့ မလှမပဖြစ်သွားမည်ကား မုချ။ ထို့ကြောင့် ဗိုလ်ချုပ်မှူးကြီး စောမောင် ခေါင်းဆောင်သော တပ်မတော်သည် မဆလအစိုးရထံမှ နိုင်ငံတော်အာဏာကို သိမ်းယူ (coup) လိုက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄) ကို ဖျက်သိမ်းကာ ပြည်သူလိုလားသော ပါတီစုံဒီမိုကရေစီစနစ်သို့ ဦးတည်ရေးရှုခဲ့သည်။ ၁၈-၉-၈၈ ရက်နေ့ အာဏာသိမ်းပြီးနောက် နဝတ၏ ပထမဆုံးကြေညာချက် ၁/၈၈ ၏ စတုတ္ထအချက်တွင် "အထက်ပါလုပ်ငန်းများ ပြီးစီးပါက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပေးရေး" ဟု ပါရှိ၏။

**ဗိုလ်ချုပ်မှူးကြီး သန်းရွှေ**

ဗိုလ်ချုပ်မှူးကြီး စောမောင် နောက်ဆက်ခံသော ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လက်ထက်တွင် "အခြေခံအဆောက်အအုံ" နှင့် "နိုင်ငံရေးစနစ်ပြောင်းလဲမှု"ကို အချိန်ယူလုပ်ပေးနိုင်ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကားလမ်း၊ ရထားလမ်း၊ တံတား (ဧရာဝတီဖြတ်ကူးတံတားများ အပါအဝင်) တာတမံ၊ ဆည်မြောင်း၊ ရေအားလျှပ်စစ်အစရှိသည်တို့ကို နိုင်ငံအဝန်း တည်ဆောက်ပေးခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆေးရုံ၊ ဆေးပေးခန်းနှင့် တက္ကသိုလ်၊ ကောလိပ်များ ဆောက်လုပ်ပေးခဲ့သည်။ နေပြည်တော်ကို အုပ်ချုပ်ရေးမြို့တော်အဖြစ် တည်ဆောက်ရာတွင် အနာဂတ်နိုင်ငံရေးစနစ်အတွက် လွှတ်တော်အဆောက်အအုံများကို တခမ်းတနားထည့်သွင်းဆောက်လုပ်ပေးခဲ့သည်။ သူ့ခေတ်ကို တည်ဆောက်ရေးခေတ်ဟု ဆိုနိုင်သည်။ နောက်အစိုးရအတွက် အမွေခံကောင်းများ ထားရစ်ခဲ့သည်။ ဤအခြေခံအဆောက်အအုံများကို တည်ဆောက်နေချိန်သည် အမေရိကန်၏ Sanction ရှိနေချိန်ဖြစ်ကြောင်းနှင့် Sanction လုပ်ဖို့တောင်းဆိုသူက တောင်းဆိုနေချိန်ဖြစ်ကြောင်း သတိပြုရာသည်။

သူ၏ သမိုင်းဝင်နိုင်ငံရေးစနစ်ပြောင်းလဲမှုမှာ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန်မဖြစ်နိုင်သောအခါ အမျိုးသားညီလာခံဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အဖုအထစ်ကြားမှ ပြီးစီးအောင် ရေးဆွဲအတည်ပြု၍ ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပကာ အနိုင်ရပါတီကို တပ်မတော်အစိုးရ (နယက) က အာဏာလွှဲအပ်ခြင်းဖြင့် နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့ခြင်းဖြစ်သည်။ စင်စစ် နဝတ၏ ၁/၈၈ နောက်ဆုံးအချက်ကို အကောင်အထည်ဖော်ပေးခြင်းဟု ဆိုနိုင်သည်။ အာရပ်နွေဦးကို အကောင်အထည်ဖော်သောနိုင်ငံများ ပြဿနာအဖုံဖုံဖြင့် အခက်ကြုံနေရချိန်တွင် မြန်မာ့နိုင်ငံရေး အကူးအပြောင်းမှာ ချောမွေ့ညင်သာလှပေ၏။

**ဦးသိန်းစိန်**

ပါတီစုံဒီမိုကရေစီစနစ်၏ ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် ပြည်ခိုင်ဖြိုးအစိုးရအဖွဲ့ကို ခေါင်းဆောင်သူမှာ သမ္မတ ဦးသိန်းစိန်ဖြစ်သည်။ သူသည် ငါးနှစ်အတွင်း ပြောင်းလဲတိုးတက်မှုအတော်အတန်ပြုလုပ်ခဲ့သည်။ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အခြေတကျ ရွေ့လျားနိုင်ခဲ့သည်။ သို့သော် မမျှော်လင့်သော အားပြိုင်ပွဲတိုက်မှုကြောင့် ထင်သလောက် ခရီးမပေါက်ခဲ့ချေ။ မည်သို့ဆိုစေ သူ့လက်ထက်တွင် နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး ထူးခြားမှုနှစ်ခုကို တွေ့ရသည်။

ပထမတစ်ခုမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် သူ့ပါတီကို လွှတ်တော်ထဲရောက်အောင် လမ်းဖွင့်ပေးခြင်းဖြစ်သည်။ ကျားသေကို အသက်မသွင်းရန် ပါတီတွင်းဆန့်ကျင်ဝေဖန်မှုကို လျစ်လျူရှု၍ မတူညီသည်ကို အသာထားပြီး တူညီသည်များဖြင့် နိုင်ငံ့အကျိုးကို ပူးပေါင်းလုပ်ဆောင်နိုင်လိမ့်မည်ဟု ရိုးသားစွာယုံကြည်ကမ်းလှမ်းခဲ့ပုံရသည်။ နောက်ရှုထောင့်တစ်ခုမှာ လူ့အကြောင်းသိချင်လျှင် အာဏာပေးကြည့်ပါ ဟူသော အဆိုအတိုင်း မှတ်ကျောက်တင်ကြည့်ခြင်းဖြစ်နိုင်သည်။ နိုင်ငံရေးစွန့်စားမှုတော့ယူရသည်။ မှတ်ကျောက်တင်လိုက်သောအခါ ပါတီခေါင်းဆောင်အပါအဝင် NLD ရွှေတုံးကြီးသည် ဒုတိယလွှတ်တော်သက်တမ်းအတွင်းမှာပင် တဖြည်းဖြည်းကြေးကွက်ကျားပေါ်လာပြီး ယခုအခါ သုံးစားမရသော ရွှေရည်စိမ်ကြီး ဖြစ်နေပေပြီ။

ဦးသိန်းစိန်၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက်မှာ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၁ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်များကို ဖိတ်ခေါ်ဆွေးနွေး၍ သဘောတူညီချက်များကို စုပေါင်းထားသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီ အနိုင်မရသောကြောင့် သူသည် ငြိမ်းချမ်းရေးကိစ္စကို ဆက်မလုပ်နိုင်တော့ချေ။

**ဒေါ်အောင်ဆန်းစုကြည်**

ဒုတိယ လွှတ်တော်သက်တမ်းတွင် NLD အစိုးရတက်လာသည်။ ငါးနှစ်အတွင်း ဦးထင်ကျော်နှင့် ဦးဝင်းမြင့် သမ္မတနှစ်ဆက် ပြောင်းသည်။ သူတို့သည် ရုပ်ပြမျှသာဖြစ်၏။ ပြည်ထောင်စုလွှတ်တော်က ခန့်အပ်သော ဒုတိယသမ္မတနှစ်ဦး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်က ခန့်အပ်သော လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယလွှတ်တော်ဥက္ကဋ္ဌများထက် အဆင့်နိမ့်ပြီး သမ္မတကခန့်အပ်ရသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မပါဝင်သော အတိုင်ပင်ခံရာထူးရှင် ဒေါ်အောင်ဆန်းစုကြည်က တရားဝင်ဝါစဉ်တွင် ဒုတိယနေရာမှလည်းကောင်း၊ တရားမဝင်ဝါစဉ်တွင် နိုင်ငံတော်သမ္မတအထက် (ပထမ+၁) နေရာမှလည်းကောင်း အခန့်သားနေရာယူကာ နိုင်ငံတော်ကို အုပ်ချုပ်လေ၏။

> ❑ **နေပြည်တော်ကို အုပ်ချုပ်ရေးမြို့တော်အဖြစ် တည်ဆောက်ရာတွင် အနာဂတ်နိုင်ငံရေးစနစ်အတွက် လွှတ်တော်အဆောက်အအုံများကို တခမ်းတနားထည့်သွင်းဆောက်လုပ်ပေးခဲ့သည်။ သူ့ခေတ်ကို တည်ဆောက်ရေးခေတ်ဟု ဆိုနိုင်သည်။ နောက်အစိုးရအတွက် အမွေခံကောင်းများ ထားရစ်ခဲ့သည်။ ဤအခြေခံ အဆောက်အအုံများကို တည်ဆောက်နေချိန်သည် အမေရိကန်၏ Sanction ရှိနေချိန်ဖြစ်ကြောင်းနှင့် Sanction လုပ်ဖို့ တောင်းဆိုသူက တောင်းဆိုနေချိန်**

ဆောင်းပါးအစတွင် ဖော်ပြခဲ့သလို အမှားများ၊ အားနည်းချက်များကိုရှောင်၍ ကောင်းကွက်များကိုသာ ထုတ်ဖော်ရေးသားမည်ဖြစ်ရာ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံနှင့်လူမျိုးအတွက် မှတ်မှတ်သားသား ပြောင်ပြောင်မြောက်မြောက်လုပ်ဆောင်ချက်မှာ တစ်ခုတလေမျှပင် မရှိချေ။ ငါးနှစ်လုံးလုံး အမေရိကန်၊ ဗြိတိန်၊ အီးယူ၊ OIC၊ ဘင်္ဂါလီနှင့် ဂျော့ဆိုရော့အတွက်သာ ထဲထဲဝင်ဝင် လုပ်ခဲ့ပါ၏။ ၂၀၁၆ အစိုးရဖွဲ့သည်မှ ၂၀၂၀ ရွေးကောက်ပွဲကျင်းပသည်အထိ ပါတီအောင်နိုင်ရေး၊ ဗုဒ္ဓဘာသာကို တန်းညှိဖျောက်ဖျက်ရေး၊ အမျိုးသားရေးနှိပ်ကွပ်ရေး၊ ယဉ်ကျေးမှုနှင့် အမျိုးသားစရိုက်လက္ခဏာ ဖျက်ဆီးရေး၊ စည်းလုံးညီညွတ်မှုပြိုကွဲရေး၊ တပ်မတော်ဖြိုခွဲရေးနှင့် နောက်ဆုံးအလုံးစုံပျက်သုဉ်းရေးကိုသာ တစိုက်မတ်မတ်လုပ်ခဲ့လေ၏။ ဒါတွေရေးလျှင်မူ စာတစ်စောင် ပေတစ်ဖွဲ့ ဖြစ်နိုင်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

ပွဲဦးထွက် လုပ်ကွက်ကပင် နိုင်ငံနှင့်လူမျိုးအတွက် အကောင်းဆုံးကယ်တင်မှု ဖြစ်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် CIA၊ MI-5၊ OIC နှင့် NLD တို့၏ ကိုယ်ကျိုးစီးပွားများ ဆုံစည်းရာဆုံမှတ်မှ လက်မတင်ကလေး လွတ်မြောက်ခဲ့သည်ဟု ပြောနိုင်ပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း (၁၁) အရ ပေါ်ပေါက်လာခဲ့သော နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် လည်းကောင်း ဥပဒေနှင့်အညီ အထူးသတိထား လုပ်ဆောင်နေကြောင်း တွေ့ရှိရသည်။ အိမ်စောင့်အစိုးရသည် NLD အစိုးရထားရစ်ခဲ့သော ဘက်စုံအမွေဆိုးများကို သန့်စင်တည့်မတ်ရင်း ပြည်တွင်းအင်အား၊ မဟာမိတ်အင်အားတို့ဖြင့် ပန်းတိုင်သို့ ချီတက်လျက်ရှိကြောင်း တွေ့ရှိရသည်။**

**နိဂုံး**

ဤဆောင်းပါးသည် အစိုးရခေါင်းဆောင်အဆက်ဆက်တို့၏ နိုင်ငံနှင့်လူမျိုးအတွက် သမိုင်းဝင်အကျိုးပြုဆောင်ရွက်ချက်များကို ဂုဏ်ပြုမှတ်တမ်းတင်သော ဆောင်းပါးဖြစ်ပါသည်။ ထို့ပြင် ဤဆောင်းပါးမှတစ်ဆင့် ခေါင်းဆောင်တို့၏ အရည်အချင်းနှင့် စေတနာကိုလည်းကောင်း၊ အမျိုးသားနိုင်ငံရေးသည် တပ်မတော်အတွက် လိုအပ်ချက်ဖြစ်သည်ကိုလည်းကောင်း၊ ပထဝီတည်နေရာ၏ အရေးပါပုံကိုလည်းကောင်း၊ လွတ်လပ်ရေးရသည်မှ ယနေ့အထိ မြန်မာနိုင်ငံကို တစ်လျှောက်လုံး ခြေရှုပ်လာသော နိုင်ငံများနှင့် အကြောင်းရင်းကိုလည်းကောင်း သိရှိနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ။

# ဂရိတောမီးကြောင့် သေဆုံးသူ နှစ်ဦးရှိလာ

အေသင် ဩဂုတ် ၁၀

**ဂရိနိုင်ငံတွင် တောမီးလောင်မှုကြောင့် ဩဂုတ် ၉ ရက်တွင် သေဆုံးသူနှစ်ဦးရှိလာသည်ဟု သိရသည်။ အဖျက်ကြီးမားလှသည့်တောမီးသည် ဆက်လက်လောင်နေဆဲဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။**

ဘူဒိုဇာမောင်းသမားတစ်ဦးသည် ဂရိနိုင်ငံ အလယ်ပိုင်း ဖိုဒ်ကီဒါဒေသတွင် တောမီးလောင်မှုကို ငြိမ်းသတ်ရန်ကြိုးပမ်းရင်း ဩဂုတ် ၉ ရက်တွင် သေဆုံးခဲ့ရသည်။ အသက် ၇၀ အရွယ် အမျိုးသားမှာ ဘူဒိုဇာအကူအညီဖြင့် မီးငြိမ်းသတ်ရန်ကြိုးပမ်းရင်း အနက် ၃၀ မီတာရှိသော ချောက်ကမ်းပါးအတွင်း ကားထိုးကျကာ သေဆုံးခဲ့ရသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်းကလည်း အေသင်မြို့ဆင်ခြေဖုံးအရပ်တွင် တောမီးလောင်မှုကို ငြိမ်းသတ်ရန်ကြိုးပမ်းရင်း စေတနာ့ဝန်ထမ်းတစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။ စေတနာ့ဝန်ထမ်း မီးသတ်သမားနှစ်ဦးမှာလည်း ဩဂုတ် ၆ ရက်တွင် ဒဏ်ရာရရှိမှုကြောင့် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

ဩဂုတ် ၉ ရက်အထိ စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေသေးသည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ကျေးရွာပေါင်း ၁၄၁ ရွာတွင် ကယ်ဆယ်ရေးနှင့် နေရာချထားခြင်းများ ပြုလုပ်ပေးခဲ့ရသည်။ မိမိတို့၏နေအိမ်အဆောက်အအုံများ မီးလောင်သွားသည်ကို ကြည့်နေရသည့်ပြည်သူများ၏ ခံစားချက်ကိုနားလည်ကြောင်း ဂရိဝန်ကြီးချုပ် ကီရီယာကိုစ်မစ်ဆိုတာကစ်က မိန့်ခွန်းပြောကြားခဲ့သည်။

သို့သော်လည်း ပြည်သူများ၏အသက်ဘေးထက် မည်သည့်အရာကမျှ အရေးမကြီးကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ တောမီးလောင်မှုကြောင့် နောက်ထပ်အကူအညီ ယူရိုသန်း ၅၀၀ တန် အကူအညီများကိုလည်း ပေးသွားမည်ဖြစ်ပြီး နေအိမ်များ ဆုံးရှုံးသွားရသော ပြည်သူများကို အကူအညီပေးသွားမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

တောမီးငြိမ်းသတ်နိုင်ရေးအတွက် ဂရိနိုင်ငံကို အကူအညီပေးကြသော အခြားသော နိုင်ငံများကို ကျေးဇူးတင်ကြောင်းလည်း ပြောကြားခဲ့သည်။



အေသင်မြို့မြောက်ဘက်တွင် တောမီးလောင်မှုကို ငြိမ်းသတ်ကြစဉ်။

ခုနစ်ရက်တာကာလအတွင်း ဒေသခံများ၊ စေတနာ့ဝန်ထမ်းများနှင့် အပြည်ပြည်ဆိုင်ရာမှ အကူအညီပေးရေးအဖွဲ့ဝင်များသည် ရာပေါင်းများစွာသော မီးသတ်သမားများနှင့်အတူ တောမီးငြိမ်းသတ်နိုင်ရေးကြိုးပမ်းခဲ့ကြသော်လည်း ဂရိနိုင်ငံမြောက်ပိုင်း အီဗီယာကျွန်းတွင်မူ ဆက်လက်လောင်နေဆဲဖြစ်သည်။

ဆင်ဟွာ

# ကနေဒါနိုင်ငံ၌ ကျန်းမာရေးဆိုင်ရာ ကန့်သတ်မှုများဖြေလျှော့မှုကြောင့် ကိုဗစ်- ၁၉ နောက်ထပ်ကူးစက်ခံရသူ များပြားလာ

**အော့တဝါ ဩဂုတ် ၁၀**

ကနေဒါနိုင်ငံ၌ ဩဂုတ် ၉ ရက်က နောက်ထပ် ကိုဗစ်- ၁၉ ကူးစက်ခံရသူ ၁၂၀၃ ဦး ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၁၄၄၂၀၈၇ ဦး ရှိလာပြီး သေဆုံးသူ စုစုပေါင်းမှာ ၂၆၆၇၈ ဦးရှိလာသည်ဟု စီစီတီဗွီတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် နှစ်ပတ်တာကာလအတွင်း တိုင်းပြည်တစ်ဝန်း ကျန်းမာရေး ကန့်သတ်ချက်များကို တဖြည်းဖြည်းချင်း ဖြေလျှော့ပေးခဲ့ပြီးနောက် နေ့စဉ်ကူးစက်မှုနှုန်းမှာ များပြားလာခဲ့သည်။ ကနေဒါနိုင်ငံ၏ လူဦးရေ အထူထပ်ဆုံး ပြည်နယ်ဖြစ်သည့် အွန်တေးရီယိုတွင် ဩဂုတ် ၉ ရက်က ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၃၂၅ ဦး တွေ့ရှိခဲ့သည်။

ပြည်နယ်အတွင်း ခုနစ်ရက်တာအတွင်း နေ့စဉ် ကူးစက်မှုမှာ ပျမ်းမျှအားဖြင့် ၂၈၃ ဦးရှိသည်။ ပြီးခဲ့သည့် သီတင်းပတ်တွင်လည်း နေ့စဉ်ကူးစက်မှုမှာ ပျမ်းမျှအားဖြင့် ၁၈၉ ဦးရှိသည်။ ပြည်နယ်အတွင်း ဗီဇပြောင်းဒယ်လ်တာ ကူးစက်ခံရသူ ၁၅၇ ဦး ရှိသည်ဟု သိရသည်။ ကနေဒါနိုင်ငံသည် ဩဂုတ် ၉ ရက်တွင် ကာကွယ်ဆေး အပြည့်ထိုးပြီးသား အမေရိကန် နိုင်ငံသားများနှင့် အမြဲတမ်း နေထိုင်ခွင့်ရထားသူများကို ပြည်ဝင်ခွင့်ပေးခဲ့သည်။

ဆင်ဟွာ




ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် သွားလာနေကြသူများကို တွေ့ရစဉ်။

# အာဖဂန်နစ္စတန်တပ်ဖွဲ့ကို ဆက်လက် ထောက်ပံ့သွားမည်ဟု အမေရိကန်ပြော

ဝါရှင်တန် ဩဂုတ် ၁၀

ပြီးခဲ့သည့် သီတင်းပတ်များအတွင်း တာလီဘန်တို့သည် မြို့ကြီးအချို့ကို သိမ်းပိုက်မှုများ ပြုလုပ်ခဲ့သည့်အတွက် အာဖဂန်နစ္စတန်အစိုးရတပ်များကို ကူညီထောက်ပံ့ပေးသွားမည်ဟု ပင်တဂွန်စစ်ဌာနချုပ်က ဩဂုတ် ၉ ရက်တွင် ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်ရှိ လုံခြုံရေးအခြေအနေများမှာ မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ မရောက်သေးဟုလည်း ပင်တဂွန်မှ သတင်းထုတ်ပြန်ရေးအကြီးအကဲဖြစ်သူ ဂျွန်ကီဘီက သတင်းထောက်များကို ပြောသည်။ လုပ်ပိုင်ခွင့်ရှိသည့်ဘောင်အတွင်းမှ ကူညီထောက်ပံ့မှုများ ဆက်လက်ပြုလုပ်သွားမည်ဟု ၎င်းက ပြောသည်။ ကူညီပေးနိုင်သည့်အချိန်နှင့် နေရာတွင် လေကြောင်းတိုက်ခိုက်မှုအပါအဝင် အခြားသောအကူအညီများပေးသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အာဖဂန်တပ်ဖွဲ့ဝင်များအနေဖြင့် တာလီဘန်များကို နှိမ်နင်းရာတွင် စွမ်းဆောင်ရည်ရှိကြောင်း၊ အာဖဂန်အစိုးရအနေဖြင့် နိုင်ငံရေးအရဦးဆောင်မှုနှင့် စစ်ရေးအရဦးဆောင်မှုတို့တွင် အင်အားစိုက်ထုတ်ရန်လိုကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဩဂုတ် ၃၁ ရက် နောက်ပိုင်းတွင်လည်း အာဖဂန်တပ်ဖွဲ့ဝင်များကို လေကြောင်းမှ အကူအညီပေးခြင်းမျိုး ဆက်လက်ပြုလုပ် မလုပ်ကိုမူ အသေးစိတ်ပြောကြားခဲ့ခြင်း မရှိပေ။

ဆင်ဟွာ

# ပါကစ္စတန်အနောက်တောင်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၀**

ပါကစ္စတန်အနောက်တောင်ပိုင်း ဘလိုချစ္စတန်ပြည်နယ် ကတ်တာမြို့၌ ဩဂုတ် ၉ ရက် ညပိုင်းတွင် ဈေးဆိုင်တစ်ဆိုင်ကို လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူတစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည့်ဈေးဆိုင်မှာ အလံနှင့် မကြာမီကျရောက်မည့် လွတ်လပ်ရေးနေ့အတွက် ပွဲတော်ပစ္စည်းများရောင်းချရာဆိုင်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်ရက်ကလည်း အလံရောင်းချသည့်ဈေးဆိုင်တစ်ဆိုင် တိုက်ခိုက်ခံရပြီး ယခုတစ်ကြိမ်မှာ ဒုတိယအကြိမ် တိုက်ခိုက်ခံရခြင်းဖြစ်သည်။ အဆိုပါ တိုက်ခိုက်မှုမှာ မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကိုမူ မသိရသေးချေ။

**ဆင်ဟွာ**

# ပြင်သစ်နိုင်ငံ၌ စားသောက်ဆိုင်များနှင့် ခရီးသွားလာခွင့်အတွက် ကိုဗစ်- ၁၉ ကျန်းမာရေး ခွင့်ပြုချက်လိုအပ်

ပါရီ ဩဂုတ် ၁၀

ပြင်သစ်နိုင်ငံတွင် စားသောက်ဆိုင်များနှင့် ကော်ဖီဆိုင်များ၌ ဆိုင်ထိုင်စားသောက်ခွင့်အတွက် ကိုဗစ်– ၁၉ ကျန်းမာရေးခွင့်ပြုချက်ပြသရန် လှုပ်ရှားမှုစတင်ပြီဖြစ်သည်။ ယင်းအမိန့်နှင့် ပတ်သက်၍ ပြည်သူများကြားတွင် အမြင်များကွဲပြားလျက်ရှိသည်။

အဆိုပါ အမိန့်ကို ဩဂုတ် ၁၀ ရက်တွင် စတင်ခဲ့ပြီး ခရီးသွားမည့်သူများလည်း လေယာဉ်ပေါ်မတက်မီ ကိုဗစ်– ၁၉ ကျန်းမာရေးခွင့်ပြုချက်ကိုပြသရန် လိုအပ်သည်။ အဆိုပါ ကျန်းမာရေးခွင့်ပြုချက်မှာ ကာကွယ်ဆေးထိုးပြီးကြောင်း၊ ရောဂါကင်းစင်ကြောင်း သို့မဟုတ် မကြာသေးမီကမှ ရောဂါကူးစက်ခံထားရာမှ ပြန်လည်သက်သာလာသူဖြစ်ကြောင်း ကျူအာကုဒ်ကို ပြသရခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ပါရီမြို့ စားသောက်ဆိုင်တစ်ဆိုင်တွင် ကိုဗစ်– ၁၉ ကျန်းမာရေးခွင့်ပြုချက်ကို စစ်ဆေးနေသည့် ဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

# သြစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးလ်ပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးနေ့တစ်နေ့အဖြစ် စံချိန်တင်



ဆစ်ဒနေ ဩဂုတ် ၁၀

**သြစတြေးလျပြည်နယ်တစ်ခုဖြစ်သည့် နယူးဆောက်သ်ဝေးလ်ပြည်နယ်တွင် ဩဂုတ် ၁၀ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအမြင့်ဆုံးနေ့တစ်နေ့ဖြစ်ခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၅၆ ဦးရှိကာ သေဆုံးသူ လေးဦးအထိတိုးလာကြောင်း သိရသည်။**

ပို၍စိုးရိမ်စရာကောင်းသည်မှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ သုံးပုံတစ်ပုံနီးပါးမှာ ဒေသတွင်း အစုလိုက်ကူးစက်ဖြစ်ပွားသူများဖြစ်ကြသည်။

သေဆုံးသူ လေးဦးအနက် သုံးဦးမှာ ပြည်တွင်း လတ်တလောဖြစ်ပွားနေသော ဒယ်လ်တာ အသွင်ပြောင်းကိုဗစ်-၁၉နှင့် ဆက်စပ်လျက်ရှိကာ တခြားတစ်ဦးမှာ ပြည်ပကူးစက်ဖြစ်ပွားမှုနှင့် သက်ဆိုင်လျက်ရှိကြောင်း နယူးဆောက်သ်ဝေးလ်ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်လာသော်လည်း အစိုးရသည် နောက်ထပ်တင်းကျပ်သည့် ကန့်သတ်ပိတ်ဆို့မှုများကို ပြုလုပ်ရန် ဝန်လေးလျက်ရှိသည်။

ဆင်ဟွာ

**ဆစ်ဒနီအော်ပရာဟောက်စ်အနီးတွင် အမျိုးသမီးတစ်ဦး လမ်းလျှောက်သွားသည်ကို တွေ့ရစဉ်။**

## ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ကြောင့် နောက်ထပ် ၄၁၁ ဦး ထပ်မံသေဆုံး

**ဆော်ပေါ်လို ဩဂုတ် ၁၀**

ဘရာဇီးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၄၁၁ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၅၆၃၅၆၂ ဦးအထိရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြလိုက်သည်။

ထို့ပြင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၀၈၅ ဦး ရှိလာကြောင်းဖော်ပြမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၀၁၇၇၇၅၇ ဦး ရှိလာခဲ့သည်။

ကိုဗစ်-၁၉ သေဆုံးမှုတွင် ဘရာဇီးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ဒုတိယကမ္ဘာ့သေဆုံးမှု အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာ့တတိယအများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ လှိုင်းဂယက်သစ်ထပ်မံကူးစက်ဖြစ်ပွားမှုကို ရင်ဆိုင်နေရပြီး ဆေးရုံများတွင် လူနာများပြည့်လျှံနေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဘရာဇီးနိုင်ငံတွင် ယခုချိန်အထိ လူဦးရေ ၁၅၂ ဒသမ ၆ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ပြီး ၄၅ ဒသမ ၅ သန်းမှာ အပြည့်အဝကာကွယ်ဆေးထိုးနှံပြီး ဖြစ်သည်။

ဆင်ဟွာ

## ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၄ ဦးရှိ

**ဘန်ဒါဆီရီဘီဂါဝန် ဩဂုတ် ၁၀**

ဘရူနိုင်းနိုင်ငံတွင် ဩဂုတ် ၁၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၄ ဦးရှိလာခဲ့သည့်အနက် ၃၂ ဦးမှာ ပြည်တွင်းကူးစက်ဖြစ်ပွားမှုဖြစ်ကာ ကျန်နှစ်ဦးမှာ ပြည်ပကူးစက်မှုဖြစ်သည်။ နိုင်ငံအတွင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၄၀ အထိတိုးလာခဲ့သည်။

ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ပြည်တွင်းကူးစက်ဖြစ်ပွားသူ လေးဦး၏ သတင်းရင်းမြစ်များကို ဆက်လက်စုံစမ်းလျက်ရှိပြီး ၂၈ ဦးမှာ ကိုဗစ်-၁၉ ပိုးရှိသူများနှင့် ထိတွေ့ခဲ့သူ သို့မဟုတ် အစုလိုက်ကူးစက်ဖြစ်ပွားမှုနှင့် ဆက်နွှယ်နေသူများ ဖြစ်ကြသည်။

ပြည်ပကူးစက်မှုနှစ်မှုမှာ မနီလာနှင့် ဖိလစ်ပိုင်တို့မှဖြစ်ကြသည်။ ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ကိုးဦးရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၃၁၄ ဦးအထိ ရောက်ရှိလာပြီး ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ သုံးဦးအထိ ရောက်ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# တိုကျို၌ ကိုဗစ်-၁၉ ပြင်းထန်စွာခံစားနေရသူပေါင်း ၁၇၆ ဦးဖြင့် အမြင့်ဆုံး စံချိန်တင်

**တိုကျို ဩဂုတ် ၁၀**

တိုကျိုအစိုးရ အရာရှိများက ဩဂုတ် ၁၀ ရက်တွင် ကိုဗစ်-၁၉ ပြင်းထန်စွာ ခံစားနေရသူပေါင်း ၁၇၆ ဦးဖြင့် အမြင့်ဆုံး စံချိန်တင်ခဲ့ကြောင်း ပြောကြားလိုက်သည်။ တိုကျိုတွင် လတ်တလော၌ ကိုဗစ်- ၁၉ ပဉ္စမလှိုင်း ရိုက်ခတ်မှုကို ခံစားနေရသည်။



**ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်သွားလာနေသူများကိုတွေ့ရစဉ်။**

ကိုဗစ်-၁၉ ပြင်းထန်စွာ ခံစားနေရသည့် အသက် ၄၀ ကျော်နှင့် ၅၀ ကျော်အရွယ်ရှိသူ အရေအတွက်သည် လွန်ခဲ့သော နှစ်ကုန်ကဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ တတိယလှိုင်းထက် လေးဆပိုမိုများပြားလာခဲ့သည်။

မတ်လလယ်က ကိုဗစ်-၁၉ ပြင်းထန်စွာခံစားနေရသူ အရေအတွက် ၃၇ ဦးအထိ ကျဆင်းခဲ့ကြောင်း တိုကျိုအရာရှိများက ပြောသည်။ ဧပြီလလယ်တစ်လျှောက် တစ်လနီးပါးကာလတွင် ကိုဗစ်-၁၉ ပြင်းထန်စွာခံစားနေရသူအရေအတွက်သည် ၃၀ နှင့် ၄၀ ကြားရောက်ရှိခဲ့သည်။

သို့သော်လည်း ဇူလိုင်လက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာပြီးနောက် ကိုဗစ်-၁၉ ပြင်းထန်စွာခံစားနေရသူအရေအတွက်လည်း လိုက်ပါမြင့်တက်လာခဲ့သည်။

အသက်အရွယ်အုပ်စုအားဖြင့် ကိုဗစ်-၁၉ ပြင်းထန်စွာခံစားနေရသူ အရေအတွက်၏ ၇၀ ရာခိုင်နှုန်းသည် အသက် ၅၀ ကျော်အရွယ် သို့မဟုတ် ယင်းထက် ပို၍ငယ်သူများ ဖြစ်ကြသည်။ ကိုဗစ်-၁၉ တတိယလှိုင်း၌ ကိုဗစ်-၁၉ ပြင်းထန်စွာ ခံစားနေရသူ အရေအတွက်၏ ၈၀ ရာခိုင်နှုန်းသည် အသက် ၆၀ ကျော်အရွယ် သို့မဟုတ် ယင်းထက် အသက်အရွယ် ပိုမိုကြီးသူများ ဖြစ်ကြသည်။

လတ်တလောတွင် ကိုဗစ်-၁၉ ပြင်းထန်စွာ ခံစားနေရသူများသည် အသက် ၄၀ ကျော်နှင့် ၅၀ ကျော်အရွယ်များဖြစ်ကြသည်။

ဩဂုတ် ၉ ရက်က အသက် ၄၀ ကျော်နှင့် ၅၀ ကျော်အရွယ်ရှိသူ ၉၄ ဦး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို အပြင်းအထန်ခံစားခဲ့ရသည်။ အဆိုပါ ပမာဏသည် ကိုဗစ်-၁၉ တတိယလှိုင်းထက် ၃ ဒသမ ၉ ဆ ပိုများလာခဲ့သည်။

အသက် ၆၀ ကျော်နှင့် ယင်းထက်အသက်ကြီးသူများ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အပြင်းအထန်ခံစားရမှုမှ လျော့နည်းခဲ့သည့်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ကျေးဇူးတင်ရမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

# အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၇ သန်းကျော်ရှိ

**အဒစ်အဘာဘာ ဩဂုတ် ၁၀**

အာဖရိကတွင် ဩဂုတ် ၁၀ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၇၀၇၄၉၂၄ ဦးရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိကစီဒီစီ)က ပြောသည်။



**အာဖရိကတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။**

စီဒီစီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၁၇၈၁၆၀ ဦးရှိလာပြီ ဖြစ်ကြောင်းနှင့် ၆၁၇၃၄၉၈ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုးပီးယားနှင့် အီဂျစ်နိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

တောင်အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူပေါင်း ၂၅၄၀၂၂၂ ဦးရှိလာပြီး အာဖရိကမြောက်ပိုင်းနိုင်ငံဖြစ်သည့် မော်ရိုကိုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၀၁၃၂၅ ဦးရှိသည်။

တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအနည်းဆုံးဖြစ်ကြောင်း စီဒီစီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရေး အငြင်းပွားမှုကြားက အမေရိကန်ကလေးပညာရေး

*လင်းဟန်သစ်*

**အမေရိကန်ပြည်ထောင်စုတစ်ဝန်း လွန်ခဲ့တဲ့သီတင်းပတ်အနည်းငယ်က ကျောင်းတွေကို စတင်ဖွင့်လှစ်လိုက်ခြင်းနဲ့ပတ်သက်ပြီး အဆင့်အသီးသီးမှာရှိတဲ့ ကျန်းမာရေးအာဏာပိုင်တွေနဲ့ ပညာရေးကျွမ်းကျင်သူတွေက ကိုဗစ်-၁၉ အန္တရာယ်ကူးစက်ဖြစ်ပွားနိုင်ခြေအပေါ် စိုးရိမ်မကင်းဖြစ်လာကြပါတယ်။**

### ခက်ရင်းခွလမ်းဆုံရောက်နေပြီ

အမေရိကန်ပြည်ထောင်စုရဲ့ ခုနစ်ရက်ပျမ်းမျှ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ဩဂုတ် ၈ ရက်မှာ ၁၁၀၃၆၀ အထိ ရှိလာပါတယ်။ သီတင်းပတ် နှစ်ပတ်အတွင်း ၁၁၂ ရာခိုင်နှုန်းအထိ မြင့်လာပါတယ်။ အပတ်စဉ်ပျမ်းမျှ ကိုဗစ်-၁၉ သေဆုံးနှုန်းဟာ ဩဂုတ် ၈ ရက်မှာ ၅၁၆ ဦးရှိပြီး သီတင်းပတ်နှစ်ပတ်အတွင်းမှာ ၉၂ ရာခိုင်နှုန်း တိုးလာတယ်လို့ နယူးယောက်တိုင်းမ်၏ အချက်အလက်များအရ သိရပါတယ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမြင့်နေတဲ့အချိန်မှာ ကျောင်းတွေကို ပြန်ဖွင့်တဲ့အပေါ် အမေရိကန်ပညာရေးဝန်ကြီး မီဂူကာဒိုနာက အမေရိကန်နိုင်ငံဟာ ခက်ရင်းခွလမ်းဆုံရောက်နေပြီလို့ ဩဂုတ် ၈ ရက်က ပြောလိုက်ပါတယ်။

### အများသဘောတူဆန္ဒကို ရှာဖွေ

ကျောင်းသားတွေကို လူကိုယ်တိုင်ဘေးကင်းကင်းနဲ့ ကျောင်းပြန်တက်နိုင်အောင်ကူညီမလား သို့မဟုတ် ကျောင်းသားတွေကို ဒုက္ခရောက်အောင်လုပ်မလားဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ကြုံတွေ့နေရတယ်လို့ စီဘီအက်စ်သတင်းအစီအစဉ်ရဲ့ “face the nation” ကဏ္ဍမှာ ကာဒိုနာက ပြောကြားလိုက်ပါတယ်။

ပြည်နယ်အသီးသီးက ခေါင်းဆောင်တွေ အနေနဲ့လည်း ကျောင်းသားတွေကို ကိုဗစ်-၁၉ အန္တရာယ်က ဘယ်လိုကာကွယ်မလဲ၊ သူတို့ကို ဘယ်လိုပညာပေးမလဲဆိုတဲ့အပေါ် အများသဘောတူဆန္ဒကို ရှာဖွေလျက်ရှိတယ်လို့ ကာဒိုနာက ပြောပါတယ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဆိုင်ရာ လမ်းညွှန်ချက်တွေကို မလိုက်နာတဲ့နေရာတွေမှာ ကျောင်းသားတွေကို ဘေးဒုက္ခတွေ့စေနိုင်တယ်၊ ဒီလိုမျိုးတော့ မိမိတို့လက်မခံနိုင်ဘူးလို့ ကာဒိုနာက ပြောပါတယ်။

### ကြောက်စရာကောင်းအောင် ကူးစက်ဖြစ်ပွားလျက်ရှိ

ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်ဟာ ဖလော်ရီဒါ၊ လူဝီစီယားနား၊ အာကန်ဆက်စ်၊ မစ်ဆောရီပြည်နယ်အပါအဝင် အမေရိကန်ပြည်ထောင်စုရဲ့ တချို့ပြည်နယ်တွေမှာ သတိထားစရာကောင်းလောက်အောင် ကူးစက်ဖြစ်ပွားလျက်ရှိပါတယ်။ အဲဒီပြည်နယ်တွေဟာ ဒယ်လ်တာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရဲ့ ရိုက်ခတ်မှုကို အဆိုးဆုံး ခံစားနေရပါတယ်။

တစ်ချိန်တည်းမှာပဲ ကလေးတွေကို ကျောင်းပြန်တက်ခွင့်ပြုထားတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ မြောက်ပိုင်းပြည်နယ်တွေမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာတာကို တွေ့ရပါတယ်။

### ကျောင်းတွေပြန်ဖွင့်ခြင်းနဲ့အတူ ကိုဗစ်-၁၉ ကူးစက်မှုတွေဖြစ်နေ

အမေရိကန်ပြည်ထောင်စုမှာ လတ်တလောရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုကတော့ ကျောင်းတွေပြန်ဖွင့်ခြင်းနဲ့အတူ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တွေလည်းဖြစ်နေတဲ့ အခြေအနေပါပဲလို့ အမေရိကန်အစားအစာနှင့် ဆေးဝါးထိန်းချုပ်ကွပ်ကဲရေး ကော်မရှင်အဖွဲ့ဝင်ဟောင်း စကော့တ် ဂေါ်လစ်က ပြောပါတယ်။



အမေရိကန်ပြည်ထောင်စုတွင် ကျောင်းသားတစ်ဦး ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ထားပြီး ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက်ရောက် ဆေးကုနေရတဲ့ ကလေးပေါင်း ၁၄၅၀ ရှိတယ်လို့ အမေရိကန်အမျိုးသားအင်စတီကျုရဲ့ ကျန်းမာရေးညွှန်ကြားရေးမှူး ဖရန်စစ်ကောလင်းက ပြောပါတယ်။

သို့သော်လည်း နယူးယောက်ပြည်နယ် ကျန်းမာရေးကော်မရှင်နာဖြစ်တဲ့ ဟော်ဝက်ဇူကာက လွန်ခဲ့တဲ့သီတင်းပတ်က မြို့တော်ဝန်ရုံးသို့မဟုတ် ကျန်းမာရေးဌာနက ကျောင်းတွေပြန်ဖွင့်ဖို့ လမ်းညွှန်ချက် မထုတ်ပြန်ထားဘူးလို့ ပြောပါတယ်။ သို့သော်လည်း ကိုဗစ်-၁၉ အရေးပေါ်အခြေအနေကို ဖယ်ရှားလိုက်တဲ့အတွက် ဒေသအချို့မှာ ကျောင်းတွေပြန်ဖွင့်လိုက်တာ ဖြစ်နိုင်တယ်လို့ သူက ပြောပါတယ်။

### ပါးစပ်၊ နှာခေါင်းစည်းအငြင်းပွားလျက်ရှိ

အမေရိကန်ကျောင်းတွေ ပြန်ဖွင့်သော်လည်း ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ခြင်းဟာ မူဝါဒရေးရာဆွေးနွေးရမယ့် ထိပ်ဆုံးစာရင်းမှာ ပါဝင်လာပါတယ်။ သို့သော်လည်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်းနဲ့ပတ်သက်ပြီး အငြင်းပွားမှုတွေ ရှိနေပါသေးတယ်။

ကယ်လီဖိုးနီးယားနဲ့ အီလီနွိုက်ပြည်နယ်မှာရှိတဲ့ ကျောင်းသားတွေကတော့ လွန်ခဲ့တဲ့သီတင်းပတ်အနည်းငယ်က ကျောင်းတွေပြန်တက်နေကြပါတယ်၊သို့သော်လည်း သူတို့ဟာ ပါးစပ်၊နှာခေါင်းစည်းတပ်ဆင်ထားကြပါတယ်။ ဖလော်ရီဒါနဲ့ အရီဇိုးနားပြည်နယ်တွေကတော့ ကျောင်းတွေမှာ ပါးစပ်၊ နှာခေါင်းစည်း လိုအပ်ချက်ကို တားမြစ်ထားပါတယ်။ သို့သော်လည်း အကုန်လုံးတော့မဟုတ်ပါဘူး။တချို့ဒေသတွေမှာလည်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်းကို အလေးအနက်ထား တိုက်တွန်းလုပ်ဆောင်လျက်ရှိပါတယ်။

ဂျော်ဂျီယာပြည်နယ်မှာတော့ ဒေသခေါင်းဆောင်တွေအနေနဲ့ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်းကို သူတို့ဘာသာသူတို့ ရွေးချယ်ကြပါတယ်။ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်းနဲ့ ပတ်သက်ပြီး မူဝါဒတွေဟာ ပြည်နယ်တစ်ခုနဲ့ တခြားတစ်ခု မတူညီကြပါဘူး။

> ❍ **အမေရိကန်ကျောင်းတွေ ပြန်ဖွင့်သော်လည်း ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ခြင်းဟာ မူဝါဒရေးရာဆွေးနွေးရမယ့် ထိပ်ဆုံးစာရင်းမှာ ပါဝင်လာပါတယ်။ သို့သော်လည်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်း နဲ့ပတ်သက်ပြီး အငြင်းပွားမှုတွေ ရှိနေပါသေးတယ်**

### ထိပ်တန်းဦးစားပေး

အတ္တလန္တာမှာတော့ လွန်ခဲ့တဲ့လ ကျောင်းဖွင့်တဲ့အချိန်မတိုင်မီ ၈ ရက်အလိုမှာ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ဖို့ အမိန့်ထုတ်ပြန်ခဲ့ပါတယ်။

ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်းနဲ့ပတ်သက်ပြီး မိသားစုအတွင်းမှာ အယူအဆတွေ အမျိုးမျိုးကွဲပြားလျက်ရှိပါတယ်။ ထို့အတူ အာကန်ဆောမှာလည်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်းနဲ့ ပတ်သက်ပြီး ရှုပ်ထွေးလျက်ရှိပါတယ်။

ကျောင်းဖွင့်ရာသီကို ကြိုဆိုနေတဲ့ကျောင်းတွေကတော့ သူတို့တွေအနေနဲ့ ကျောင်းပြန်တက်မယ့်ကျောင်းသားတွေအတွက် ကျန်းမာရေးနဲ့ ဘေးကင်းလုံခြုံရေးဆိုင်ရာ မူဝါဒကို ပြောင်းလဲကျင့်သုံးနေပြီလို့ပြောပါတယ်။ ကျောင်းဝင်းဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေးဟာ ထိပ်တန်းဦးစားပေးကိစ္စပါလို့ သူတို့က ပြောပါတယ်။

### ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ဖို့လို

ပန်ဆယ်ဗေးနီးယားမှာရှိတဲ့ ပစ်ဘာ့ဂ်ျတက္ကသိုလ်မှာတော့ ကိုဗစ်-၁၉ မူဝါဒတွေကို ပြောင်းလဲထားပါတယ်။ ကာကွယ်ဆေးထိုးထားသည်ဖြစ်စေ၊ မထိုးထားသည်ဖြစ်စေ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ဖို့ လိုအပ်တယ်လို့ ထုတ်ပြန်ကြေညာထားပါတယ်။ ကျောင်းတွေအတော်များများမှာ ဒီလိုပဲ ကိုဗစ်-၁၉ မကူးစက်ရေးဆိုင်ရာ နည်းလမ်းတွေကို ကျင့်သုံးနေကြပါတယ်။

အမေရိကန် ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးဌာနကလည်း မကြာသေးမီက ကျောင်းသွားမယ့် ဘယ်ကျောင်းသားမဆို ပါးစပ်၊ နှာခေါင်းစည်းတွေ တပ်ဆင်ဖို့လိုတယ်လို့ လမ်းညွှန်ချက်အသစ်တွေ ထုတ်ပြန်ထားပါတယ်။ လွန်ခဲ့တဲ့သီတင်းပတ်ကတော့ အမေရိကန်နိုင်ငံမှာရှိတဲ့ ဆရာ ဆရာမပေါင်း ၉၀ ရာခိုင်နှုန်းလောက်ဟာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးပြီလို့ အမေရိကန်မီဒီယာတွေမှာ ဖော်ပြထားပါတယ်။ ။

ကိုးကား - ဆင်ဟွာ

# ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူသို့ အသိပေးပန်ကြားချက်

ပြည်သူတို့အတွင်း ကိုဗစ်–၁၉ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် **ပြည်သူများ ပူးပေါင်းပါဝင်မှုသာ လုပ်ငန်းများ အချိန်တိုအတွင်း အောင်မြင်မည်ဖြစ်ပါသည်။** သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ အချက်များကို အားလုံးကိုယ်စီလိုက်နာကြပါရန် အသိပေးပန်ကြားအပ်ပါသည်–

၁။ တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ပါ၊

၂။ အိမ်တွင် ဧည့်သည်လက်ခံခြင်း လုံးဝမပြုပါနှင့်၊ မိမိကိုယ်တိုင်လည်း ဧည့်သည်အဖြစ် သွားရောက်ခြင်း လုံးဝမပြုပါနှင့်၊

၃။ အိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ (သို့မဟုတ်) ဆီးချို၊ သွေးတိုး၊ နှလုံး..စသည့် နာတာရှည်ရောဂါ တစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို တပ်ဆင်ထားစေပါ၊ လေဝင်လေထွက်ကောင်းသည့် နေရာတွင် နေစေပါ၊

၄။ မဖြစ်မနေအပြင်ထွက်ရပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေတပ်ဆင်ပါ၊ လက်ကို စနစ်တကျဆေးကြောပါ၊ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာနေပါ၊ လေဝင်လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ပါ၊

၅။ လူစုလူဝေး လုံးဝရှောင်ကြဉ်ပါ၊

၆။ ဖြစ်နိုင်ပါက တစ်ပတ်လျှင် တစ်ကြိမ်ခန့်သာ ဈေးဝယ်ယူပါ၊ ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ထားခြင်း မရှိသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

၇။ အပြင်ထွက်ရာမှ အိမ်ပြန်ရောက်သောအခါတွင် အိမ်သို့ရောဂါပိုးများ သယ်ဆောင်လာခြင်းမရှိစေရန် သတိပြုပါ၊ အသုံးပြုပြီးသော ပါးစပ်နှင့်နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးပစ္စည်းများကို အိမ်အပြင်တွင် စနစ်တကျစွန့်ပစ်ပါ၊ အဝတ်အစားမလဲမီ/ ကိုယ်လက်သန့်စင်ခြင်း မပြုမီ အိမ်သားများနှင့် အနီးကပ် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ၊

၈။ အလှည့်ကျရရှိသော ကာကွယ်ဆေးသည် မိမိအတွက် အကောင်းဆုံးဖြစ်၍ ကာကွယ်ဆေးထိုးနှံခြင်းကို အကြိမ်ပြည့်ခံယူပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

၉။ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်မှ လူအင်အား၊ ငွေကြေး၊ ပစ္စည်း၊ ကျွမ်းကျင်မှု ပညာရပ်များဖြင့် စနစ်တကျပါဝင် ပူးပေါင်းပံ့ပိုးပေးကြပါရန် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန (၂ – ၈ – ၂၀၂၁)

---

※ *ကျော့ဖုံးမှ*

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၁၀–၈–၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၅၄၈) ခု | (၁၂၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၄) ခု | (၃၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၀၅) ခု | (၁၂၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၅၁) ခု | (၂၅၇) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၅၇) ခု | (၈၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၆၄) ခု | (၇၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၀၃၄) ခု | (၈၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၆၄၄) ခု | (၂,၉၂၆) ဦး |
| စုစုပေါင်း | (၁၄,၄၅၇) ခု | (၄,၄၃၄) ဦး |

** ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊ နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေစနစ်တကျတပ်ဆင်ခြင်း၊ လက်ကိုမကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ် နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

---

## ၁၀- ၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၆၇၈၀၄၈၀ | ၂၉၉၂၃၃၂၀ | ၆၃၃၇၉၉ |
| ၂။ | အိန္ဒိယ | ၃၁၉၉၈၁၅၈ | ၃၁၁၈၀၉၆၈ | ၄၂၈၇၁၅ |
| ၃။ | ဘရာဇီး | ၂၀၁၇၈၁၄၃ | ၁၈၉၃၉၀၅၁ | ၅၆၃၇၀၇ |
| ၄။ | ရုရှား | ၆၄၉၁၂၈၈ | ၅၇၈၈၇၁၀ | ၁၆၆၄၄၂ |
| ၅။ | ပြင်သစ် | ၆၃၁၀၉၃၃ | ၅၇၇၇၇၇၄ | ၁၁၂၂၈၈ |
| ၆။ | ဗြိတိန် | ၆၀၉၄၂၄၃ | ၄၆၆၇၇၈၅ | ၁၃၀၃၅၇ |
| ၇။ | တူရကီ | ၅၉၄၂၂၇၁ | ၅၅၁၁၇၂၀ | ၅၂၃၁၃ |
| ၈။ | အာဂျင်တီးနား | ၅၀၂၉၀၇၅ | ၄၆၈၁၆၆၁ | ၁၀၇၉၆၁ |
| ၉။ | ကိုလံဘီယာ | ၄၈၄၃၀၀၇ | ၄၆၅၆၇၀၉ | ၁၂၂၆၀၁ |
| ၁၀။ | စပိန် | ၄၆၂၇၇၇၀ | ၃၈၃၃၁၈၈ | ၈၂၁၂၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၀ – ၈ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၇၁၈၈၂၁ | ၃၁၇၁၁၄၇ | ၁၁၀၆၁၉ |
| ဖိလစ်ပိုင် | ၁၆၇၆၁၅၆ | ၁၅၆၇၉၂၀ | ၂၉၂၂၀ |
| မလေးရှား | ၁၂၉၉၇၆၇ | ၁၀၅၇၈၄၃ | ၁၁၁၆၂ |
| ထိုင်း | ၇၉၅၉၅၁ | ၅၇၈၁၄၀ | ၆၅၈၈ |
| မြန်မာ | ၃၃၇၅၆၁ | ၂၅၃၃၁၃ | ၁၂၂၃၄ |
| ဗီယက်နမ် | ၂၂၄၈၉၄ | ၇၅၉၂၀ | ၃၇၅၇ |
| ကမ္ဘောဒီးယား | ၈၂၈၉၈ | ၇၇၀၃၇ | ၁၆၀၂ |
| စင်ကာပူ | ၆၅၈၉၀ | ၆၄၀၆၂ | ၄၂ |
| လာအို | ၈၈၇၆ | ၄၂၄၀ | ၈ |
| ဘရူနိုင်း | ၄၀၆ | ၃၀၅ | ၃ |

# လူငယ်လူရွယ်တွေ၊ ရောဂါအခံမရှိသူတွေအနေနဲ့ ပြန်ကောင်းလာနိုင်တဲ့ ရာခိုင်နှုန်းမြင့်မားပေမယ့် မကူးစက်တတ်သောရောဂါ အခံရှိတဲ့လူတွေ၊ အသက်အရွယ်ကြီးရင့်သူတွေကို ကိုဗစ်ရောဂါကူးစက်ရင် အလွန်စိုးရိမ်ရပါတယ်

ဒေါက်တာ သန်းနိုင်စိုး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

### ထက်လျှို

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၉ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

အစီအစဉ်မှူး ။ ။ နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

မကူးစက်နိုင်တဲ့ ရောဂါခံစားနေရတဲ့သူတွေအနေနဲ့ ကိုဗစ်ကာလမှာ အိမ်မှာကျန်းမာအောင် ဘယ်လိုနေထိုင်သင့်သလဲ၊ ကိုဗစ်ရောဂါပိုး မကူးစက်နိုင်အောင် ဘယ်လိုအချက်တွေကို လိုက်နာဆောင်ရွက်သင့်သလဲဆိုတာနဲ့ပတ်သက်ပြီး ပြောပြပေးပါဦး။

**ဒေါက်တာသန်းနိုင်စိုး** ။ ။ ဒီနေ့ တင်ပြဆွေးနွေးသွားမယ့် အကြောင်းအရာက မကူးစက်နိုင်တဲ့ ရောဂါတွေရှိတဲ့သူတွေအနေနဲ့ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားစဉ်ကာလမှာ ဘယ်လို နေထိုင်စားသောက်သင့်သလဲ၊ ရောဂါပိုး မကူးစက်အောင် ဘယ်လိုတွေနေထိုင်ရမလဲဆိုတဲ့ အကြံပြုချက်များကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် ဩဂုတ်လ ၈ ရက်အထိ ရရှိတဲ့ ကိန်းဂဏန်းတွေအရ မြန်မာနိုင်ငံမှာ ကိုဗစ်ရောဂါ ဖြစ်ပွားသူပေါင်း ၃၂၂,၂၃၈ ဦးရှိပြီး ကိုဗစ်ရောဂါကြောင့် သေဆုံးသူအနေနဲ့ ၁၁၂,၆၂ ဦးရှိပါတယ်။ သေဆုံးမှုနှုန်းအနေနဲ့ ၃ ဒသမ ၄၉ ရာခိုင်နှုန်းလောက်ရှိပါတယ်။ သေဆုံးတဲ့သူတွေကို ပြန်ကြည့်တဲ့အခါ ၉၀ ရာခိုင်နှုန်းအထက် သေဆုံးသူတွေက မကူးစက်နိုင်သော ရောဂါတစ်ခုခု အခံရှိတဲ့သူတွေနဲ့ အသက် ၆၅ နှစ်အထက် အသက်အရွယ်ကြီးရင့်တဲ့သူတွေမှာ အများဆုံး သေဆုံးရတာကို တွေ့ရှိရပါတယ်။

ဒါကြောင့် ကမ္ဘာပေါ်မှာ ကျန်းမာရေးပညာရှင်တွေအနေနဲ့ ပြောကြားနေကြတာကလည်း ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားတဲ့ကာလနဲ့ တစ်ဖက်က မကူးစက်တတ်သောရောဂါတွေ ဖြစ်ပွားတဲ့ကာလနဲ့လည်း တိုက်ဆိုင်နေတယ်ဆိုပြီးဖြစ်ပါတယ်။

၂၁ ရာစုရဲ့ လူနေမှုစနစ်ပုံစံအရလည်း နေထိုင်စားသောက်မှုပုံစံသစ်တွေကြောင့် မကူးစက်တတ်သောရောဂါတွေ ဖြစ်ပွားမှုကလည်း များနေပါတယ်။ ယခင်ကနေထိုင်တဲ့ပုံစံက ကျေးလက်မှာ နေထိုင်ကြတာများတယ်။ နေ့စဉ်လှုပ်ရှားမှုတွေ ရှိတယ်။ အစားအသောက်ဆိုရင် သဘာဝအစားအသောက်တွေကို စားသောက်ရတယ်။ ဒီအခါမှာ အာဟာရနဲ့ လှုပ်ရှားမှုနဲ့က မျှတပြီး ကျန်းမာအသက်ရှည်ကြပါတယ်။

၂၁ ရာစု နေထိုင်မှုပုံစံကို ရောက်ရှိလာတဲ့အခါ လူတွေက မြို့ပြကြီးတွေမှာ စုစည်းနေထိုင်ရတယ်။ အစားအသောက်ဆိုရင်လည်း အရသာရှိအောင် သကြားတွေ၊ ဆီတွေ၊ ဆားတွေ၊ ဟင်းချိုမှုန့်တွေ အများကြီးပါဝင်တဲ့ အသင့်စား အစားအသောက်တွေကို စားသောက်ရတယ်။ ကိုယ်လက်လှုပ်ရှားမှုတွေလည်း နည်းပါးသွားပါတယ်။ ဒီလိုအခြေအနေမျိုးတွေကြောင့် တစ်ဖက်က မကူးစက်တတ်သော ရောဂါတွေ ဖြစ်ပွားလာမှုက အရှိန်အဟုန်နဲ့ တက်နေတဲ့အချိန် ကိုဗစ်–၁၉ ကူးစက်ကပ်ရောဂါက ဖြစ်ပွားလာပါတယ်။ ဒါကို ဘယ်လိုသတ်မှတ်ကြလဲဆိုတော့ ဒီကပ်ရောဂါနှစ်ခုက အမြွှာညီအစ်ကိုလို ပုံစံမျိုး (Twin Pandemic Pattern) နဲ့ တစ်ပြိုင်နက်တည်း လာဖြစ်နေတယ်။ ဒါက ၂၁ ရာစု လူသားတွေ ရင်ဆိုင်နေရတဲ့ ကျန်းမာရေးပြဿနာ ဖြစ်ပါတယ်။ ဒီလိုမျိုး ကပ်ရောဂါနှစ်ခု လာဆုံတဲ့အခါ ခုနကပြောသလို ကူးစက်ရောဂါဖြစ်ပွားမှုအပေါ်မှာ ထပ်ပိုးပြီး မကူးစက်ရောဂါ အခံတွေကြောင့် သေဆုံးမှုတွေကိုပါ တိုးစေပြီး ရင်ဆိုင်နေရတဲ့ အနေအထားဖြစ်ပါတယ်။

မကူးစက်တတ်တဲ့ရောဂါတွေဖြစ်တဲ့ ဆီးချို၊ သွေးတိုး၊ နှလုံးတို့ ဒါတွေက ကျွန်တော်တို့ နိုင်ငံမှာလည်း ဖြစ်ပွားနေတာရှိပါတယ်။ ဒီလိုဖြစ်ပွားတဲ့ အကြောင်းရင်းကို ပြန်ကြည့်တဲ့အခါ ၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ပူးပေါင်းပြီး မကူးစက်တတ်တဲ့ရောဂါတွေ ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေနဲ့ ပတ်သက်လို့ The National Survey of Diabetes and Risk Factors for Non-communicable Diseases in Myanmar ဆိုတဲ့ စစ်တမ်းတစ်ခုလုပ်ခဲ့ပါတယ်။ ဒီလိုစစ်တမ်း လုပ်တဲ့အခါမှာ မြန်မာနိုင်ငံမှာရှိတဲ့ မြို့ပေါင်း ၅၂ မြို့က လူဦးရေ ၈၇၅၇ ဦးကို မေးခွန်းတွေ မေးမြန်းခဲ့ပါတယ်။ သွေးတွေဖောက်ပြီး စစ်တမ်းကောက်ခဲ့တယ်။ အသက် ၂၅ နှစ်ကနေ ၆၄ နှစ် အသက် အပိုင်းအခြားအတွင်းမှာရှိတဲ့ လူဦးရေ ၈၇၅၇ ဦးကို စစ်တမ်းကောက်ခဲ့တဲ့ အချက်အလက်တွေကို တင်ပြချင်ပါတယ်။

**ဒီစစ်တမ်းထဲမှာ ဘာတွေ့ရလဲဆိုတော့ လူဦးရေ ၈၇၅၇ ဦးထဲမှာ ဆေးလိပ်သောက်တဲ့နှုန်းက အသက် ၂၅ နှစ်ကနေ ၆၄ နှစ် အသက်အပိုင်းအခြား** အတွင်း ၂၆ ဒသမ ၁ ရာခိုင်နှုန်းရှိနေတာ တွေ့ရပါတယ်။ အမျိုးသားက ၄၃ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး အမျိုးသား ၁၀၀ မှာ ၄၀ လောက်က ဆေးလိပ်သောက်တာကို တွေ့ရပါတယ်။ တစ်ဝက်နီးနီးလောက်က ဆေးလိပ်သောက်တယ်ဆိုတဲ့ သဘောမျိုးတွေ့ရပါတယ်။ အမျိုးသမီးတွေထဲမှာ ဆေးလိပ်သောက်တဲ့နှုန်းက ၈ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်တဲ့အတွက် လူ ၁၀၀ မှာ ၈ ယောက်က သောက်တဲ့သဘော တွေ့ရှိရပါတယ်။ ဒါကအမျိုးသားတွေမှာ ဆေးလိပ်သောက်သုံးမှုနဲ့ ပတ်သက်ပြီး အလွန်စိုးရိမ်စရာကောင်းတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါကလည်း မကူးစက်တတ်တဲ့ ရောဂါတွေ ဖြစ်ပွားစေတဲ့ အကြောင်းရင်းတစ်ခု ဖြစ်ပါတယ်။ ယခုလို ကိုဗစ်ကာလဆို ပိုပြီးအရေးကြီးပါတယ်။ နဂိုက ဆေးလိပ်သောက်လို့ အဆုတ်က မကောင်းတဲ့ အချိန်မှာ ကိုဗစ် – ၁၉ ရောဂါ ထပ်မံဖြစ်ပွားခဲ့ရင် ရောဂါကို နှစ်ထပ်ကွမ်း ခံစားရတဲ့အခါ လူနာတွေအနေနဲ့ တော်တော်ကြီးကို ပြင်းပြင်းထန်ထန် ခံစားရတဲ့ သဘာဝရှိပါတယ်။

နောက်တစ်ခုက လူဦးရေ ၈၇၅၇ ဦးထဲမှာ ဆေးရွက်ကြီးဖြစ်တဲ့ ကွမ်းယာစားသုံးမှုနှုန်းက ၄၃ ဒသမ ၂ ရာခိုင်နှုန်းရှိပါတယ်။ ဒီအထဲမှာ အမျိုးသားက ၆၂ ဒသမ ၂ ရာခိုင်နှုန်းနဲ့ အမျိုးသမီးက ၂၄ ဒသမ ၁ ရာခိုင်နှုန်း ရှိပါတယ်။ အမျိုးသား၊ အမျိုးသမီး ကွမ်းယာစားသုံးမှုနှုန်းကို ပေါင်းလိုက်ရင် ၄၃ ဒသမ ၂ ရာခိုင်နှုန်း ဖြစ်သွားတယ်။ အမျိုးသား ၁၀၀ မှာ ၆၂ ယောက်ခန့်က ဆေးရွက်ကြီးပါတဲ့ ကွမ်းယာစားသုံးတဲ့သဘောပါ။ အမျိုးသားတစ်ဝက်ခန့်ဖြစ်တဲ့ ၄၄ ဒသမ ၅ ရာခိုင်နှုန်းကလည်း နေ့စဉ် ဆေးရွက်ကြီးပါတဲ့ ကွမ်းယာစားသုံးတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ဆေးလိပ်သောက်သုံးမှုနဲ့ ကွမ်းစားသုံးမှုမှတစ်ဆင့် ကင်ဆာရောဂါပေါင်းစုံ အပါအဝင် မကူးစက်တတ်သောရောဂါမျိုးစုံဖြစ်စေတဲ့ ဆေးရွက်ကြီးသုံးစွဲမှုကလည်း ကျွန်တော်တို့မှာ အတော်များနေတာ တွေ့ရှိရပါတယ်။

ဆေးလိပ်သောက်သုံးမှုအပြင် ထပ်ဆင့်တွေ့ရှိရတာက တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ရတာ ရှိပါတယ်။ ဒီလိုတစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ရတဲ့သူက ပိုပြီးအန္တရာယ်များတာကို တွေ့ရပါတယ်။ စီးကရက်သောက်သုံးသူ တစ်ဦးဖြစ်ဖြစ်၊ ဆေးပေါ့လိပ်သောက်သုံးသူ တစ်ဦးဖြစ်ဖြစ် သူတို့မှာ ဆေးလိပ်ရဲ့ အစီခံဆိုတာ ရှိပါတယ်။ ဒီဆေးလိပ်အစီခံထဲကို ဆေးလိပ်အငွေ့က ဖြတ်ပြီးလာရတဲ့အခါ ဆေးလိပ်သောက်သူထံ ဆေးလိပ်ထဲမှာပါဝင်တဲ့ အန္တရာယ်ရှိတဲ့ ကတ္တရာလိုဟာမျိုးတွေက ဆေးလိပ်အစီခံထဲ ကျန်ခဲ့ပါတယ်။ ဒါပေမယ့် ဘေးပတ်ဝန်းကျင်က ဆေးလိပ်ငွေ့ရှူရသူအနေနဲ့ ဆေးလိပ်အစီခံမရှိဘဲ ဒီအတိုင်းဆေးလိပ်ငွေ့ကို အနားမှာရှိတဲ့ ကလေးတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေ၊ သက်ကြီးရွယ်အို အမျိုးသမီးတွေက တိုက်ရိုက်ရှူရတဲ့အခါ ဒီလို တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူသူတွေက ဆေးလိပ် တိုက်ရိုက်သောက်တဲ့သူတွေထက် ပိုပြီးအန္တရာယ်များပါတယ်။ ဒါကြောင့် တစ်ဆင့်ခံ ဆေးလိပ်ငွေ့က အလွန်ကြောက်စရာကောင်းပါတယ်။ ဒီလို တစ်ဆင့်ခံဆေးလိပ်ငွေ့ကို တစ်လအတွင်း အိမ်တွင်းမှာ ရှူမိတဲ့သူက ၃၉ ဒသမ ၁ ရာခိုင်နှုန်း ရှိပါတယ်။ ခုနက လူဦးရေ ၈၇၅၇ ဦးထဲမှာ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ကို အိမ်တွင်းရှူမိတဲ့သူက ၄၀ ရာခိုင်နှုန်းနီးပါး ရှိပါတယ်။ ဒါက လူ ၁၀ ယောက်မှာ ၄ ယောက်ဆိုတဲ့အတွက် များပါတယ်။ အိမ်မှာ နေရင်း ဆေးလိပ်သောက်သုံးသူလည်း တော်တော်များတဲ့ သဘောပါ။ ဒါကလည်း မကူးစက်တတ်တဲ့ ရောဂါတွေ ဖြစ်ပွားမှုများစေတဲ့ အကြောင်းတစ်ခု ဖြစ်ပါတယ်။

နောက်တစ်ခုက အရက်သောက်သုံးမှု ဖြစ်ပါတယ်။ လူဦးရေ ၈၇၅၇ ဦးထဲမှာ စစ်တမ်းကောက်တဲ့အချိန်မတိုင်မီ ရက် ၃၀ အတွင်းမှာ အရက်သောက်သုံးသူက ၁၉ ဒသမ ၈ ရာခိုင်နှုန်းရှိတဲ့အတွက် ၂၀ ရာခိုင်နှုန်းနီးပါးရှိပါတယ်။ ဒီအထဲမှာ အမျိုးသားတွေက ၃၈ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးက ၁ ဒသမ ၅ ရာခိုင်နှုန်းရှိတယ်။ ဒီလိုအရက်သောက်သုံးတွေထဲမှာ တစ်နှစ်အတွင်း နေ့စဉ်အရက်သောက်သုံးဖြစ်တဲ့သူ ၂၃ ဒသမ ၉ ရာခိုင်နှုန်းရှိတဲ့အတွက် အရက်သောက်တဲ့ လူ ၄ ယောက်မှာ တစ်ယောက်က နေ့တိုင်းအရက်သောက်သူတွေ ဖြစ်နေပါတယ်။ ဒီလိုနေ့တိုင်း သောက်ဖြစ်တယ်ဆိုတာက အရက်ကို စွဲလမ်းနေတဲ့သဘောရှိပါတယ်။ ဒီလူတွေကလည်း နောက်ပိုင်းမှာ အရက်ကြောင့် ဖြစ်လာတဲ့ အသည်းရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါ အပါအဝင် နောက်ဆက်တွဲရောဂါတွေ မျိုးစုံခံစားရနိုင်ပါတယ်။

လူဦးရေ ၈၇၅၇ ဦးထဲမှာ အသီးအရွက်စားသုံးမှုအနေနဲ့ကလည်း အတော်နည်းတာ တွေ့ရပါတယ်။ စားသင့်တဲ့ အသီးအရွက်စားသုံးမှုနှုန်းကို မပြည့်မီတဲ့သူက ၈၆ ဒသမ ၆ ရာခိုင်နှုန်းဖြစ်တဲ့အတွက် လူ ၁၀၀ မှာ ၈၆ ယောက်က အသီးအရွက်ကို စားသင့်တဲ့ ပမာဏစားသုံးမှုနည်းနေတာကို တွေ့ရပါတယ်။

> **“လူငယ်လူရွယ်တွေ၊ ရောဂါအခံမရှိသူတွေအနေနဲ့ ပြန်ကောင်းလာနိုင်တဲ့ ရာခိုင်နှုန်းမြင့်မားပေမယ့် မကူးစက်တတ်သော ရောဂါအခံရှိတဲ့လူတွေ၊ အသက်အရွယ်ကြီးရင့်သူတွေကို ကိုဗစ်ရောဂါကူးစက်ရင် အလွန်စိုးရိမ်ရပါတယ်။ ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ တတိယလှိုင်း ဖြစ်ပွားနေတဲ့အချိန်မှာ ရောဂါပိုးတွေ့ရင် ဆေးရုံ (သို့မဟုတ်) ကုသရေးစင်တာမှာ ခုတင်နေရာမရှိလို့ စောင့်နေရတဲ့အချိန် ပိုးတွေ့တဲ့သူတွေကို အိမ်မှာထားဖို့ ကျွန်တော်တို့အနေနဲ့ တစ်ခါမှ မထောက်ခံခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုပိုးတွေ့တဲ့သူတွေကို အိမ်မှာထားရင်းနဲ့ အိမ်မှာ မကူးစက်တတ်တဲ့ ရောဂါအခံရှိတဲ့ သက်ကြီးရွယ်အိုတွေကို ဆက်ပြီးကူးစက်ရင် သေဆုံးမှုနှုန်းမြင့်မှာ စိုးရိမ်တဲ့အတွက်ဖြစ်ပါတယ်”**

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

စားတော့ စားတယ်။ ဒါပေမယ့် အသီးအရွက်ကို စားသင့်စားထိုက်တဲ့ ပမာဏမစားဘူးလို့ ဆိုလိုတာပါ။ အသီးအရွက် ပုံမှန်စားသုံးခြင်းကို ပြန်ကြည့်ရင် အမျိုးသမီးနဲ့ အမျိုးသားမှာ အမျိုးသမီးက နည်းနည်းပိုစားတယ်၊ အမျိုးသားတွေက အသီးအရွက်ကို သိပ်မစားချင်ဘူးဆိုတဲ့ သဘောမျိုးတွေ့ရပါတယ်။ အသီးအရွက် ပုံမှန်စားသုံးမှုနည်းတာက တစ်ဖက်က မကူးစက်တတ်သောရောဂါတွေ ဖြစ်ပွားမှုကို အားပေးပါတယ်။

ကိုယ်လက်လှုပ်ရှားမှုအနေနဲ့ လူဦးရေ ၈၀၀၀ ကျော်လောက်မှာ ၁၅ ဒသမ ၇ ရာခိုင်နှုန်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားတဲ့ ကိုယ်လက်လှုပ်ရှားသင့်တဲ့ ပမာဏ တစ်ပတ်မှာ မိနစ် ၁၅၀ ပတ်ဝန်းကျင်လောက်ကို ခပ်သွက်သွက်လမ်းလျှောက်တာဖြစ်ဖြစ်၊ အလုပ်ကို ကိုယ်လက်လှုပ်ရှားမှုလို ပြင်းပြင်းထန်ထန် လုပ်တာဖြစ်ဖြစ် စသဖြင့် ပေါင်းလိုက်ရင် မပြည့်မီတာကို တွေ့ရပါတယ်။

အဝလွန်တဲ့သူတွေလည်း များတာတွေ့ရတယ်၊ Body Mass Index – BMI က ၂၅ ထက်များရင် စပြီးဝလာပြီလို့ ပြောလို့ရပါတယ်။ အဝလွန်တဲ့သူ အမျိုးသားမှာ ၁၄ ဒသမ ၁ ရာခိုင်နှုန်းရှိတယ်။ အမျိုးသမီးမှာ ၃၀ ဒသမ ၈ ရာခိုင်နှုန်းရှိတယ်။ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ အမျိုးသမီးတွေက အိမ်ထောင်ပြုပြီးသွားရင် သူများအတွက် ချက်ပြုတ်ပြင်ဆင်ပေးရင်း၊ ကိုယ်လည်းစားရင်း ပိုပြီးဝလာတာကို တွေ့ရတယ်။ သွေးပေါင်ချိန်ကြည့်လိုက်တဲ့အခါ သွေးတိုးတယ်လို့ ပြောလို့ရတဲ့ ပမာဏ အပေါ်သွေး ၁၄၀ နဲ့ အောက်သွေး ၉၀ ထက် ပိုပြီးတက်နေတာက ၂၆ ဒသမ ၄ ရာခိုင်နှုန်းရှိပါတယ်။ ထူးဆန်းတာက အမျိုးသားတွေက ၂၄ ဒသမ ၇ ရာခိုင်နှုန်းနဲ့ အမျိုးသမီးက ၂၈ ရာခိုင်နှုန်း ရှိပါတယ်။ အမျိုးသမီးတွေက ဝလည်းပိုဝတယ်။ သွေးလည်း တိုးနေတယ်ဆိုတဲ့ သဘောဖြစ်တယ်။


နောက်ပြီး သွေးထဲမှာရှိတဲ့ သကြားဓာတ်၊ သွေးချိုကို တိုင်းကြည့်တဲ့အခါ သွေးချိုတက်တဲ့ ပမာဏ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိတယ်။ အမျိုးသားတွေက ၄ ဒသမ ၇ ရာခိုင်နှုန်းနဲ့ အမျိုးသမီးတွေက ၇ ရာခိုင်နှုန်းရှိတယ်၊ ဒီအထဲမှာမှ အစာစားပြီးပြန်တိုင်းကြည့်လိုက်တဲ့အခါ ဆီးချိုဖြစ်နိုင်တဲ့ ပမာဏရှိနေတဲ့ လူတွေက ၁၀ ဒသမ ၅ ရာခိုင်နှုန်းရှိတယ်ဆိုတော့ လူ ၁၀ ယောက်မှာ တစ်ယောက်ရှိနေတာကို တွေ့ရပါတယ်။

သွေးတွင်းအဆီဓာတ် ကိုလက်စရော တိုင်းကြည့်လိုက်တဲ့အခါမှာလည်း သွေးတွင်းအဆီဓာတ်တွေများနေတဲ့သူက ၃၆ ဒသမ ၇ ရာခိုင်နှုန်းလောက်ရှိနေပြီး ဒီအထဲမှာပြန်ကြည့်ရင် အမျိုးသားက ၃၀ ဒသမ ၇ ရာခိုင်နှုန်း၊ အမျိုးသမီးက ၄၂ ဒသမ ၅ ဆိုတော့ အမျိုးသမီးတွေမှာ သွေးတွင်းအဆီဓာတ် ပိုတဲ့သူတွေ များနေတာကို တွေ့ရပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ၁၀ နှစ်ကြာရင် နှလုံးနဲ့ သွေးကြောရောဂါတွေ ဘယ်လောက်ဖြစ်နိုင်တယ်ဆိုတာကို တွက်ချက်တဲ့ ဖော်မြူလာ (10–year Risk and Combined NCD Risk Factor) ရှိပါတယ်။ ဒါနဲ့ အသက် ၄၀ နဲ့ ၆၄ နှစ်ကြားကို တွက်ကြည့်လိုက်တဲ့အခါ ၁၂ ဒသမ ၁ ရာခိုင်နှုန်းက နှလုံးနဲ့သွေးကြောရောဂါ တစ်ခုလောက်ရှိနေခြင်း (သို့မဟုတ်) လာမည့် ၁၀ နှစ်အတွင်း နှလုံးနဲ့ သွေးကြောရောဂါတွေ ရောဂါတွေဖြစ်နိုင်တဲ့ ရာခိုင်နှုန်းက ၃၀ ရာခိုင်နှုန်းအထက်ရှိပါတယ်။ တစ်နည်းအားဖြင့် လာမည့် ၁၀ နှစ်အတွင်း နှလုံးနဲ့ သွေးကြောရောဂါတွေ ဖြစ်နိုင်ခြေမြင့်မားတဲ့ အုပ်စုထဲမှာပါတယ်လို့ ဆိုလိုပါတယ်။ ဒီအထဲမှာ အမျိုးသားက ၉ ရာခိုင်နှုန်းနဲ့ အမျိုးသမီးက ၁၆ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးတွေက ပိုများနေပါတယ်။

ဒီစစ်တမ်းကနေလေ့လာခဲ့တဲ့ အသက် ၂၅ နှစ်ကနေ ၆၄ နှစ်အတွင်းရှိ လူဦးရေ ၈၇၅၇ ဦးမှာ ဆေးလိပ်သောက်တာ၊ ဝနေတာ၊ သွေးတိုးတာ၊ သွေးချိုတက်တာ၊ အသီးအရွက်စားတာ နည်းတာ၊ ကိုယ်လက်လှုပ်ရှားမှုနည်းတာ စသဖြင့် မကူးစက်တတ်သောရောဂါ တစ်ခုခုဖြစ်နိုင်တဲ့ အကြောင်းအရာ (Risk Factor) အနည်းဆုံး တစ်ခုရှိနေတာက ၉၄ ရာခိုင်နှုန်းအထိ ရှိတာကို တွေ့ရပါတယ်။

**ဒီလိုမျိုး မကူးစက်တတ်သောရောဂါ ဖြစ်နိုင်တဲ့အကြောင်းရင်းတွေ သုံးခုကနေ ငါးခုအထိရှိတဲ့ လူက အသက်၂၅ နှစ်နှင့် ၄၄ နှစ် အုပ်စုမှာ ၁၄ ဒသမ ၆ ရာခိုင်နှုန်း ရှိတယ်။ အသက် ၄၅ နှစ်ကနေ ၆၄ နှစ်အတွင်း ၂၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တက်လာတာကို တွေ့ရပါတယ်။ အသက် ၄၅ နှစ်အထက်ဆိုရင် မကူးစက်တတ်သော ရောဂါဖြစ်ပွားဖို့အတွက် အကြောင်းရင်း သုံးခုကနေ ငါးခုအထိ ဖြစ်နေတဲ့သူက ၃ပုံ၁ပုံလောက်ဖြစ်နေတဲ့သဘောပါ။**



**မကူးစက်တတ်သောရောဂါတွေကို တဖြည်းဖြည်းနဲ့ ခံစားလာနေရတဲ့သူတွေ များလာနိုင်တဲ့သဘောဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာလည်း ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ ဒီအတိုင်းပဲ ဖြစ်နေပါတယ်။**

ဒီလို မကူးစက်တတ်သော ရောဂါတွေ ခံစားနေရတဲ့အချိန်နဲ့ တစ်ဖက်က ကိုဗစ်–၁၉ ရောဂါဝင်လာတဲ့အခါ ဒီနှစ်ခုပေါင်းတဲ့ဝေဒနာကို ခံစားရပါတယ်။ ဒီစစ်တမ်းက ပြီးခဲ့တဲ့ ခုနစ်နှစ်လောက်က ပြုလုပ်ထားတဲ့ စစ်တမ်းဖြစ်ပါတယ်။ ဒီအချိန်မှာ ဒီထက်များလာစရာပဲရှိတယ်။ ဒီအနေအထားကနေ ဒီလို ကိုဗစ်–၁၉ ဖြစ်ပွားလာတဲ့အခါ ရောဂါပြင်းထန်စွာဖြစ်ပွားနိုင်မှုက အတော်စိုးရိမ်စရာကောင်းတဲ့ အနေအထားကို ရောက်လာပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ မိန့်ခွန်းထဲမှာလည်း ပါပါတယ်။ တတိယလှိုင်းမှာ ဝင်လာတဲ့ဗိုင်းရပ်စ်က ‘ဒယ်လ်တာ’ ဗိုင်းရပ်စ်မျိုးကွဲဖြစ်တယ်။ သူ့ရဲ့ ကူးစက်မှုကလည်း မူလဗိုင်းရပ်စ်ထက်စာရင် အနည်းဆုံး ၂ ဆကနေ ၃ ဆအထိပိုမြန်တယ်။ ဆပွားတိုးပြီး ကူးစက်မှုတွေ ဆက်တိုက်ရှိတဲ့အခါ ကူးစက်မှုနှုန်းတွေက မြင့်မားနေတဲ့အနေအထားဖြစ်ပါတယ်။

လူငယ်လူရွယ်တွေ၊ ရောဂါအခံမရှိသူတွေအနေနဲ့ ပြန်ကောင်းလာနိုင်တဲ့ ရာခိုင်နှုန်းမြင့်မားပေမယ့် မကူးစက်တတ်သော ရောဂါအခံရှိတဲ့လူတွေ၊ အသက်အရွယ်ကြီးရင့်သူတွေကို ကိုဗစ်ရောဂါ ကူးစက်ရင် အလွန်စိုးရိမ်ရပါတယ်။ ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ တတိယလှိုင်း ဖြစ်ပွားနေတဲ့အချိန်မှာ ရောဂါပိုးတွေ့ရင် ဆေးရုံ (သို့မဟုတ်) ကုသရေးစင်တာမှာ ခုတင်နေရာမရှိလို့ စောင့်နေရတဲ့အချိန် ပိုးတွေ့တဲ့သူတွေကို အိမ်မှာထားဖို့ ကျွန်တော်တို့အနေနဲ့ တစ်ခါမှမထောက်ခံခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုပိုးတွေ့တဲ့သူတွေကို အိမ်မှာထားရင်းနဲ့ အိမ်မှာ မကူးစက်တတ်တဲ့ရောဂါအခံရှိတဲ့ သက်ကြီးရွယ်အိုတွေကို ဆက်ပြီးကူးစက်ရင် သေဆုံးမှုနှုန်းမြင့်မှာ စိုးရိမ်တဲ့အတွက်ဖြစ်ပါတယ်။ ဒါပေမယ့် ရောဂါဖြစ်ပွားသူ အလွန်များပြားတဲ့အခါ အခြေအနေအရ ဒီလိုအိမ်မှာထားခဲ့ရတာတွေ ရှိတယ်လို့ သိရပါတယ်။

ယခင်နဂိုမူလဗိုင်းရပ်စ်က လေးရက်ကနေ ငါးရက်အတွင်းမှာ နှစ်ယောက်ကနေ သုံးယောက်ကူးတယ်ဆိုပေမယ့် ယခုဗိုင်းရပ်စ်မျိုးကွဲက လေးရက်ကနေ ငါးရက်အတွင်းမှာ ငါးယောက်ကနေ ရှစ်ယောက် ကူးပါတယ်။ နောက်ပိုင်းထွက်လာတဲ့ စာတမ်းတွေအရ ၉ ဒသမ ၅ ယောက်ဆိုတဲ့အတွက် ၁၀ ယောက်နီးပါး ကူးစက်သလောက် ဖြစ်လာနေပါပြီ။ ကူးစက်မှုနှုန်းမြန်တဲ့အခါ ပိုးတွေ့သူတွေက အိမ်မှာနေရင် အသက်အရွယ်ကြီးရင့်သူ၊ အသက် ၄၅ နှစ်အထက်ဆိုရင် မကူးစက်တတ်သော ရောဂါဖြစ်ပွားနိုင်တဲ့ အကြောင်းရင်း တစ်ခုခုရှိနေတဲ့သူတွေကို ဆက်တိုက်ကူးစက်သွားရင် သူတို့အတွက် စိုးရိမ်စရာ ကောင်းပါတယ်။

ဒါကြောင့် **ပိုးတွေ့သူတွေ အိမ်မှာနေတာကို တတ်နိုင်သလောက် အားမပေးသင့်ပါဘူး။ ပြည်သူလူထုအခြေပြုကိုဗစ်–၁၉ပိုးတွေ့ရှိတဲ့သူတွေထားတဲ့ စင်တာတွေမှာ နေသင့်ပါတယ်။ ဒါကြောင့် ဖြစ်နိုင်ရင် ရောဂါပိုးတွေ့ရှိတဲ့ အတည်ပြုလူနာတွေက ဒေသန္တရ ကျန်းမာရေးဌာနတွေကို ဆက်သွယ်ပါ။ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတွေကို ဆက်သွယ်ပါ။ စောစောစီးစီး ကျန်းမာရေးစောင့်ရှောက်မှုစနစ်နဲ့ ရအောင်ဆက်သွယ်ချိတ်ဆက်ကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။** ပိုးတွေ့ထားသူတွေ ကိုဗစ်ကုသရေး စင်တာတွေကို ရောက်သွားမှ အိမ်မှာရှိတဲ့သူတွေကို ကူးတာသက်သာမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ကူးစက်မြန်ဒယ်လ်တာမျိုးကွဲမှာ ပိုပြီးအရေးကြီးပါတယ်။

အိမ်မှာရှိတဲ့ အသက်အရွယ် ကြီးရင့်သူ၊ ရောဂါအခံရှိသူတွေအနေနဲ့ ဘယ်လိုနေထိုင်သင့်သလဲဆိုရင် ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂ ရက် နေ့စွဲနဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူသို့ပန်ကြားချက်ဆိုပြီး ထုတ်ပြန်ထားပါတယ်။ နံပါတ် ၁ က အိမ်မှာနေထိုင်ဖို့၊ နံပါတ် ၂ က ဧည့်သည်လက်မခံဖို့၊ ကိုယ်တိုင်လည်း ဧည့်သည်အဖြစ် လျှောက်မလည်ဖို့၊ အထူးပြောကြားလိုတဲ့အချက်က နံပါတ် ၃ ပါ။ ဒါက အိမ်မှာ အသက် ၆၅ နှစ်အထက် အသက်အရွယ်ကြီးရင့်သူ သို့မဟုတ် ဆီးချို၊ နှလုံး၊ သွေးတိုးစတဲ့ နာတာရှည်ရောဂါတစ်ခုခု ရှိတဲ့သူတွေက မိမိအိမ်မှာနေတဲ့အခါမှာလည်း ပါးစပ်နဲ့နှာခေါင်းစည်း တပ်ပြီးနေသင့်တယ်ဆိုတဲ့ အချက်ပါ။ ဒါကိုကျန်းမာရေးဝန်ကြီးဌာနက တရားဝင်ထုတ်ပြန် အသိပေးထားပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အပြင်ထွက်တဲ့သူလည်း ကိုယ့်အိမ်မှာရှိမှာပါ၊ ဘယ်သူ့မှာ ပိုးပါလာမှန်း မသိနိုင်ဘူး၊ ပိုးတွေ့တယ် Positive ဖြစ်ပြီဆိုတာလည်း စစ်ကြည့်မှ သိနိုင်တဲ့အနေအထားမှာ ဒီလိုအိမ်ကို ပိုးသယ်လာတဲ့သူတွေကနေတစ်ဆင့် ကူးစက်လိုက်ရင် အိမ်မှာရှိတဲ့ စောစောကပြောခဲ့သူတွေအနေနဲ့ အန္တရာယ်ရှိနိုင်တဲ့အတွက် အပြင်ထွက်တဲ့သူရှိတဲ့အိမ်ဆိုရင် ဖြစ်နိုင်ရင် မကူးစက်တဲ့ရောဂါအခံရှိသူတွေ၊အသက်အရွယ်ကြီးရင့်သူတွေက Mask ကို အိမ်မှာတပ်ထားသင့်ပါတယ်။ နှာခေါင်း၊ ပါးစပ်တွေကနေ ဗိုင်းရပ်စ်ပိုး အများဆုံးဝင်တဲ့ ဝင်ပေါက်ဖြစ်နေတဲ့အတွက် ဖြစ်ပါတယ်။ နှာခေါင်းက လေကိုရှူသွင်းနေရတယ်။ လေရှူသွင်းလိုက်တိုင်း အန္တရာယ်က ရှိနေတဲ့အတွက် နှာခေါင်း၊ ပါးစပ်တွေကို ပိုပြီးကာကွယ်ပေးဖို့လိုပါတယ်။ နောက်တစ်ခုက လေဝင်လေထွက် ကောင်းတဲ့နေရာ ဖြစ်နေရင် ဗိုင်းရပ်စ်ကရှိနေရင်တောင်မှ လေနဲ့ပါသွားတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာနက အိမ်မှာနေရင်လည်း Mask ကို တပ်ထားပါ၊ လေဝင်လေထွက်ကောင်းတဲ့ နေရာမှာနေပါလို့ အကြံပြုထားပါတယ်။

မကူးစက်တတ်သောရောဂါတွေ ဖြစ်ပွားတာကို နောက်ဆက်တွဲ ဆိုးကျိုးတွေဝင်မလာခင် စောစောသိရှိပြီး ဆေးကုနိုင်ဖို့ ပုံမှန်ကျန်းမာရေး စစ်ဆေးမှုခံယူဖို့၊ သွေးပေါင်မှန်မှန်ချိန်ဖို့၊ သွေးထဲမှာ သကြားဓာတ် ဘယ်လောက်ရှိသလဲဆိုတာကို အသက် ၄၀ ကျော်လာတဲ့အခါ ပုံမှန်စစ်ဖို့လိုပါတယ်။ ရောဂါဖြစ်နေတာကို စောစောစီးစီးကုသရင် နောက်ဆက်တွဲ ပြင်းပြင်းထန်ထန် ဖြစ်ပွားတာ၊ မကြာခဏ ဆေးရုံတက် ကုသနေရတာတွေ လျော့ကျမှာဖြစ်ပါတယ်။

မကူးစက်တတ်သောရောဂါ ဖြစ်ပွားတဲ့သူတွေအများစုက ရောဂါလက္ခဏာ တစ်ခုခုပြလာရင် ဆရာဝန်ဆီကိုသွား၊ ဆရာဝန်ပေးတဲ့ ဆေးကိုသောက်၊ ကောင်းသွားရင် ဆက်ပြီးမသွားတော့ဘူး။ ဒီလိုလုပ်တာသည် မကူးစက်တတ်သောရောဂါရဲ့ နောက်ဆက်တွဲ ရောဂါတွေကို ပိုပြီးဆိုးစေတဲ့အပြင် နောက်ပိုင်းမှာ ရောဂါရင့်လာတာနဲ့အမျှ ဆေးကုသမှုစရိတ်တွေက ပိုပြီးတက်လာပါတယ်။ ပုံမှန် စမ်းသပ်ရောဂါရှာဖွေတာနဲ့ မရတော့ဘူး။ ရောဂါနာမည်ရှာဖွေရမှာတောင် ကုန်ကျစရိတ် များလာပါတယ်။ ကုသရတဲ့ဆေးဝါးတွေ၊ ခွဲစိတ်ရတယ်ဆိုရင် ကျန်းမာရေး ကုန်ကျစရိတ်တွေက တက်သည်ထက် ပိုပြီးတက်လာမှာဖြစ်ပါတယ်။

ဒီလိုမျိုး မကူးစက်တတ်သော ရောဂါရှိတဲ့သူတွေက ဆရာဝန်တွေ ဆေးခန်းတွေရှိရာကို လူနာတွေက သွားပြရတဲ့ ကျန်းမာရေးစနစ်က ကျွန်တော်တို့ဆီမှာလည်း အတူတူပါပဲ၊ ဒါကို ဆရာဝန် ဗဟိုပြု ကျန်းမာရေးစောင့်ရှောက်မှုစနစ် (Clinician Centric Approach) လို့ခေါ်ပါတယ်။

ဒီအချိန်ကာလက ကိုဗစ် –၁၉ နဲ့ တိုက်ဆိုင်နေတဲ့ ကာလဖြစ်ပါတယ်။ ပုဂ္ဂလိက ကျန်းမာရေး ဆေးခန်းတွေဆိုရင် တော်တော်များများ မဖွင့်နိုင်တဲ့ကာလ၊ အချို့ဖွင့်တဲ့ဆေးခန်းတွေက ဆရာကြီးတွေဆိုရင် တော်တော်များများ ကူးစက်ခံရတာလည်းရှိတဲ့အတွက် Clinician Centric Approach က လတ်တလောမှာ သိပ်ပြီးအဆင်မပြေသလို တစ်ခုခုဖြစ်တာနဲ့ ဆေးခန်း/ဆေးရုံ သွားပြချင်တဲ့ မကူးစက်တတ်သော ရောဂါရှိတဲ့သူတွေအနေနဲ့ သိပ်အဆင်မပြေပါဘူး။

*စာမျက်နှာ ၁၈ သို့*

# ကချင်ပြည်နယ်အတွင်း ဆေးနှင့် ဆေးပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး၊ သတ်မှတ်အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်မှုရှိစေရေး ဆေးဆိုင်များ၊ အရောင်းကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား ဩဂုတ် ၁၀

**ကချင်ပြည်နယ်၌ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ဒေသတွင်း ဆေးနှင့် ဆေးပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး သတ်မှတ်အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာ ရောင်းချဖြန့်ဖြူးပေးနိုင်ရေးတို့အတွက် ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ် ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ မြစ်ကြီးနားမြို့ရှိ ဆေးဆိုင်များ၊ အရောင်းကိုယ်စားလှယ်များမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကြသည်။**




ပြည်နယ်အတွင်း ဆေးနှင့် ဆေးပစ္စည်းများ ပြတ်လပ်မှု မဖြစ်ပေါ်စေရေး အတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဒေသတွင်း ပြည်သူများလိုအပ်သည့် ဆေးဝါးများ အလွယ်တကူဝယ်ယူရရှိနိုင်ရေးအတွက် အဓိကပံ့ပိုးကူညီနေကြသည်မှာ ဆေးဆိုင်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုလို ကပ်ရောဂါဖြစ်ပွားစဉ် ကာလအတွင်း ဆေးဆိုင်များ ဆေးဝါးပြတ်လပ်မှုမရှိစေရေးနှင့် ပုံမှန်ဈေးနှုန်းအတိုင်း ရောင်းချရေး၊ ဈေးနှုန်း တည်ငြိမ်ရေးသည် လိုအပ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဆေးနှင့် ဆေးပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများကို ညှိနှိုင်းပေါင်းစပ်၍ ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်လင်းအောင်က ဆေးဝါးနှင့် ဆေးပစ္စည်းများ ဈေးကွက် စောင့်ကြည့်စစ်ဆေးကြပ်မတ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဆေးဆိုင်များ၊ အရောင်းကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ဆေးဆိုင်များ၏ ဆေးဝါးရောင်းချမှုသည် ပြည်သူများအတွက် အဓိကကျသည့် အချက်များနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆေးဆိုင်များနှင့် အရောင်းကိုယ်စားလှယ်များက ဆေးဆိုင်များ ဖွင့်လှစ်ရောင်းချပေးနေမှု၊ ဆေးဝါးပစ္စည်းများမှာယူတင်သွင်းနိုင်မှု အခြေအနေများနှင့် လိုအပ်သည့်အခက်အခဲများကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြပြီး ရှင်းလင်းဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဒေသတွင်း ဆေးနှင့် ဆေးပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး သတ်မှတ်အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာရောင်းချဖြန့်ဖြူးပေးနိုင်ရေးနှင့် ပတ်သက်၍ အလေးထားဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျန်းမာရေးဝန်ထမ်းများ၊ လူမှုအသင်းအဖွဲ့များ၊ ဆေးရုံတက်လူနာများနှင့် ဒေသခံပြည်သူများကို အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဩဂုတ် ၁၀**

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း (Volunteer) များနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် စေတနာရှင်အလှူရှင်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များက စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ ဆုံကွယ်ကျေးရွာနှင့် နားဖကျေးရွာတို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့သည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦး၊ လားရှိုးခရိုင်စီမံအုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် Mask ၃၀၀၀ တို့ကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရာမညပရဟိတ၊ အေးမြကြည်လင်ပရဟိတ လူမှုကူညီရေးအသင်းအဖွဲ့၊ မော်လမြိုင်လူမှုကူညီရေးအဖွဲ့နှင့် ဘိုဘိုဝင်းပရဟိတ လူမှုကူညီရေးအသင်းအဖွဲ့များသို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ကျိုက်မရောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ငွေကျပ် ၈၅ သိန်းတန်ဖိုးရှိ အောက်ဆီဂျင် Concentrator ငါးလုံးတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ကိုဗစ်-၁၉ အထောက်အကူပြုပစ္စည်းများဖြစ်သည့် လီတာ ၄၀ အောက်ဆီဂျင်အိုး အလုံး ၂၀၊ PPE ဝတ်စုံ ၁၀၀၊ အလှူငွေကျပ် ၅ သိန်းနှင့် စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်လျက်ရှိသည့် စေတနာ့ဝန်ထမ်း Volunteer များကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ဝယ်ယူအသုံးပြုရန်အတွက် အလှူငွေကျပ် ၁၂၃၉၀၀၀ ကိုလည်းကောင်း အသီးသီးထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

ကပ်ရောဂါဖြစ်ပွားစဉ်ကာလနဲ့ ကပ်ရောဂါအလွန်ကာလမှာ မကူးစက်တတ်သောရောဂါရှိတဲ့သူတွေအနေနဲ့ မိမိရောဂါအခြေအနေ မိမိကိုယ်တိုင်စောင့်ကြည့်ပြီး သောက်နေကျဆေးပုံမှန်သောက်ပြီး ကျန်းမာအောင်နေရတာက ရေရှည်အတွက် အလွန်ကောင်းမွန်ပါတယ်။ ဒါကို Self Care ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်၊ ကျန်းမာရေးနဲ့ ညီညွတ်စွာနေထိုင်စားသောက်၊ မိမိရောဂါအခြေအနေကို ကိုယ်တိုင်စစ်ဆေးပြီး မိမိဆရာဝန်ဆီကို ဆက်သွယ်တိုင်ပင် စသဖြင့် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်တာတွေကို လူနာဗဟိုပြု ကျန်းမာရေးစောင့်ရှောက်မှု (Patient Center Approach) လို့ခေါ်ပါတယ်။ ဥပမာ – အသက်အရွယ် ၄၀ ကျော်လာပြီဆိုရင် ကျန်းမာရေးစစ်ဆေးမှု ခံယူဖို့လိုပါတယ်။ မိမိကစပြီး စစ်ဆေးမှု Medical Check Up ခံယူဖို့ပါတယ်။ စစ်ဆေးပြီးလို့ ဆီးချို၊ သွေးတိုး စသဖြင့် ရှိနေပြီဆိုရင် သွေးတွင်းသကြားဓာတ်တိုင်းတာ၊ သွေးပေါင်ချိန်တာတို့၊ အထိုင်များရင် လှုပ်ရှားပေးတာတို့စသဖြင့် သွားလာနေထိုင်စားသောက်မှု ပုံစံကို မိမိဘာသာ မိမိပြန်ပြီးသုံးသပ်ပြုပြင်ဖို့လိုပါတယ်။ ဆရာဝန်ညွှန်ကြားထားတဲ့ဆေးမှန်မှန်သောက်ပြီး မိမိဘာသာ မိမိအလွယ်တကူတိုင်းနိုင်တဲ့ သွေးချို တိုင်းစက်၊ သွေးပေါင်တိုင်းစက်တွေ ဆောင်ထားဖို့လိုပါတယ်။ ဒီစက်တွေသုံးတဲ့နည်းကလည်း မခက်ပါဘူး။ စက်တွေနဲ့တိုင်းပြီး ရလဒ်ကို မိမိဆရာဝန်ဆီ ဆက်သွယ်တိုင်ပင် အကြောင်းကြား စသဖြင့် ဒီကပ်ရောဂါကာလမှာ Self Care နဲ့ Patient Centered Approach ကို ဦးစားပေးဆောင်ရွက်ရမှာ ဖြစ်ပါတယ်၊

**မကူးစက်တတ်သောရောဂါရှိတဲ့သူတွေ အနေနဲ့ ကျန်းမာအောင် အစားအသောက်တွေကို မျှမျှတတ စားသောက်ဖို့၊ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်လုပ်ဖို့၊ အိမ်မှာနေရင်လည်း လမ်းလျှောက်ပေးတာ၊ အိမ်မှုကိစ္စလုပ်တာတွေ လုပ်ဖို့လိုပါတယ်။ ဆီးချိုရှိတဲ့သူဆိုရင် ခုနကပြောတဲ့စက်နဲ့ မိမိဘာသာ တိုင်းကြည့်ပြီး ဆရာဝန်ဆီအကြောင်းကြားတာ၊ သောက်နေကျဆေးဝါးတွေ မပြတ်လပ်အောင် သောက်ပေးဖို့လိုပါတယ်။ ဆီးချိုရောဂါရှင်တွေအနေနဲ့ ဆေးအတိုး၊ အလျှော့တော့ ကိုယ့်ဘာသာ မလုပ်သင့်ဘူး။ ဖုန်းနဲ့ဆက်ပြီး ကိုယ့်ဆရာဝန်ကို အကြံဉာဏ်တောင်းသင့်ပါတယ်၊ သွေးချိုအလွန်ကျသွားရင် အသက်အန္တရာယ်ရှိပါတယ်။ စိတ်ကို ချမ်းသာအောင် နေသင့်ပါတယ်။**

စိတ်ကျန်းမာအောင်လည်း ဆောင်ရွက်သင့်ပါတယ်။ ရောဂါတိုးစေမယ့် အကြောင်းတရားတွေကို လုံးဝရှောင်ရပါမယ်။ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ အဆီများတဲ့ အစားအသောက်တွေစားခြင်း၊ ဆားများတဲ့၊ သကြားများတဲ့ အစားအသောက်စားခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းခြင်းတို့ကိုရှောင်ပြီး အသီးအရွက်တွေ တိုးစားပြီး ကိုယ်လက်လှုပ်ရှားမှုလုပ်ပြီး စိတ်ချမ်းသာအောင်နေရမှာ ဖြစ်ပါတယ်။ ဒါတွေက မကူးစက်တတ်သောရောဂါအခံရှိတဲ့သူတိုင်း ကျင့်သုံးသင့်တာ ဖြစ်ပါတယ်။

အချုပ်အားဖြင့် ယခုကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပွားနေတဲ့ကာလသည် မကူးစက်တတ်သောရောဂါတွေ ဖြစ်ပွားမှုများနေတဲ့ကာလနဲ့ တိုက်ဆိုင်နေပါတယ်။ သေဆုံးမှုတွေကို ပြန်ကြည့်တဲ့အခါမှာ ရောဂါအခံရှိတဲ့သူတွေ၊ အသက်အရွယ် ကြီးရင့်တဲ့သူတွေမှာ သေဆုံးမှုတွေများနေပါတယ်။

အဓိကအချက်တွေကို ပြန်ပြောရရင် နံပါတ် ၁ အချက်က ရောဂါအခံရှိတဲ့သူတွေ၊ အသက် အရွယ်ကြီးရင့်တဲ့သူတွေ ရောဂါဝင်ရောက်မကူးစက်ဖို့ပါ။ နံပါတ် ၂ က သူတို့ကိုယ်တိုင်ကလည်း ရောဂါတိုးစေတဲ့အရာတွေ ရှောင်ပြီး ကျန်းမာအောင်နေဖို့ပါ။ ကိုဗစ် – ၁၉ ရောဂါ ဝင်လာရင်တောင် ရောဂါအခံရှိတာကို ထိန်းထားနိုင်တဲ့အခါ ရောဂါကို တောင့်ခံနိုင်တာက ပိုပါတယ်။ ဒီလိုဖြစ်ဖို့က မိမိကိုယ်ကိုယ်ဂရုစိုက်ပြီး ကျန်းမာအောင်နေဖို့ လိုပါတယ်။ နံပါတ် ၃ က သောက်လက်စဆေး ပုံမှန်သောက်ပါ။ နံပါတ် ၄ က မိမိကိုယ်ကိုယ် အလွယ်တကူစစ်ဆေးနိုင်တဲ့ စက်တွေသုံးပြီး ရောဂါကို စစ်ဆေးကြည့်ပါ၊ မိမိဆရာဝန်တွေနဲ့ မပြတ်ဆက်သွယ်တိုင်ပင်ပါ။ နံပါတ် ၅ က ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်တဲ့ အကြံပြုချက်တွေလိုက်နာပါ။ ဥပမာ – အိမ်မှာနေရင်း Mask တပ်ထားဖို့ ကိစ္စလိုက်နာပေးပါ။ နံပါတ် ၆ က အလှည့်ကျရရှိလာတဲ့ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် အကြိမ်ပြည့်ခံယူပါ။ မကူးစက်တတ်သောရောဂါရှိတဲ့သူတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံမှု စနစ်တကျခံယူထားရင် ရောဂါပြင်းထန်စွာခံစားရမှုနဲ့ သေဆုံးမှုတွေကိုလျှော့ချနိုင်တာ အထင်အရှားသိရှိနေရပြီဖြစ်ပါတယ်။

နောက်ဆုံး နံပါတ် ၇ အနေနဲ့ ဒီကာလမှာ ဖြစ်ပွားနေတဲ့ အကြောင်းအရာတစ်ခုအနေနဲ့ ဆေးဝယ်တဲ့အခါ သတိပြုရမယ့် အချက်ပါ။ ဆရာဝန်က ကိုယ့်လူနာကို ဆေးပေးတဲ့အခါ ဆေးကို အကောင်းဆုံးပေးချင်တယ်။ ပါရာစီတမော့ပေးတာတောင် ကုမ္ပဏီကောင်းကောင်းက ထုတ်တဲ့၊ အရောင်အသွေးလည်းလှပတဲ့ တံဆိပ်တွေကို ပေးတဲ့အခါ လူနာတွေက ဒီတံဆိပ်နဲ့ နေကောင်းသွားတဲ့အခါ ဒီတံဆိပ်ကိုစွဲလမ်းပြီး ဝယ်ကြတယ်။ ဆေးတစ်မျိုးတည်း၊ တံဆိပ်တစ်ခုတည်းကို လူအများ စုပြုံဝယ်ယူတဲ့အခါ ပုံမှန်တစ်ကတ်ကို ငွေကျပ် ၂၀၀ သာရှိပြီး နာမည်ရှိတဲ့တံဆိပ်ပါတဲ့ ပါရာစီတမော့ တစ်ကတ်ကို ငွေကျပ် ၅၀၀၀ ကနေ ၆၀၀၀ အထိ ပေးဝယ်နေရတာရှိပါတယ်။

ဒါကြောင့် **ဆေးဝယ်တဲ့အခါ တံဆိပ်ကိုမစွဲဘဲ ပထမအချက်အနေနဲ့ အထဲကပါဝင်တဲ့ ဆေးအမျိုးအစား၊ ဆေးပမာဏ တူတာကိုကြည့်ပါ။ ဒုတိယအချက် မြန်မာနိုင်ငံ FDA က အသိအမှတ်ပြုထားခြင်း ရှိ/မရှိကို ကြည့်ပါ။ တတိယ သက်တမ်းကုန်ဆုံးမယ့် ရက်ကိုကြည့်ပါ။ အနည်းဆုံး ဒီအခြေခံအချက် (၃) ချက်ကောင်းမွန် ပြည့်စုံမယ်ဆိုရင် မိဘပြည်သူတွေအနေနဲ့ ဈေးကြီးပြီးရှာရခက်တဲ့ဆေးတွေအစား ဈေးသက်သာပြီး အာနိသင်၊ အရည်အသွေးကောင်းမွန်တဲ့ဆေးနဲ့ အစားထိုးဝယ်ယူသောက်သုံးနိုင်မယ်ဆိုတဲ့အကြောင်းကို ဒီနေရာကနေထပ်ပြီး သတင်းစကားလက်ဆောင်ပေးလိုပါတယ်။** အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၈-၂၀၂၁ ဗုဒ္ဓဟူးနေ့

### MRTV HD

၀၆:၀၀ ပေဋကသုတ်၊ ရတနသုတ်၊ မောရပ္ဗ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ သုတို့ဒေသသုတို့ဘ၀ 'ဈောဝတီလင်းဖိုင်'
၀၉:၁၀ စိုက်ပျိုးရေးရာအမြေရှာ 'ဒန့်သလွန်စိုက်ပျိုးဝင်ငွေတိုး'
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၂၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၃:၀၀ အတွေးအမြင်(အပိုင်း-၅)
၁၃:၃၀ MRTV National News
၁၅:၀၀ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ပထဝီဝင်ဘာသာရပ်'
၁၇:၁၀ ရှန်းကန်လှုပ်ရှားဘဝများ
၁၇:၃၅ MRTV Travelogue
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ ပတ်ဝန်းကျင်ရေရှည်တည်တံ့ကောင်းမွန်ဖို့ဂေဟစနစ်ကိုပြန်လည်ပြုပြင်ထိန်းသိမ်းကြပါစို့
၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားငေါ်ဆောင်ရာ' (အပိုင်း-၄၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
၂၁:၂၅ ဝဿာန်ခါမိတေးသံသီ ပျော်ဖြေမှုအစီအစဉ်
၂၁:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၁၉)

### mitv

07:01 News
07:27 A Day Life Of Kayan Padaung Tribe
07:57 Paper Toys
08:01 Myanmar Delicate Artistic Creations - Gem Stone Painting
08:19 Yay Pyan Taung Waterfall
08:42 Myanmar Master Class "Still Life" (Fruit)
08:48 Toddy Palm Product Shop
09:00 Applied Myanmar Traditional Martial Art (Part-1)
09:25 Mommy Cook: The Foster Mother
09:44 Finding Ways for Coexistence between People and Elephants
10:01 Myanmar's Beauty and Nature "Beach"
10:27 Ecotourism: Naga Tradition Customs
11:14 The Recycle Art: Tyre
11:30 Dances of Myanmar "Muun Traditional Dance"

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့
**ဝကေကရင် (၀၈:၀၀ မှ ၀၉:၀၀)**
လယ်ဆူညားမဂ္ဂဇင်း
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ဒီဗိုင်နာဟိဟိနှင့်တွေ့ဆုံမေးမြန်းခြင်း
**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ကြက်သားနှင့်ပိန္နဲသီးချက်နည်း
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
တောင်ကြာပန်းတို့ရှိရာဆီ တစ်ခေါက်တစ်ခါအလည်ရောက်စေချင်
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ရာမညမြေမှအလှူတရားများ(အပိုင်း-၂)
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ(အပိုင်း-၂)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
လူသားတို့ရဲ့ ကျေးဇူးရှင် 'ပျား'
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
သံပရာသီးနှင့်ကျန်းမာရေး
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၇)
၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကိုယ်နှင့်မဆိုင်သော်လည်း'
၁၁:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သုတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# မူဆယ်မြို့ နန်းတော်ဂိတ်တွင် နေရပ်ပြန်များ နေ့စဉ်ဝင်ရောက်လျက်ရှိ

**မူဆယ် ဩဂုတ် ၁၀**

မူဆယ်မြို့ နန်းတော်ဂိတ်ဖြစ်သော နယ်စပ်ဝင်/ထွက် ဂိတ်တွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် တစ်လျှောက် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်နေထိုင်ကြသည့် မြန်မာနိုင်ငံသားများသည် ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့နေမှုကြောင့် မိခင်နိုင်ငံသို့ နေ့စဉ်နှင့်အမျှ ပြန်ဝင်လာလျက်ရှိရာ(ပိတ်ရက်မရှိ) ဇူလိုင် ၂၆ရက်မှ စတင်ပြီး ဩဂုတ် ၉ ရက်အထိ အမျိုးသား ၂၂၀၈ဦး၊ အမျိုးသမီး ၂၉၉၇ဦး စုစုပေါင်း ၄၂၀၅ဦး ပြန်လည်ဝင်ရောက်လာ လျက်ရှိကြောင်း သိရသည်။

မြန်မာ- တရုတ် နယ်စပ်တစ်လျှောက် အတွင်းပိုင်းအထိ ကျယ်ပြန့်စွာ နေထိုင်အလုပ်လုပ်လျက်ရှိသော မြန်မာနိုင်ငံသားအလုပ်သမားများသည် မူဆယ် နန်းတော်ဂိတ်အထိ လာရောက်ရန် သွားလာမှုခက်ခဲသူများအတွက် အနီးဆုံးဂိတ်များမှ ပြန်ဝင်လာနိုင်ရေးကို နယ်စပ်ဒေသ တာဝန်ရှိသူများ ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး မကြာမီ ချင်းရွှေဟော်ဂိတ်၊ ပန်ဆိုင်းဝမ်တိန်ဂိတ်၊ ကျင်စန်းကျော့ဂိတ်များမှလည်း နေရပ်ပြန်နိုင်ရေး ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မူဆယ် နန်းတော်ဂိတ်မှ နေရပ်ပြန် မြန်မာနိုင်ငံသားများကို ဩဂုတ် ၉ရက်က မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဇေယျာလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနေရာချထားခြင်းကို ကြည့်ရှုကြိုဆိုကြပြီး နေ့လယ်စာထမင်းဘူး၊ သောက်ရေသန့်များကို ဝေငှပေးလျက်ရှိကြောင်း သိရသည်။ **အယ်လ်စိုး(မူဆယ်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၈ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၂၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၄၀ | ကျပ် | ၁၀၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၄၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၉၅ | ကျပ် | ၁၁၀၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၁၅ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၄၆ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၀ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၁ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၁၆၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၀ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၂၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၉၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ . ၁၂၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၁၀၅၈ | ၉၅၂၂၀၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၁၃၅၇ | ၄၄၁၀၆၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၄၀ | ၃၀၈၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၆၀၀ | ၃၅၀ | ၉၁၅၀၀၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၉ | ၂၇၉၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၅ | ၂၅၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး နှောင့်နှေးကြန့်ကြာမှုမရှိစေရန် ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

လတ်တလော နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကူးစက်ဖြစ်ပွားမှုများ ဖြစ်ပေါ်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အောက်ဆီဂျင်၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများအရေးပေါ် လိုအပ်မှုမှာလည်းမြင့်တက်လျက်ရှိပြီးစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် အဆိုပါပစ္စည်းများကို အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ပင်လယ်ရေကြောင်းဆိပ်ကမ်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ လွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ထိထိရောက်ရောက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်များ၊ တာဝန်ရှိသူများ ညှိနှိုင်းထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ အရေးပေါ်လိုအပ်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းမှုကို အများပြည်သူ ရုံးပိတ်ရက်များတွင်လည်း ရပ်ဆိုင်းထားခြင်းမရှိဘဲ ပုံမှန်အတိုင်း လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၆၃၄၃ ခု၊ အောက်ဆီဂျင်(အိုးခွံ) ၃၀၊ Test Kit ၁၄၀၀၊ PPE ဝတ်စုံ ၁၀၀၀ နှင့် နှာခေါင်းစည်း (Mask) ၁၄ တန်၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှ အောက်ဆီဂျင်အရည်(အိုးဖြင့်) ကိုးတန် အပါအဝင် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ မြဝတီ၊ တာချီလိတ် ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ် နှစ်စီးဖြင့် ၃၈ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၄၁ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၈၈၉၄ခု၊ Oxygen Plant ရှစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက်(Oxygen Concentrator) ၇၄၉၅ ခု၊ Test Kit ၁၄၀၀၊ PPE ဝတ်စုံ ၂၀၆၀၀၊ လက်အိတ် ၁၀ တန်နှင့် နှာခေါင်းစည်း (Mask) ၇၅ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါ ပစ္စည်းများအား ကုမ္ပဏီ ၃၉ ခုမှ ယာဉ်စီးရေ ၆၁ စီးဖြင့် တင်သွင်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



မြဝတီမြို့ ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အရည်(Bowser) တင်သွင်းလာစဉ်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၅၉၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၅၅၅ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၁၄၉ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့(အိုးဖြင့်) ၆၅တန်၊ အောက်ဆီဂျင် (အိုးခွံ) ၇၁၁၀၆ ခု၊ Oxygen Plant ၁၅ခု၊ အောက်ဆီဂျင် (Generator) ကိုးခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၅၈၇၇၀၊ Test Kit ၁၄၃၀၄၂ ခု၊ PPE ဝတ်စုံ ၃၂၅၈၉၂ စုံ၊ လက်အိတ် ၅၀ တန်နှင့် နှာခေါင်းစည်း (Mask) ၈၀၁ တန် တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

ဇူလိုင်လအတွင်း ယာဉ်စီးရေ ၇၄၉စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၇၂၇ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၅၆၇ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၁၄ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၄၀၄၉၁ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၆၉၁၄၆ ခု၊ Oxygen Plant ရှစ်ခု၊ Oxygen Generator ၁၁ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် လေးခု၊ Test Kit ၃၂၂၈၇၈ ခု၊ နှာခေါင်းစည်း (Mask) ၁၁၀၄ တန်၊ PPE ဝတ်စုံ ၁၈၂၉၇၅ စုံ တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

၂၀၂၁ ခုနှစ် ဇူလိုင်လမှ ဩဂုတ် ၁၀ရက်အထိ ပြည်ပမှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ် စုစုပေါင်း ၆၁ စီးမှာ ရန်ကုန်မြို့သို့ ၄၅ စီး၊ မန္တလေးမြို့သို့ ၁၁ စီး၊ ပဲခူးမြို့သို့ နှစ်စီး၊ မော်လမြိုင်မြို့သို့ နှစ်စီး၊ သထုံမြို့သို့ တစ်စီး ဖြစ်ပြီး Oxygen Plant စုစုပေါင်း ၂၃ခုမှာ ရန်ကုန်မြို့သို့ လေးခု၊ လားရှိုးသို့ လေးခု၊ ပဲခူးမြို့သို့ သုံးခု၊ ပခုက္ကူမြို့သို့ နှစ်ခု၊ မန္တလေး၊ တောင်ကြီး၊ သံဖြူဇရပ်၊ မကွေး၊ ဘားအံ၊ ထားဝယ်၊ ဝါးခယ်မ၊ မြစ်သား၊ ကျောက်ပန်းတောင်းမြို့များသို့ တစ်ခုစီ ဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ် ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ ကုန်သွယ်ရေးစခန်းများမှ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



မူဆယ်မြို့ ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အိုးများ တင်သွင်းလာစဉ်။

## ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး SINOVAC များကို မြေပြင်အအေးလမ်းကြောင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

**နေပြည်တော် ဩဂုတ် ၁၀**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ရောက်ရှိလာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး SINOVAC များကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ထားရှိရာ အဆိုပါဆေးပစ္စည်းများကို ယနေ့မွန်းလွဲပိုင်းတွင် မြေပြင်ခရီးလမ်းကြောင်းဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့သို့ ဆေးပုံး ၁၅ ပုံး၊ ဆေးအလုံးရေ ၂၇၁၆၉ လုံးနှင့် ပြည်မြို့သို့ ဆေးပုံး ၁၀ ပုံး၊ ဆေးအလုံးရေ ၁၂၀၀၀ တို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ဆက်လက်ဖြန့်ဖြူးပေးသည်။

ထိုသို့ ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စု လူဦးရေ ဦးစားပေး အစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံး ထိုးနှံနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

အလားတူ ဝေးလံခက်ခဲသော ဒေသများသို့ တပ်မတော်(လေ)ရှိ ပို့ဆောင်ရေး လေယာဉ်များ၊ မြန်မာ့လေကြောင်းတို့၏ အကူအညီများရယူကာ လေကြောင်းခရီးများဖြင့် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ဆက်လက်ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၀**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေး အသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ဩဂုတ် ၉ ရက်နှင့် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ အောက်ဆီဂျင်အိုး အလုံး ၂၀ ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ကန်ကြီးထောင့်မြို့၊ ကျိုက်လတ်မြို့နှင့် အိမ်မဲမြို့များရှိ ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းများသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၇၁ လုံးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ် အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုး အလုံး ၉၀ ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ ပြည်သူ့ဆေးရုံသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၄၀ ကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများ၊ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုကူညီရေး အဖွဲ့အစည်းများက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။



ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ ပြည်သူ့ဆေးရုံ၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး (ဝဲပုံ) လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို ပူးပေါင်းပါဝင်ဖော်ထုတ်ဖမ်းဆီးရာ၌ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်




**နေပြည်တော် ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို ပူးပေါင်းပါဝင်ဖော်ထုတ်ဖမ်းဆီးရာ၌ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဩဂုတ် ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ပန်းယျုကျေးရွာ အနောက်ဘက်တွင် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်ရည်ရွယ်ချက်ဖြင့် တရားမဝင်သယ်ဆောင်လာသည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို ပူးပေါင်းပါဝင် ဖော်ထုတ်ဖမ်းဆီးရာ၌ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော မတ္တရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။ **(ဓာတ်ပုံ)**

ထို့နောက် တိုင်းမှူးက မတ္တရာမြို့နယ်ရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး ဖော်ထုတ်ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဩဂုတ် ၁၀

**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးနှင့် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။**



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ တာချီလိတ်မြို့နယ်၊ တာလေမြို့နှင့် မိုင်းယန်းမြို့နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူ စုစုပေါင်း ၃၃၀၂ ဦးကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၊ ထားဝယ်မြို့နယ်၊ ပုလောမြို့နယ်နှင့် ကျွန်းစုမြို့နယ်များမှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၇၂၂ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၉ မြို့နယ်တို့မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၂၁၅၁ ဦးတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၀၅၇၈ ဦး တို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၁၂ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၄၅၁၁ ဦးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ခုနစ် ခရိုင်ရှိ မြို့နယ်များမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၁၀၃၉၂ ဦးတို့အားလည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) သို့ အောက်ဆီဂျင်အိုးနှင့် Mask များ ဝယ်ယူရန်အတွက် အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှ အကူအညီရစေရန် ရည်ရွယ်၍ အလှူငွေများ လှူဒါန်းခြင်းကို ယနေ့မွန်းလွဲက နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ၌ ကျင်းပရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ လှူဒါန်းပွဲတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဦးဆန်းထွန်း ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) (ပြည်တွင်းအခွန်များဦးစီးဌာန) နှင့် (ဒေါ်တင်မိုး) မိသားစု (ကိုယ်စား) ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်းနှင့် ဇနီး ဒေါ်ခိုင်ခိုင်လွင် တို့က အောက်ဆီဂျင်အိုး ၁၄ လုံး ဝယ်ယူရန်အတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၅ သိန်းနှင့် Mask များ ဝယ်ယူရန်အတွက် အလှူငွေကျပ် တစ်သိန်းတို့ကို လာရောက်လှူဒါန်းရာ နေပြည်တော် ပြည်သူ့ဆေးရုံ ကြီး (ခုတင်-၁၀၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ငွေစံက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေထိန်းသိမ်းစို့

## ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဆေးဝါးအတုများ၊ အရည်အသွေးမပြည့်မီသော စံမညီဆေးဝါးများရောင်းချခြင်းများအား ဥပဒေအရထိရောက်စွာ အရေးယူမည်ဖြစ်

**နေပြည်တော် ဩဂုတ် ၁၀**

ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ်၊ မတ် ၃၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၂၀ ဖြင့် အရေးကြီးကုန်စည်များ အဖြစ် သတ်မှတ်ပြီး ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင် ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း မပြုရန် တားမြစ်ထားသည်။ ထို့အတူ ဆေးဝါးအတုများ၊ အရည်အသွေး မပြည့်မီသော စံမညီဆေးဝါးများ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရန် အမျိုးသားဆေးဝါးဥပဒေ၌ တားမြစ်ထားသည်။

ယခုအခါ အချို့သော စီးပွားရေးသမားများသည် မိမိ၏အကျိုးစီးပွားအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများကို ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ထားခြင်း၊ ဆေးဝါးအတုများ၊ အရည်အသွေး မပြည့်မီသော စံမညီဆေးဝါးများ ရောင်းချခြင်းများ ပြုလုပ်နေကြောင်း သိရှိရသည်။ သို့ဖြစ်၍ ထိုသို့ ပြုလုပ်သည်ကို တွေ့ရှိရပါက သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း သက်ဆိုင်ရာက အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်အစိုးရအဖွဲ့က လှိုင်းဘွဲ့မြို့နယ်ရှိ ရေဘေးရှောင်ပြည်သူများအတွက် ဆန်အိတ်များ ထောက်ပံ့



**လှိုင်းဘွဲ့ ဩဂုတ် ၁၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ ဇူလိုင်လ နောက်ဆုံးပတ်က မိုးအဆက်မပြတ် ရွာသွန်းပြီး တောင်ကျချောင်းရေများ ကျဆင်းလာမှုကြောင့် မြေနိမ့်ပိုင်းနှင့် တချို့ကျေးရွာများတွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ ရေဘေးရှောင်ပြည်သူများအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က လှိုင်းဘွဲ့မြို့နယ်အတွင်း ရေဝင်ရောက်သည့် ကျေးရွာအုပ်စုများရှိ အိမ်ထောင်စုများအတွက် ဆန်အိတ်များ ထောက်ပံ့လှူဒါန်းသည်။

အဆိုပါ ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သော ဆန်အိတ်များကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းနှင့် တာဝန်ရှိသူများက လှိုင်းဘွဲ့မြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၂ အုပ်စုရှိ အိမ်ထောင်စု ၂၃၃၃ စု၊ လူဦးရေ ၅၅၄၀ အတွက် အိမ်ထောင်စု တစ်စုလျှင် ဆန် သုံးပြည်နှုန်းဖြင့် စုစုပေါင်းဆန်အိတ် ၂၉၂ အိတ်ကို သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ပြီး သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ မိဘမဲ့ဂေဟာများအတွက် စားသောက်ကုန်များ ထောက်ပံ့

**လားရှိုး ဩဂုတ် ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၉) အတွင်းရှိ ခါနန် AG လူမျိုးပေါင်းစုံအလင်းအိမ်မိဘမဲ့ဂေဟာနှင့် တာပုံကျေးရွာရှိ ချစ်ခြင်းမေတ္တာမိဘမဲ့ဂေဟာသို့ ဩဂုတ် ၈ ရက်က စားသောက်ကုန်များ ထောက်ပံ့လှူဒါန်းသည်။

အဆိုပါ ထောက်ပံ့ရာတွင် ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ခါနန် AG လူမျိုးပေါင်းစုံ အလင်းအိမ်မိဘမဲ့ဂေဟာအတွက် ဆန်ခုနစ်အိတ်၊ ဆီသုံးပုံး၊ ကြက်သွန်နီနှစ်အိတ်၊ ကြက်ဥ အလုံး ၃၀၀၊ အာလူးတစ်အိတ်တို့ကို လည်းကောင်း၊ ချစ်ခြင်းမေတ္တာ မိဘမဲ့ဂေဟာအတွက် ဆန် ၁၀ အိတ်၊ ဆီသုံးပုံး၊ ကြက်သွန်နီနှစ်အိတ်၊ ကြက်ဥအလုံး ၃၀၀၊ အာလူးနှစ်အိတ်၊ အဝတ်အထည်များကို လည်းကောင်း ထောက်ပံ့ပေးအပ်ရာ ဂေဟာတာဝန်ခံများက လက်ခံယူကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



## ဆီဆိုင်မြို့၌ အိမ်ထောင်စု ၅၀၀ ကျော်နှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ဆန်နှင့် စားနပ်ရိက္ခာများ လှူဒါန်း



**ဆီဆိုင် ဩဂုတ် ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ အောင်သပြေရပ်ကွက်မှ အိမ်ထောင်စု ၅၀၀ ကျော်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကိုဗစ်-၁၉ ရောဂါ ခံစားနေရသူများ၊ စောင့်ကြည့်လူနာများအတွက် ဦးစိုင်းအောင်မြင့်မြတ်နှင့် ဒေါ်နန်းနုခေါင် (စိန်မြင့်မိုရ်လယ်ယာသုံးစက်ပစ္စည်း ရောင်းဝယ်ရေး) မိသားစုမှ ဆန်နှင့် စားသောက်ဖွယ်ရာများကို ဩဂုတ် ၈ ရက်မှ ၉ ရက်အထိ လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာတွင် အိမ်ထောင်စုတစ်စုလျှင် ဆန်၊ ဆီ၊ ကြက်ဥ၊ ဆား၊ ကြက်သွန်နီ၊ ခရမ်းချဉ်သီးနှင့် ဟင်းသီးဟင်းရွက်များကို လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ ကိုဗစ်-၁၉ ရောဂါ ခံစားနေရသူများနှင့် စောင့်ကြည့်လူနာများအတွက် စားသောက်ဖွယ်ရာများကို လှူဒါန်းပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အောင်လံမြို့နယ်၌ Oxygen Plant စက်တစ်လုံး စက်ရုံတည်ဆောက်နိုင်ရေးဆောင်ရွက်လျက်ရှိ

**အောင်လံ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်း Oxygen Plant တစ်ခုကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှမတည်၍ တည်ဆောက်ပေးမည်ဖြစ်ပြီး Oxygen Plant စက်ရုံအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ မြို့မိ/ မြို့ဖများ ဦးဆောင်၍ အလှူရှင်များ ထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်ဆောင်ရွက်ရာ စက်ရုံတည်ဆောက်ရန်အတွက် အလှူငွေကျပ်သိန်း ၂၀၀ စုဆောင်းထားရှိပြီးဖြစ်သည်။

အဆိုပါ Oxygen Plant စက်ရုံတည်ဆောက်အသုံးပြုရန်အတွက် အောင်လံမြို့ စက်ရုံရပ်ကွက် အကွက်အမှတ် (၂၁၁) မြေဧရိယာ ၇ ဒသမ ၅၇၇ ဧကရှိ ခုတင် (၅၀)ဆံ့ ဆေးရုံဝင်းအတွင်းရှိ မြေကွက်လွတ်ပေါ်တွင် တည်ဆောက်ရန်လျာထား၍ အောင်လံမြို့နယ်ဆေးရုံတွင် ၂၀၀ ကေဗွီအေထရန်စဖော်မာ နှစ်လုံးရှိပြီးဖြစ်၍ လုံလောက်မှုရှိကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မတည်၍ Oxygen Plant စက်မှာ ယခုလတတိယပတ်တွင်ရရှိမည်သိရပြီး စက်ရောက်ရှိပါက အသုံးပြုလည်ပတ်နိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိကာ စက်ရုံတည်ဆောက်မှုလုပ်ငန်းကို ဩဂုတ် ၅ ရက်မှစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

# တနင်္သာရီမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများ ရေပြန်ကျသွားသဖြင့် မိမိတို့နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့

**တနင်္သာရီ ဩဂုတ် ၁၀**

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ ဇူလိုင်လအတွင်းက မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုများကြောင့် တနင်္သာရီမြစ်ရေ မြင့်တက်လာသည့်အတွက် ယာယီကယ်ဆယ်ရေး စခန်းများသို့ ရွှေ့ပြောင်း နေထိုင်လျက်ရှိရာ ယခုအခါမြစ်ရေပြန်လည်ကျဆင်းပြီဖြစ်၍ ၎င်းတို့ နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ကြပြီဖြစ်ကြောင်း မြိတ်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

ထိုသို့ တနင်္သာရီမြို့နယ်၌ ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၂ ရက်အထိ မြစ်ရေကြီးမှုကြောင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ လမ်းများနှင့် လူနေအိမ်များသို့ ရေဝင်နစ်မြုပ်မှုဖြစ်ပွားသောကြောင့် ယာယီကယ်ဆယ်ရေးစခန်း ကိုးခုနှင့် နီးစပ်ရာ ဆွေမျိုးများ၏ နေအိမ်များသို့ အိမ်ထောင်စု ၂၂၀၊ လူဦးရေ ၁၀၈၈ ဦးတို့ ယာယီပြောင်းရွှေ့နေထိုင်ရသည်။ ယခုအခါ တနင်္သာရီမြစ်ရေမှာ ပြန်လည်ကျဆင်းပြီဖြစ်သောကြောင့် ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် စုစုပေါင်း အိမ်ခြေ ၁၄၅ လုံး၊ အိမ်ထောင်စု ၁၄၅ စု၊ လူဦးရေ ၇၂၈ ဦးတို့သည် ၎င်းတို့၏နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့ နေထိုင်လျက်ရှိကြောင်း သိရသည်။

တနင်္သာရီမြစ်ရေ ဆက်လက်ကျဆင်းလျက်ရှိသဖြင့် ကယ်ဆယ်ရေးစခန်းများနှင့် နီးစပ်ရာ ဆွေမျိုးများအိမ်တွင် ကျန်ရှိနေသူများအနက်မှ ဩဂုတ် ၈ ရက်တွင် အိမ်ထောင်စု ၁၀ စု၊ လူဦးရေ ၄၆ ဦးတို့ ၎င်းတို့၏ နေအိမ်များသို့ ထပ်မံပြောင်းရွှေ့ နေထိုင်လျက်ရှိသဖြင့် ယနေ့အထိ အိမ်ထောင်စု ၆၅ စု၊ လူဦးရေ ၃၁၄ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။

မြင့်ဦး
(မြိတ်)



# မြို့နယ်အသီးသီး၌ ကိုဗစ်- ၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ



## မြိတ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နေပြည်သူများအတွက် နိုင်ငံတော်မှပေးပို့သည့် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးကို အသက် ၆၅ နှစ်နှင့်အထက်များနှင့် ပြည်သူ ၉၃၅၄ ဦးအား ဆေးထိုးနေရာများတွင် ကျန်းမာရေးဝန်ထမ်း၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ပရဟိတအဖွဲ့များ ပူးပေါင်း၍ ထိုးနှံပေးရာ ဩဂုတ် ၉ ရက်က ပထမအကြိမ် ထိုးနှံပြီးစီးပြီဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

မြိတ်မြို့တွင် တရုတ်နိုင်ငံထုတ် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးကို ဇူလိုင် ၃၁ ရက်မှစတင်၍ ထိုးနှံပေးရာ ဩဂုတ် ၉ ရက်အထိ ရပ်ကွက်၊ ကျေးရွာများနှင့် ဘိုးဘွားရိပ်သာမှ အသက် ၆၅ နှစ်နှင့်အထက် ၃၁၀၀ ကျော် ထိုးနှံပေးပြီးဖြစ်ကြောင်း၊ ထို့အတူ သံဃာတော်နှင့် သီလရှင်များ၊ အစိုးရ/ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ ၊ ဘဏ်ဝန်ထမ်းများ၊ ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နေသူများနှင့် စက်ရုံ/ အလုပ်ရုံဝန်ထမ်းများ၊ ဟိုတယ်/တည်းခိုခန်းဝန်ထမ်းများ၊ ဈေးသူ/ ဈေးသားများအား ထိုးနှံပေးရာ စုစုပေါင်း ၉၃၅၄ ဦးကို ကာကွယ်ဆေး ပထမ အကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**မြိတ် (ပြန်/ဆက် )**

## ဆားလင်းကြီး

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၌ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ဩဂုတ် ၃ ရက်မှ စတင်ထိုးနှံပေးရာ ဩဂုတ် ၉ ရက် အထိ လူဦးရေ ၃၀၀၀ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆားလင်းကြီးမြို့နယ်တွင် ဆေးထိုးသတ်မှတ်စုရပ်နေရာများဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသာခန်းမ၊ OSS ခန်းမ၊ ဆားလင်းကြီး (အထက)ရှိ ပန်မြတ်သဇင်ခန်းမ၊ ကျားတက် (အထက)၊ ဖလန်ကန်(အမက)၊ သနပ်မျှောင် (RHC)တို့တွင် ဩဂုတ် ၃ ရက်မှ ၄ ရက်အထိ ပထမအသုတ်နှင့် ဩဂုတ် ၇ ရက်မှ ၉ ရက်အထိ ဒုတိယအသုတ်အဖြစ်နှစ်ခုပေါင်းတွင် ဦးစားပေးအုပ်စုများအလိုက် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၂၀၃၇ ဦး၊ ရဟန်းသံဃာတော်များနှင့်သီလရှင် ၁၉၈ ဦး၊ ဌာနဆိုင်ရာဝန်ထမ်း ၉၇ ဦး၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံဝန်ထမ်း ၃၂၂ ဦး၊ စေတနာ့ဝန်ထမ်း ၂၉၅ ဦး၊ အကျဉ်းသား/ အချုပ်သား ၁၀ ဦး၊ စူပါမားကတ်နှင့် ဈေးများမှ အများပြည်သူ ၄၁ ဦး စုစုပေါင်း ၃၀၀၀ ကို ကာကွယ်ဆေးများ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

## ဘုတလင်

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်အတွင်းရှိ သံဃာတော် ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် ပြည်သူများအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးကို ဩဂုတ် ၉ ရက်တွင်မြို့နယ်အတွင်းရှိ ပြည်သူ့အားကစားခန်းမနှင့် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)ရုံးတို့တွင် ဆက်လက်ထိုးနှံပေးကြောင်း သိရသည်။

ဘုတလင်မြို့နယ်အတွင်းရှိ သံဃာတော် ဆရာတော်ကြီးများ၊ သီလရှင် ရှစ်ပါး၊ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွား ၄၇ ဦး၊ နိုင်ငံ့ဝန်ထမ်းသုံးဦး၊ နိုင်ငံ့ဝန်ထမ်းမိသားစု၊ ပရဟိတအသင်းများမှ စေတနာ့ဝန်ထမ်း ၁၀ ဦး၊ ပုဂ္ဂလိကစက်ရုံများမှ ဝန်ထမ်း ၃၂ ဦး၊ ပုဂ္ဂလိကပို့ဆောင်ရေးဝန်ထမ်း ၁၅ ဦး၊ ဈေးသူဈေးသားပြည်သူများ ၄၃ ဦး စုစုပေါင်း ၁၅၈ ဦးတို့ကို မြို့နယ်ကုသရေးဦးစီးဌာန ကာကွယ်ဆေးထိုးအဖွဲ့များက ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးသည်။ **နှင်းယုအေး(ဘုတလင်)**



## မုဒုံ

မွန်ပြည်နယ် မုဒုံမြို့နယ်၌ နိုင်ငံတော်မှ မြို့နယ်အတွက်ရရှိသည့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးကို ရဟန်းသံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ အပါအဝင် မြို့နေပြည်သူများအား ထိုးနှံပေးလျက်ရှိရာ ဩဂုတ် ၈ ရက်နေ့အထိ ၉၁၆၀ အား တစ်ကြိမ်စီ ထိုးနှံပေးပြီးဖြစ်ကြောင်း မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

မုဒုံမြို့နယ်တွင် ကိုဗစ်- ၁၉ ကာကွယ်ဆေး အလုံးရေ ၄၅၈၀ ရရှိကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနဝန်ထမ်းများက ဇူလိုင်၂၉ ရက်တွင် စတင်၍ ရဟန်းသံဃာ ၄၀၃ ပါး၊ ဘိုးဘွားရိပ်သာနှင့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို ၂၈၉၄ ဦး၊ အစိုးရ /ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်း ၂၅ ဦး၊ နိုင်ငံ့ဝန်ထမ်း ၃၃၈ ဦး၊ ဘဏ်ဝန်ထမ်း ၂၁ ဦး၊ စက်ရုံအလုပ်ရုံဝန်ထမ်း ၁၄၈ ဦး၊ ဟိုတယ်မိုတယ် တည်းခိုခန်း ဝန်ထမ်းရှစ်ဦး၊ ပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်းမှ ဝန်ထမ်း ၂၆၆ ဦး၊ ဈေးသည် ၃၄၉၀ ၊ လူမှုကူညီရေးအဖွဲ့များမှ ၁၅၆၇ ဦးကို ဦးစားပေး ထိုးနှံပေးရာ ဩဂုတ် ၈ ရက်အထိ ၁၁ ရက်အတွင်း ကာကွယ်ဆေး ၄၅၈၀ အသုံးပြုကာ ပြည်သူ ၉၁၆၀ ကို ကာကွယ်ဆေးတစ်ကြိမ်စီ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## ဝက်လက်

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် တရုတ်နိုင်ငံထုတ် ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးကို ပထမအကြိမ်အဖြစ် လူဦးရေ ၄၀၀၀ ထိုးနှံပြီးကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးများကို ရဟန်းသံဃာများ၊ ကာကွယ်ဆေးမထိုးရသေးသည့် ဝန်ထမ်းများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ပုဂ္ဂလိကဘဏ်ဝန်ထမ်းများ၊ ပုဂ္ဂလိကဆေးခန်းများမှ ဝန်ထမ်းများ၊ စက်ရုံ၊အလုပ်ရုံများတွင် လုပ်ကိုင်နေသူများ၊ ဈေးရောင်းချသူများကို ထိုးနှံပေးကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံခြင်းကို ဝက်လက်မြို့နယ်အတွင်း စုရပ်သုံးခုခွဲ၍ ဩဂုတ် ၃ ရက်နှင့် ၄ ရက်တွင် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ လူဦးရေ ၂၀၀၀ ကို လည်းကောင်း၊ ဩဂုတ် ၇ ရက် ၊ ၈ ရက် နှင့် ၉ ရက်တို့တွင် လူဦးရေ၂၀၀၀ စုစုပေါင်း လူဦးရေ ၄၀၀၀ ကို ပထမအကြိမ်အဖြစ် ထိုးနှံပြီးကြောင်း မြို့နယ်အဆင့် ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။ **စိုးစိုးလှိုင် (ဝက်လက်)**

## မယ်စဲ့

ကယားပြည်နယ် မယ်စဲ့မြို့နယ်သို့ ရောက်ရှိလာသည့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများအား ဩဂုတ် ၆ ရက်မှစတင်၍ ဆေးထိုးစုရပ်များ၌ ထိုးနှံပေးရာ ဩဂုတ် ၉ ရက်တွင် လူဦးရေ ၄၀၀ ခန့်ကို ထိုးနှံပြီးကြောင်း သိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို နိုင်ငံတစ်ဝန်းလုပ်ဆောင်ပေးလျက်ရှိရာ မယ်စဲ့မြို့နယ်အတွင်း ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေးအတွက် မြို့နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဦးတည်အုပ်စုများအားကနဦးထိုးနှံပေးနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ကာ ရပ်ကွက်/ကျေးရွာများအလိုက် ဆေးထိုးစုရပ်များ၌ ရည်မှန်းဦးရေအား ကာကွယ်ဆေးများ ထိုးနှံပေးသည်။

မြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံပေးခြင်း လုပ်ငန်းကို မြို့နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်သန်းနှင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့ဖြင့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ နိုင်ငံ့ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ၊ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၄၀၀ ကို ဦးစားပေး အစီအစဉ်များအလိုက် ထိုးနှံပေးကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## ခင်ဦး

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများရှိ အသက် ၆၅ နှစ်နှင့် အထက်ပုဂ္ဂိုလ်များနှင့် ဦးစားပေးအဆင့်အလိုက် ငါးနေရာခွဲပြီး ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးရာ ဩဂုတ် ၉ ရက်က ၃၄၉၉ ဦးကို အောင်မြင်စွာ ထိုးနှံပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ခင်ဦးမြို့တွင် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို ဩဂုတ် ၃ ရက်မှ ၉ ရက်အထိ မြို့နယ်ဓမ္မာရုံ၊ အထက၊ မြို့နယ်စည်ပင်သာယာရုံး၊ ပြည်သူ့ဆေးရုံ (မိခင်နှင့် ကလေးကျန်းမာရေးဌာန) နှင့် မြကန်သာ(အမက)တို့တွင် ထိုးနှံပေးခဲ့ရာ အသက် ၆၅ နှစ်နှင့် အထက် ၈၉၂ ဦး၊ သံဃာတော်၊ သီလရှင်၊ ဘာသာရေးပုဂ္ဂိုလ် ၁၉၇ ဦး၊ နိုင်ငံ့ဝန်ထမ်း ၅၉၆ ဦး၊ ပရဟိတလူမှုရေးအသင်းမှ ၅၁၆ ဦး၊ ပုဂ္ဂလိက ပို့ဆောင်ရေးလုပ်ငန်းမှရှစ်ဦး၊ ပုဂ္ဂလိက စက်ရုံအလုပ်ရုံဝန်ထမ်း ၁၀ ဦး၊ ဈေးသူဈေးသား ၁၂၈၀ စုစုပေါင်း ၃၄၉၉ ဦးကို အောင်မြင်စွာ ထိုးနှံပြီးစီးပြီဖြစ်ကြောင်း ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

## ကျီးခါး

ချင်းပြည်နယ် ကျီးခါးမြို့ရှိ အသက် ၆၅ နှစ်နှင့်အထက်ရှိ မိဘပြည်သူများ၊ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသည့် နိုင်ငံ့ဂန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ဩဂုတ် ၉ ရက်က စုရပ်ဖြစ်သည့် ကျီးခါးမြို့ မိုးလုံလေလုံအားကစားခန်းမ၌ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ထိုးနှံဆောင်ရွက်ပေးလျက်ရှိသည်။

ကျီးခါးမြို့၌ ဩဂုတ် ၉ ရက်တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံသူ အသက် ၆၅ နှစ်နှင့်အထက်မိဘပြည်သူ ၂၃ ဦး၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် စေတနာ့ဝန်ထမ်း၊ ပရဟိတနှစ်ဦး စုစုပေါင်း၂၆ ဦးရှိပြီး ကာကွယ်ဆေးလာရောက်ထိုးနှံသူများအား ကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်းနှင့် ကာကွယ်ဆေးကို ဩဂုတ် ၁၂ ရက်အထိ ကျီးခါးမြို့ မိုးလုံလေလုံအားကစားခန်းမ၌ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းလိန်းမာန်(ပြန်/ဆက်)**

# ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုလျော့ပါးသက်သာစေရေး စနစ်တကျ ကွာရန်တင်း(Quarantine) ဝင်ရောက်ပေး

**ကိုဇေ**

**လတ်တလောမှာဆိုရင် မြန်မာနိုင်ငံအနှံ့ ကိုဗစ်- ၁၉ ရောဂါ ပိုးကူးစက်မှုတွေ မြင့်တက်လာတာနဲ့အမျှ နိုင်ငံအနှံ့ဖွင့်လှစ်ထားတဲ့ Quarantine Centre တွေမှာလည်း အလုပ်များနေကြတာကို တွေ့ရသလို Home Quarantine၊ Hotel Quarantine စသဖြင့် ဝင်ကြတာလည်း တွေ့ရပါတယ်။ ကွာရန်တင်း (Quarantine) ဝင်ခြင်း ဆိုသည်မှာ မိမိမှတစ်ဆင့်တခြားသူများသို့ ရောဂါကူးစက်မှုမရှိအောင် တတ်နိုင်သမျှ တခြားသူများနဲ့ ထိတွေ့ပြောဆိုဆက်ဆံမှုမပြုဘဲ သီးသန့်ခွဲခြားနေထိုင်ခြင်းကို ဆိုလိုပါတယ်။**

**ကွာရန်တင်း(Quarantine)ဝင်ခြင်း၏ အရေးပါပုံ**

ဒီလိုမျိုး ရောဂါပြန့်ပွားမှု အထွတ်အထိပ်ကို ရောက်ရှိနေတဲ့အချိန်မှာ ကွာရန်တင်း (Quarantine) ဝင်ခြင်းနဲ့ Quarantine Centre များရဲ့ အခန်းကဏ္ဍဟာ အရေးပါလာပါတယ်။ အထူးသဖြင့် သိပ်သည်းတဲ့ လူနေမှုစနစ်ရှိတဲ့ ရန်ကုန်လို မြို့ကြီးတွေအပြင် နယ်မြို့လေးတွေမှာလည်း အိမ်နီးချင်း အချင်းချင်းဖြစ်စေ၊ မိတ်ဆွေချင်းဖြစ်စေ၊ သီးခြားနေထိုင်ကြခြင်းထက် တစ်ဦးနဲ့တစ်ဦး တရင်းတနှီး တွေ့ဆုံ၊ စုဝေးတတ်တဲ့ လူမှုယဉ်ကျေးမှုရှိတဲ့ အတွက်ကြောင့် အခုလို ရောဂါပြန့်ပွားမှုမြင့်တက်နေတဲ့အချိန်မှာ လူတစ်ဦးကနေ အခြားလူတစ်ဦးကို ကူးစက်ခြင်း မရှိစေဖို့နဲ့ ရောဂါပိုးမပြန့်ပွားသေးတဲ့ အရပ်ဒေသတွေကို ပြန့်ပွားခြင်းမရှိအောင် ကာကွယ်ဖို့အတွက် ကွာရန်တင်း (Quarantine) ဝင်ခြင်းဟာ မဖြစ်မနေဆောင်ရွက်ရမယ့်ကိစ္စတစ်ခု ဖြစ်လာပါတယ်။

**ဘယ်အချိန် ကွာရန်တင်း(Quarantine) ဝင်ရမလဲ**

ကိုဗစ်- ၁၉ ရောဂါပိုးရှိသူနှင့် ထိတွေ့မိသူများကို အခြားသူများနှင့် ထပ်မံထိစပ်မှုမရှိစေရန် အတွက် ကွာရန်တင်း(Quarantine) ဝင်ခြင်းကို ဆောင်ရွက်ရပါတယ်။ ကူးစက်ခံရသူတွင် ဖျားနာခြင်းမဖြစ်ပေါ်မီ (သို့မဟုတ်) ရောဂါလက္ခဏာမပြဘဲ ကူးစက်ခံနေရလျှင် ကွာရန်တင်း(Quarantine) ဝင်ရောက်ထားခြင်းကြောင့် ထပ်မံကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးနိုင်ပါတယ်။ ယခုအခါမှာ နေရာထိုင်ခင်းအနေအထားနှင့် ပိုးတွေ့ရှိမှုအနေအထားများအရ Quarantine ဝင်ရောက်ခြင်းကို Facility Quarantine စင်တာများတွင်သာမကဘဲ မိမိနေအိမ်များတွင် ကွာရန်တင်း (Quarantine) ဝင်ရောက်ခြင်းကို ခွင့်ပြုဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ မည်သည့်နေရာတွင် ကွာရန်တင်း(Quarantine) ဝင်ရောက်ရသည်ဖြစ်စေ မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် အချက်များကို စနစ်တကျ လိုက်နာဆောင်ရွက်မှသာ ရောဂါကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်မှာဖြစ်ပါတယ်။

**ဘယ်လိုလူတွေ ကွာရန်တင်း (Quarantine)ဝင်ရမလဲ**

ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံထားရသူနှင့် အနီးကပ်ထိတွေ့ဆက်ဆံမိသူများ (လွန်ခဲ့သော သုံးလအတွင်း ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံခဲ့ရဖူးသူများ မပါဝင်ပါ)အနေဖြင့် ကွာရန်တင်း (Quarantine) ဝင်ရောက်ရန် လိုအပ်ပါတယ်။



**“နေအိမ်တွင် ကွာရန်တင်း (Quarantine) ဝင်မယ်ဆိုရင် အချိန်ကာလအားဖြင့် ၁၄ ရက်နှင့်အထက် ကြာအောင် နေထိုင်ရမှာဖြစ်ပါတယ်။ လိုအပ်တဲ့ အသုံးအဆောင်တွေ၊ ဆေးဝါးတွေကို ပြင်ဆင်ထားဖို့ လိုပါတယ်။ အတူနေ အိမ်သားတွေနဲ့ သီးခြားခွဲနေရပါမယ်”**

အနီးကပ်ထိစပ်သူဆိုသည်မှာ -

- ❖ ကိုဗစ်-၁၉ ရောဂါရှိသူနှင့် အကွာအဝေး ၆ ပေအတွင်း ၁၅ မိနစ်နှင့် အထက် နေထိုင်မိခြင်း၊
- ❖ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသူကို နေအိမ်တွင် ပြုစုစောင့်ရှောက်ခဲ့ခြင်း၊
- ❖ ကိုဗစ်-၁၉ ရောဂါရှိသူနှင့် ခန္ဓာကိုယ်ချင်း တိုက်ရိုက်ထိတွေ့ခြင်း၊ (ဖက်ခြင်း (သို့မဟုတ်) နမ်းခြင်း)
- ❖ အစားအသောက်အတူတူ စားခြင်းတို့ကို ဆိုလိုခြင်းဖြစ်ပါတယ်။

**နေအိမ်ကွာရန်တင်း(Quarantine) ဝင်သူများ သိထားသင့်သည့် အချက်များ**

အထက်မှာပြောခဲ့တဲ့ ကိုဗစ်- ၁၉ ရောဂါရှိသူနဲ့ ထိစပ်မှုရှိပြီဆိုတာနဲ့ ဆေးစစ်ချက် အဖြေမရသေးသည်အထိ သီးခြားခွဲနေထိုင်သင့်ပါတယ်။ နေအိမ်တွင် ကွာရန်တင်း (Quarantine) ဝင်မယ်ဆိုရင် အချိန်ကာလအားဖြင့် ၁၄ ရက်နှင့်အထက် ကြာအောင် နေထိုင်ရမှာဖြစ်ပါတယ်။ လိုအပ်တဲ့ အသုံးအဆောင်တွေ၊ ဆေးဝါးတွေကို ပြင်ဆင်ထားဖို့လိုပါတယ်။ အတူနေ အိမ်သားတွေနဲ့ သီးခြားခွဲနေရပါမယ်။ အိမ်မွေးတိရစ္ဆာန်တွေရှိရင်လည်း သီးခြားခွဲနေရပါမယ်။ အိမ်သားတွေနဲ့ ပစ္စည်းတစ်ခုတည်းကို အတူတူသုံးတာမျိုး မလုပ်သင့်သလို အကိုင်အတွယ်များတဲ့ပစ္စည်းတွေကိုလည်း မကြာခဏ သန့်ရှင်းရေးလုပ်ပေးရမှာ ဖြစ်ပါတယ်။ လက်ကိုလည်း မကြာခဏ ဆေးကြောပေးဖို့ လိုပါတယ်။ ဉ္ဇသည်လုံးဝ လက်မခံပါနဲ့။ အစားအသောက်ကိုလည်း အာဟာရအမျိုးမျိုး စုံလင်အောင် စားသောက်ဖို့ လိုအပ်ပါတယ်။

ဒီလို နေအိမ်တွင် သီးသန့်ခွဲနေထိုင်နေစဉ်အတွင်းမှာ မိမိရဲ့ ရောဂါလက္ခဏာအခြေအနေတွေကို စဉ်ဆက်မပြတ် စောင့်ကြည့်နေဖို့လည်း လိုပြန်ပါတယ်။ ဥပမာ- ချောင်းပိုဆိုးလာပြီလား၊ အသက်ရှူတွေ ကျပ်လာပြီလား၊ အဖျားပိုကြီးလာပြီလား စသဖြင့်တွေကို စောင့်ကြည့်နေရပါမယ်။ ဒါကြောင့်မို့လို့ ကျန်းမာရေးအခြေအနေကို စောင့်ကြည့်ပေးမယ့် ဆရာဝန် (သို့မဟုတ်) ဆေးပညာရှင်တစ်ဦးဦးရှိနေရင် အကောင်းဆုံးဖြစ်တဲ့အတွက် နေအိမ်မှာ သီးသန့်ကွာရန်တင်း (Quarantine) ဝင်ခြင်းထက် Quarantine စင်တာတွေမှာဝင်နိုင်ရင်ပိုကောင်းပါတယ်။

**Facility Quarantine စင်တာများတွင် ဝင်ရောက်သူများအနေဖြင့် သိထားသင့်သည့် အချက်များ**

ကွာရန်တင်း(Quarantine) စင်တာတွေမှာ ကွာရန်တင်း(Quarantine) ဝင်သူများအနေနဲ့ မိမိအတွက် သတ်မှတ်ထားတဲ့ နေရာ/အခန်းမှာသာ နေရပါမယ်။ အခြားခန်းတွေကို သွားရောက်လည်ပတ်တာ၊ စုဝေးစားသောက်တာ၊ စုဝေးတွေ့ဆုံစကားပြောတာတွေကို ရှောင်ကြဉ်ရပါမယ်။ Quarantine ဝင်နေသူတစ်ဦးဟာ ရောဂါလက္ခဏာ မပြသည့်တိုင် ရောဂါပိုးသယ်ဆောင်သူတစ်ဦး ဖြစ်နိုင်တဲ့အတွက် မလွှဲရှောင်နိုင်တဲ့ အခြေအနေအရ အခြားလူတွေနဲ့ ဆက်ဆံတဲ့အခါမှာ ပါးစပ်နှာခေါင်းစည်း (Mask) တပ်ဆင်ပြီး အနည်းဆုံး (၆) ပေအကွာမှာ နေသင့်ပါတယ်။ လက်ကိုလည်း ဆပ်ပြာနဲ့ဖြစ်စေ၊ အယ်(လ်)ကိုဟော ၆၀ ရာခိုင်နှုန်း ပါဝင်တဲ့ လက်သန့်ဆေးနဲ့ဖြစ်စေ မကြာခဏ စနစ်တကျဆေးသင့်ပါတယ်။ အများသုံးပစ္စည်းတွေ မကိုင်တွယ်မီနဲ့ ကိုင်တွယ်ပြီးတိုင်း၊ အိမ်သာအသုံးပြုပြီးတိုင်း၊ အစာမစားမီနဲ့ စားပြီးတိုင်း၊ နှာချေ၊ ချောင်းဆိုးပြီးသည့်အခါတိုင်း၊ နှာခေါင်းစည်း (Mask) ကို မကိုင်မီနဲ့ ကိုင်ပြီးတိုင်း လက်ကို စနစ်တကျ ဆေးကြောရပါမယ်။ အသုံးပြုပြီးတဲ့ ပါးစပ်နှာခေါင်းစည်း (Mask)၊ တစ်ရှူး၊ ရေသန့်ဘူး စတဲ့ တစ်ခါသုံးပစ္စည်းတွေကိုလည်း အမှိုက်ပုံးထဲမှာ စနစ်တကျ စွန့်ပစ်ရမှာဖြစ်ပြီး စည်းကမ်းမဲ့ တံတွေးထွေးတာ၊ အမှိုက်ပစ်တာမျိုးကို ရှောင်ကြဉ်ရပါမယ်။

ကွာရန်တင်း(Quarantine) ကာလ ၁၄ ရက်ပြည့်အောင် သတ်မှတ်စည်းကမ်းများနှင့်အညီ နေထိုင်ပြီး ရောဂါလက္ခဏာတွေ မပြဘူးဆိုရင်တော့ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ရောဂါပိုး ကူးစက်ပြန့်ပွားမှုတွေကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် စနစ်တကျ ကွာရန်တင်း (Quarantine) ဝင်ပေးဖို့လိုမှာ ဖြစ်ပါကြောင်း နှိုးဆော်အပ်ပါတယ်။ ။

## ပေါက်မြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**ပေါက် ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးကို ဩဂုတ် ၁ ရက် မှစတင်၍ နေ့စဉ် နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီအထိ ဦးစားပေးအလိုက် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများအား ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ကာကွယ်ဆေးမထိုးမီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကာ ကွယ်ဆေးထိုးမှတ်တမ်းများ ရေးသွင်းခြင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ ၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိပြီး ဩဂုတ် ၁ ရက်မှ ၉ ရက်အထိ ကာကွယ်ဆေးထိုးနှံပေးနိုင်မှု စုစုပေါင်း ၃၄၅၀ ကျော်ရှိပြီဖြစ်ကြောင်းနှင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေး လှုံ့ဆော်မှုလုပ်ငန်းများနှင့် ကာကွယ်ဆေးထိုးနှံနိုင်ရေး နှိုးဆော်မှုလုပ်ငန်းများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကိုဗစ်- ၁၉ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီထံမှ သိရသည်။

ဉာဏ်တိုး(ပြန်/ဆက်)



# ဒေါက်တာသိန်းလှိုင် သို့မဟုတ် နာဂသိန်းလှိုင် (၁၉၃၃-၂၀၂၁)



**ဒေါက်တာ ဦးသိန်းလှိုင်(နာဂသိန်းလှိုင်)သည် ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကွယ်လွန်ခဲ့ကြောင်း သိရသည်။ ဒေါက်တာသိန်းလှိုင် (နာဂသိန်းလှိုင်)ကို အဖ ဦးတန်ဟုတ်ဝမ်- အမိဒေါ်နန်းကျင်သုံတို့က ၁၉၃၃ ခုနှစ် နိုဝင်ဘာလ ၇ ရက်တွင် မွန်ပြည်နယ် သထုံမြို့၌ မွေးဖွားခဲ့သည်။**

အက်ဒဝပ် သွန်မဆင် ဟုတ်ဝမ် (ခ) ဒေါက်တာသိန်းလှိုင်(ခ) နာဂသိန်းလှိုင်သည် မွေးချင်းသားယောက်ျားကိုးဦးအနက် ဒုတိယမြောက်သားဖြစ်ပြီး ငယ်စဉ်က မော်လမြိုင် စိန့်ဂျိုးဇက်ကွန်ဗင့်၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်(ဆေးသိပ္ပံ)တွင် ပညာသင်ကြားခဲ့သည်။ ဆရာဝန်ဘဝတွင် နာဂတောင်တန်းရှိ လည်ပင်းကြီးရောဂါ လူနာများအား မေ့ဆေးမပါဘဲ ထုံဆေးဖြင့် အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့သဖြင့် ထင်ရှားသော ဆရာဝန်တစ်ဦးဖြစ်သည်။ ၎င်းသည် နာဂသိန်းလှိုင်ဟူသော အမည်အပြင် နတ်ဆရာဝန်၊ နာဂနတ်၊ ရွှေခေးဗိုလ်ဟုလည်း အမည်တွင်ခဲ့သည်။

ဒေါက်တာသိန်းလှိုင်သည် ၁၉၆၀ ပြည့်နှစ်တွင် M.B.,B.S ဘွဲ့ရပြီးနောက် အလုပ်သင်ဆရာဝန်အဖြစ် လုပ်ကိုင်နေစဉ် အခြားအလုပ်သင် ဆရာဝန် ၂၇ ဦး ထောက်ပံ့ကြေးမရသည့် ကိစ္စ သပိတ်မှောက်ရန် ဆောင်ရွက်သဖြင့် အလုပ်သင်အဖြစ်မှ ရပ်ဆိုင်းခံခဲ့ရသည်။ ယင်းနောက် ၁၉၆၁ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းဌာနတွင် သင်္ဘောဆရာဝန်အဖြစ် တစ်နှစ်လုပ်ကိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် မြိတ်မြို့နယ် လက်ထောက်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် ရန်ကုန်ဆေးရုံကြီး အဆောင် (၃/၄)၏ တာဝန်ခံဆရာဝန်၊ ၁၉၆၄ ခုနှစ်တွင် မန္တလေးဆေးကောလိပ်ကျောင်းအုပ်ကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဦးဘသန်း၏ အကြီးတန်းလက်ထောက်ခွဲစိတ်ကု ဆရာဝန်၊ မန္တလေး ပြည်သူ့ဆေးရုံကြီး၊ အရှေ့ဘက်ခွဲစိတ်ဆောင်ကြီးကြပ်သူ စသဖြင့် တစ်နှစ်စီဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၆၅ ခုနှစ်တွင် ခန္တီးအရပ်ဒေသသို့ ရောက်ခဲ့သည်။

ထိုစဉ်က နာဂတောင်တန်းဒေသတွင် အနောက်တိုင်း ဆေးပညာကို အသုံးပြုနိုင်ခြင်းမရှိသဖြင့် အယုံအကြည် မရှိသေးပေ။ ဆရာကြီး ဒေါက်တာသိန်းလှိုင် ရောက်ရှိချိန်တွင် နာဂဒေသတွင် အဖြစ်များနေသည့် လည်ပင်းကြီးရောဂါနှင့် အခြားခွဲစိတ်လူနာများကို အောင်မြင်အောင်ခွဲစိတ်ပေးနိုင်ခဲ့သည်။ ဆရာကြီးသည် နာဂတောင်တန်းတွင် အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ပြီး ခွဲစိတ်ကုသမှုကို လက်မခံလိုသည့် နာဂလူမျိုးများကို သဘောပေါက်နားလည်စေရန် ပြောဆိုရှင်းပြ စည်းရုံးခဲ့ရသည်။ ထိုနာဂဒေသ၌ပင်မြို့နယ်ဆရာဝန်(အကြီးတန်း) အဖြစ် ရာထူးတိုးခဲ့သည်။

ဒေါက်တာသိန်းလှိုင်သည် မပြည့်စုံသည့်ဆေးဝါး၊ ပစ္စည်းကိရိယာများဖြင့် သူ့လူနာများကို မေ့ဆေးဖြင့် ခွဲစိတ်ခြင်းမဟုတ်ဘဲ ထုံဆေးပညာဖြင့်သာ ခွဲစိတ်ခြင်းဖြစ်သည်။

ဆရာဝန်ကြီး ဒေါက်တာနာဂသိန်းလှိုင်သည် ထုံဆေးပညာသီးသန့်ဖြင့် မေ့ဆေးမသုံးဘဲ ခွဲစိတ်ခဲ့သည့် လူနာပေါင်းမှာ အနားယူချိန် ၂၀၀၉ ခုနှစ်အထိ နှစ်ပေါင်း ၄၇ နှစ်အတွင်း ၂၈၉၅ ဦး ရှိခဲ့သည်။ ဆရာကြီးသည် ၁၉၇၁ ခုနှစ်တွင် နာဂတောင်တန်းမှ ဖြူးမြို့နယ်သို့ ဆေးရုံမှူးအဖြစ် ပြောင်းရွှေ့ခဲ့သည်။ ထို့နောက် ၁၉၇၈ ခုနှစ်တွင် ဒေါက်တာသိန်းလှိုင်သည် ဒုတိယဆေးရုံအုပ်ကြီး (အုပ်ချုပ်ရေး) ရာထူးဖြင့် ပုသိမ်မြို့သို့လည်းကောင်း၊ ယင်းနှစ်တွင်ပင် မြို့နယ်ဆရာဝန်ကြီး (၁) အဖြစ် နမ့်ခမ်းမြို့သို့လည်းကောင်း၊ ၁၉၈၄ ခုနှစ်တွင် အထက်မြန်မာပြည် တိုင်းမီးရထားဆရာဝန်ကြီးအဖြစ် မန္တလေးမြို့သို့လည်းကောင်း၊ ယင်းနောက် ၁၉၈၈ ခုနှစ်တွင် မြို့နယ်ဆရာဝန်ကြီးအဖြစ် သာယာဝတီမြို့သို့လည်းကောင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပြီး ၁၉၈၈ ခုနှစ် ဧပြီလတွင် အစိုးရဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့သည်။

အငြိမ်းစားယူပြီးနောက် ဒေါက်တာနာဂသိန်းလှိုင်သည် ပြင်ဦးလွင်မြို့တွင် ကိုယ်ပိုင်ဆေးခန်းလေး ဖွင့်လှစ်နေထိုင်ခဲ့သည်။ တောင်ကြီးမြို့ ကမ္ဘောဇဆေးရုံ၌ ခွဲစိတ်ဆရာဝန်အဖြစ် လုပ်ကိုင်ခဲ့ပြီး ရန်ကုန်မြို့ရှိ အောင်ရတနာဆေးခန်း၊ စိတ္တသုခဆေးခန်းတို့တွင်လည်း ကုသမှုများ ဆောင်ရွက်ခဲ့သည်။

ဆရာကြီး ဒေါက်တာသိန်းလှိုင်သည် လမ်းပန်းဆက်သွယ် သွားလာရေးခက်ခဲသည့် နာဂဒေသတွင် နာဂလူမျိုးများအတွက် ကိုယ်ကျိုးမဖက်ဘဲ တာဝန် ထမ်းဆောင်ခဲ့သည့်အတွက် ၂၀၁၉ ခုနှစ် နိုဝင်ဘာလက ကျင်းပသည့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် နာဂဒေသဦးစီးအဖွဲ့က ၎င်းအား မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပေးအပ်ခဲ့သည်။

ဒေါက်တာ ဦးသိန်းလှိုင် (နာဂသိန်းလှိုင်) သည် ကွယ်လွန်ချိန်တွင် အသက် ၈၈ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။ ။

**ကိုဦး**

ကိုးကား
၁။ Wekipedia
၂။ ဒေါက်တာနာဂသိန်းလှိုင်၊ Greg Kliemanı Heiko Rudolph တို့ ရေးသားသည့် Surgeryon Consious Patients: Ambulatory Surgery in the Burmese NagaLands

# ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ ပီအက်စ်ဂျီအသင်းနှင့် အပြီးသတ်စာချုပ်ချုပ်ဆိုတော့မည်





လီယွန်နယ် မက်ဆီသည် စပိန်နာမည်ကြီး ဘာစီလိုနာအသင်းမှ ထွက်ခွာပြီးနောက် ယခုအခါ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းနှင့် နှစ်နှစ်စာချုပ် ချုပ်ဆိုရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့အပြင် အဆိုပါ သဘောတူညီမှုစာချုပ်တွင် နောက်ထပ်တစ်နှစ်သက်တမ်းတိုးခွင့် ပါရှိကြောင်းလည်း သိရသည်။

မက်ဆီသည် လက်ရှိတွင် ၎င်း၏ စာချုပ်ကို အဆုံးသတ်ရန်အတွက် ပါရီသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ မက်ဆီသည် ပီအက်စ်ဂျီအသင်းနှင့် အပြီးသတ်စာချုပ် ချုပ်ဆိုပြီးပါက ဘောလုံးလောကတွင် တန်ဖိုးအမြင့်ဆုံးကစားသမားနှစ်ယောက်ဖြစ်သည့် နေမာ၊ အမ်ဘတ်ပီတို့နှင့် တွဲဖက်ကစားခွင့်ရရှိတော့မည်ဖြစ်သည်။ နည်းပြ ပိုချက်တီနို၏ ပီအက်စ်ဂျီအသင်းသည် ပြီးခဲ့သည့် ရာသီတွင် လီဂူးဝမ်းပြိုင်ပွဲ၌ အဆင့် (၂)နေရာဖြင့်သာ ရာသီပိတ်သိမ်းနိုင်ခဲ့သည်။ အသက် ၃၄ နှစ်အရွယ်ရှိ မက်ဆီသည် ဘာစီလိုနာအသင်းသို့ အသက် ၁၃ နှစ်အရွယ်ကတည်းက ပြောင်းရွှေ့ရောက်ရှိခဲ့သူဖြစ်ပြီး အသင်းကြီးနှင့် ပွဲဦးထွက်ပွဲစဉ်ကို ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ကစားခွင့် ရရှိခဲ့သည်။ ၎င်းသည် ဘာစီလိုနာအသင်းအတွက် ပြိုင်ပွဲ အရပ်ရပ် ၇၇၈ ပွဲ ပါဝင်ကစားထားပြီး စံချိန်တင်ဂိုး ၆၇၂ ဂိုး သွင်းယူပေးထားနိုင်သည်။

မက်ဆီသည် ရွှေဘောလုံးဆုကို ဘာစီလိုနာနှင့်အတူ စံချိန်တင် ခြောက်ကြိမ်အထိ ဆွတ်ခူးရရှိထားသူဖြစ်သည်။ ထို့အပြင် ၎င်းသည် ဘာစီလိုနာအသင်းနှင့်အတူ ဆုဖလား ၃၅ လုံးအထိလည်း ဆွတ်ခူးထားသူဖြစ်သည်။

**အောင်ဇော်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၀

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းခြင်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ယနေ့နံနက်ပိုင်း က ကိုဗစ်-၁၉ လမ်းညွှန်ချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပသည်။**




အဆိုပါ လှူဒါန်းပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အလှူရှင်များ တက်ရောက်သည်။

အခမ်းအနားတွင် ဦးဇင်မြင့်အောင်က ငွေကျပ် ၁၂၅၀၀၀၀၀၀ တန်ဖိုးရှိ အောက်ဆီဂျင်စက် တစ်လုံး၊ ထက်ကမ္ဘာကျော် ကုမ္ပဏီက အလှူငွေကျပ် ၆၀၀၀၀၀၀၀ တန်ဖိုးရှိ အောက်ဆီဂျင် ဆလင်ဒါ လီတာ ၄၀ အိုး ၂၀၀၊ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့က အလှူငွေကျပ် ၁၆၀၀၀၀၀၀ ၊ PHONE KING ဟန်းဆက်နှင့် ဖုန်းအမျိုးမျိုး ရောင်းဝယ်ရေးက အလှူငွေကျပ် ၁၀၀၀၀၀၀၀၀ တန်ဖိုးရှိ Enoxaparin Sodium Injection (60mg) သွေးကျဲဆေး အလုံး ၅၀၀ ၊ ဦးအောင်ထွေး (ခနဒီပသီဟ ကုမ္ပဏီ) က အလှူငွေကျပ် ၁၀၀၀၀၀၀၀၀၊ ဝိန့်စိန်ရွှေဆိုင် မိသားစုက အလှူငွေကျပ် ၅၀၀၀၀၀၀၀၊ Myanmar Golden Wes Co.,Ltd. က အလှူငွေကျပ် ၃၅၀၀၀၀၀၀ တန်ဖိုးရှိ အောက်ဆီဂျင်ဆလင်ဒါ လီတာ ၄၀ (၁၀) အိုး၊ Absolutely Perfect Light Co.,Ltd. က အလှူငွေကျပ် ၃၀၀၀၀၀၀ တန်ဖိုးရှိ စက္ကူလူနာခုတင် အလုံး ၅၀ ၊ Royal Kite Co.,Ltd. က အလှူငွေကျပ် ၃၀၀၀၀၀၀ တန်ဖိုးရှိ စက္ကူလူနာခုတင် အလုံး ၅၀ ၊ ဦးကိုကိုကျော်စွာ - ဒေါ်ချယ်ရီတင်သား ကောင်းခန့်လင်း ( PUKKA CO.,Ltd.) က အလှူငွေကျပ် ၅၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ် က ရန်ကုန်တိုင်းဒေသကြီး အတွင်း ကိုဗစ် - ၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု တဖြည်းဖြည်းကျဆင်းနေပြီး ဆက်လက်ထိန်းချုပ်နိုင်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကျန်းမာရေး ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနများမှ ဦးစီးဌာနများ၊ စေတနာ့ဝန်ထမ်းများက ကြိုးစား ဆောင်ရွက်နေကြသလို ယခုကဲ့သို့ စေတနာရှင် မိဘပြည်သူများက တစ်ဖက်တစ်လမ်းမှ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေနှင့် ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများ လာရောက် လှူဒါန်းပေးသည့်အတွက် အလှူရှင်များအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ၊ ကုသရေး လုပ်ငန်းများကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့်အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ယနေ့ စေတနာရှင် အလှူရှင်များမှ လှူဒါန်းသည့် ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများ၊ လှူဒါန်းငွေများ၏ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၂၃၆၀ ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး**
**( ပြန် / ဆက် )**

## မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမှု မြင်ကွင်းများ



ချင်းပြည်နယ် ဖလမ်းမြို့နယ်။ ခရိုင်(ပြန်/ဆက်)



ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်။ အောင်မြင့် (ပြန်/ဆက်)



ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်။ ခင်မောင်ထွန်း (ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်။ ရဲဝင်းနိုင်(ညောင်ဦး)



စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်။ မြင့်ထွန်းမင်း(ကောလင်း)

# ဝါးခယ်မမြို့နယ်၌ ရေဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုဖြစ်

**ဝါးခယ်မ ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ဟသ်ၤာဒုံးကျေးရွာအုပ်စု ကုလားကျွန်းသောင်ကျေးရွာတွင် ယနေ့နံနက်၉နာရီခွဲက ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားသည်။

အဆိုပါကျေးရွာတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါး အရှည် ၉၅ ပေ၊ အကျယ်ပေ ၅၀ ခန့် ပြိုကျမှုဖြစ်ပွားခဲ့ရာ လူ၊ တိရစ္ဆာန်နှင့် အဆောက်အအုံများ ထိခိုက်မှုမရှိကြောင်း၊ မြစ်ကမ်းပါးအနီးတွင် နေထိုင်သော နေအိမ်နှစ်လုံးမှ မိသားစုဝင်များအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် ရွာသားများက ၎င်းတို့၏ ဆွေမျိုးများနှင့် ဥယျာဉ်များအတွင်းသို့ ပြောင်းရွှေ့ပေးခဲ့သည်။

ဟသ်ၤာဒုံးကျေးရွာအုပ်စုတွင် ဟသ်ၤာဒုံး၊ ကံစု၊ ၄က်စု၊ ကုလားကျွန်း၊ ကူးတို့ဆိပ်သောင်၊ ကုလားကျွန်းသောင်၊ အရှေ့သောင်တန်း စသည့် ကျေးရွာ ခုနစ်ရွာရှိကြောင်း၊ ကျေးရွာအုပ်စုအတွင်း အိမ်ခြေ ၁၂၃၄ လုံး၊ အိမ်ထောင်စု ၁၂၄၉ စု၊ လူဦးရေ ကျား ၂၅၃၄ ဦး၊ မ ၂၆၆၁ ဦး နေထိုင်ပြီး ကုလားကျွန်းသောင်ကျေးရွာတွင် အိမ်ခြေ ၁၀၃ လုံး၊ အိမ်ထောင်စု ၁၁၀ ၊ လူဦးရေ ကျား ၄၁၈ ဦး၊ မ ၄၅၈ ဦး နေထိုင်ကြောင်းနှင့် ဟသ်ၤာဒုံကျေးရွာအုပ်စုသည် ဧရာဝတီမြစ် ကမ်းပါးအနီးတွင် တည်ရှိသောကြောင့် အလားတူ မြစ်ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

**စောသန္တာဦး(ပြန်/ဆက်)**

## ချင်းရွှေဟော် မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်မှ မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၁၁၆ ဦးကို လွှဲပြောင်း

**ချင်းရွှေဟော် ဩဂုတ် ၁၀**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ်နှစ်နိုင်ငံဂိတ်ပေါက်မှ ဝင်ရောက်လာသော တရုတ်နိုင်ငံမှပြန်လာသည့် မြန်မာနိုင်ငံသားနေရပ်ပြန်ပြည်သူ ၁၁၆ ဦးကို ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင် များပါဝင်သည့် ပူးပေါင်းအဖွဲ့က စိစစ်လက်ခံကြောင်း သိရသည်။

အဆိုပါနေရပ်ပြန်ပြည်သူ ၁၁၆ ဦးမှာ အမျိုးသား ၇၄ ဦး၊ အမျိုးသမီး ၄၂ ဦးတို့ဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်မှတစ်ဦး၊ မြောက်ဥက္ကလာပမြို့နယ်မှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်မှ တစ်ဦး၊ ကျောက်ဆည်မြို့နယ်မှ တစ်ဦး၊ တောင်သာမြို့နယ်မှ လေးဦး၊ မိတ္ထီလာမြို့နယ်မှ တစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ တစ်ဦး၊ မိုးကုတ်မြို့နယ်မှ တစ်ဦး၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်မှ ၁၂ ဦး၊ ကျောက်ထုမြို့နယ်မှ တစ်ဦး၊ အောင်လံမြို့နယ်မှ နှစ်ဦး၊ ဆောမြို့နယ်မှ ခုနစ်ဦး၊ ထီးလင်းမြို့နယ်မှ တစ်ဦး၊ မြို့သစ်မြို့နယ် မှ နှစ်ဦး၊ ပေါက်မြို့နယ်မှ နှစ်ဦး၊ ရေစကြိုမြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်မှ တစ်ဦး၊ ကသာမြို့နယ်မှနှစ်ဦး၊ ထီးချိုင့်မြို့နယ်မှသုံးဦး၊ ကလေးမြို့နယ်မှ ရှစ်ဦး၊ စစ်ကိုင်းမြို့နယ်မှ တစ်ဦး၊ မင်းကင်းမြို့နယ်မှ နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်မှ သုံးဦး၊ ထန်းတပင်မြို့နယ်မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ နှစ်ဦး၊ မော်လမြိုင်ကျွန်းမြို့နယ်မှ တစ်ဦး၊ မြန်အောင်မြို့နယ်မှ နှစ်ဦး၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ သုံးဦး၊ မိုးညှင်းမြို့နယ်မှတစ်ဦး၊ ကရင်ပြည်နယ် ဘောဂလိမြို့နယ်မှ နှစ်ဦး၊ ချင်းပြည်နယ် ဖလမ်းမြို့နယ်မှ နှစ်ဦး၊ ကန်ပက်လက်မြို့နယ်မှ လေးဦး၊ တီးတိန်မြို့နယ်မှ နှစ်ဦး၊ ရခိုင်ပြည်နယ် မြန်အောင်မြို့နယ်မှ တစ်ဦးနှင့် ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်များမှ ၃၅ ဦးတို့ ဖြစ်သည်။

၎င်းနေရပ်ပြန်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးဆောင်ရွက်ပြီး သက်ဆိုင်ရာ ဒေသအသီးသီးသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ သိရသည်။

**စည်သူမောင်မောင်(ပြန်/ဆက်)**

## သာစည်မြို့နယ်၌ ဆီဘောက်ဆာယာဉ်တစ်စီး တိမ်းမှောက်

**နေပြည်တော် ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီခွဲက ဆီဘောက်ဆာယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးသွားကားလမ်း၌ ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီခွဲက ဆီဘောက်ဆာယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ယင်းမာပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မိတ္ထီလာဘက်မှ တောင်ကြီးဘက်သို့ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်နေ လွင်ထွန်းဦး (၃၀ နှစ်) မောင်းနှင်လာသော TK-xxxx JAC TRATOR HEAD အမျိုးအစား ဓာတ်ဆီလီတာ ၄၀၀၀၀၀ တင်ဆောင်လာသော ယာဉ်သည် မိုင်တိုင် ၄၇/၁-၂ ကြား လမ်းကွေ့အရောက်၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်မောင်း လွင်ထွန်းဦးအား ယင်းမာပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**




## ဘုတ်ပြင်း၊ မရမ်းကုန်းနှင့် ကျောက်မဲမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၀**

ကရသူရိနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီတွင် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ ကံမော်ကြီးကျေးရွာနေ အောင်ပိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈၀ ကိုလည်းကောင်း၊ အလားတူ ဩဂုတ် ၉ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းတွင် မပိုးနှင်းဖြူ(ခ)ခြူးလေးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁၂ နာရီ မိနစ်၂၀ တွင် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းရှိ ဘောလုံးကွင်းအနီး၌ အောင်ပြည့်မြတ်အား စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့်လည်းကောင်း။

မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် အဆိုပါ နေရာ၌ပင် အောင်ဖြိုးကျော် (ခ) ဆိုးပေကို လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ် (၂) ရပ်ကွက်၊ အောင်မေတ္တာ (၁)လမ်း အမှတ်(၃၈)၊ (၅)လွှာနေ ညီညီဇော် (ခ) အစွလန်း၏ နေအိမ်တိုက်ခန်းကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ စစ်အောင်နိုင်(ခ)အငယ်လေး၊ ဆန်းစစ်နောင်တို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ် ဆေးပြား ၁၇၀၀၀ ကို လည်းကောင်း။

ထို့အတူ ဩဂုတ် ၈ ရက် ညနေ ၄ နာရီတွင် မိုင်းလုံနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့နယ် မိုင်းလုံမြို့ အောက်ပိုင်းရပ်ကွက်နေ မခမ်းအိမ်၏ နေအိမ်ကို ဝင်ရောက် ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါး နှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



## ကော့ကရိတ်မြို့၌ ယာဉ်တိမ်းမှောက်မှုကြောင့် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**နေပြည်တော် ဩဂုတ် ၁၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ဩဂုတ် ၈ ရက်က ယာဉ်တိမ်းမှောက်မှုကြောင့် တစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၈ ရက် ည ၇ နာရီခွဲက ကော့ကရိတ်မြို့ မြဝတီ-ကော့ကရိတ်(အာရှလမ်း) ကီလိုမီတာ ၁၅၄ နှင့် ၁၅၅ ကြားတွင် မြဝတီမြို့ဘက်မှ ကော့ကရိတ်မြို့ဘက်သို့ ယာဉ်မောင်း သာကေတမြို့နယ်နေ စိုးပိုင်(၃၇ နှစ်)မောင်းနှင်လာသော လုပ်ငန်းသုံး သဘာဝဓာတ်ငွေ့များ တင်ဆောင်လာသည့် 3C/xxxx (၂၂) ဘီး တွဲယာဉ်သည် ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လားရာတူရှေ့မှ မြေဆီအိတ်များ တင်ဆောင်ထားသည့် လယ်ဝေးမြို့ သဲတော်လေးကျေးရွာနေ ကိုနိုင်လွင် (၄၀ နှစ်) မောင်းနှင်လာသော 1R/xxxx (၂၂)ဘီး FAW ယာဉ်အား နောက်မှတိုက်မိကာ 3C/xxxx ယာဉ်မှာ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် 3C/xxxx ယာဉ်မောင်း စိုးပိုင်မှာ ရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး ယာဉ်နောက်လိုက် ပုသိမ်မြို့နယ် ငပုတောကျေးရွာနေ စိုးပိုင်ထက်(ခ) အရှည်ကြီး (၂၃နှစ်) တွင် ဒဏ်ရာများရရှိခဲ့ကာ 1R/xxxx ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့တွင် ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း၊ ယာဉ်တိုက်မှုကြောင့် 3C/xxxx Nissan ယာဉ်မှာ တန်ဖိုး ငွေကျပ်သိန်း၅၀ ခန့် နှင့် 1R/xxxx FAW ယာဉ်မှာ တန်ဖိုးငွေကျပ် ၅ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့သဖြင့် ယာဉ်မောင်းစိုးပိုင်အား ကော့ကရိတ် မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။



**ရဲပြန်ကြား**

## ပုလဲမြို့၌ သားအမိချင်းစကားများရာမှ နေအိမ်ကို မီးရှို့ခဲ့သဖြင့် ခြံဝင်းအတွင်း နေအိမ်သုံးလုံးနှင့် ဆိုင်ကယ် ငါးစီး မီးလောင်ကာ အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်၌ ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီက သားအမိချင်းစကားများရာမှ နေအိမ်ကို မီးရှို့ခဲ့သဖြင့် ခြံဝင်းအတွင်း နေအိမ်သုံးလုံးနှင့် ဆိုင်ကယ်ငါးစီး မီးလောင်ကာ အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၁၀ မိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဒေါ်စန္ဒာဝင်းနှင့် ဒေါ်ဝင်းဝင်းအေး (ခ) သေးသေးတို့တွင် မီးလောင်ဒဏ်ရာများရရှိခဲ့သဖြင့် ဖြစ်စဉ်အား စိစစ်ရာ ပုလဲတောင်ပိုင်း ရပ်ကွက်ရှိ ဒေါ်စန္ဒာဝင်း(၅၀နှစ်) ၏ နေအိမ်တွင် ဒေါ်စန္ဒာဝင်းနှင့် သားဖြစ်သူ အောင်သူဝင်း(၃၁ နှစ်) တို့ မိသားစုကိစ္စဖြင့် စကားများကြရာမှ အောင်သူဝင်းက ၎င်းတို့နေထိုင်သည့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ်ရှိ ဓာတ်ဆီပုံးကို ဂက်စ်မီးခြစ်ဖြင့် မီးရှို့ခဲ့ရာမှ မီးစတင်လောင်ပြီး ၎င်းမှတစ်ဆင့် ခြံဝင်းတစ်ဝင်းတည်းတွင် ဆောက်ထားသည့် ဒေါ်စန္ဒာဝင်း၏ ညီမများဖြစ်ကြသော ဒေါ်ဝင်းဝင်းအေး(ခ)သေးသေး(၄၄)နှစ်နှင့် ဒေါ်သီတာဝင်း(၄၀ နှစ်)တို့၏ နေအိမ်နှစ်လုံးနှင့် ဆိုင်ကယ်ငါးစီးတို့မှာ မီးကူးစက်လောင်ခဲ့ကြောင်း သိရှိရသဖြင့် နေအိမ်ကို မီးရှို့ခဲ့သူ အောင်သူဝင်းအား ပုလဲမြို့မရဲစခန်းက အမှုရေးဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# (၁၃)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်း

(၁၁-၈-၂၀၂၂) ရက်တွင် ကျရောက်သော သမီးလေး မကေရှင်းသန့်စံ(ခ) မထက်မျှူးသံလွင် (Secondary II – A) ILBC Naypyitaw ၏ (၁၃) နှစ်ပြည့် မွေးနေ့ရက်မြတ်မင်္ဂလာမှသည် အသက်ရာကျော်ရှည်သည်အထိ ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့စွာဖြင့် လိုအင်ဆန္ဒအပေါင်း ပြည့်ဝပါစေကြောင်း၊ ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာဖြင့် ထူးချွန်ထက်မြက် တိုးတက်အောင်မြင်ပါစေကြောင်း၊ တိုင်းပြည်နှင့်လူမျိုးကို အကျိုးပြုနိုင်သော အမျိုးဘာသာ၊ သာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သော သမီးကောင်းရတနာလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

**ဖေဖေ ဦးဇော်ဌေး၊ မေမေ ဒေါ်ကေခိုင်ဦး**
**နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများ**

## ကရင်ပြည်နယ်အတွင်း ၂၀၂၂ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတော်အတွင်း စားနပ်ရိက္ခာ ဖူလုံစေရေး၊ မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ စိုက်ပျိုးထုတ်လုပ်မှုစရိတ်အတွက် ချေးငွေထုတ်ချေးရေးကဏ္ဍမှ တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ကရင်ပြည်နယ်အတွင်း တောင်သူ ၁၈၈၀၊ စပါးစိုက်ဧက ၁၂၄၃၀ အတွက် ငွေကျပ်သန်း ၁၈၆၅ ဒသမ ၀၀ အား ချေးငွေများ ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့် တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးမှုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးဆေးနှင့်ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ် ကုသရေး ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိလွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ဩဂုတ် ၁၀ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၉၈ ခုမှ Blood Meter ၁၀၅၀ ၊ D-Dimer (fluoresence Immunochromatograpgic) ၅၀၀ ၊ Emunish Tablet ၆၀၄၅၈ ခု၊ Femitin (fluoresence Immuno-chromatograpgic) ၃၀၀၀၊ Flow meter ၂၀၇၉ ခု ၊ FT3&FT4 (fluoresence Immunochromatograpgic) ၁၀၀၀၀၊ Hs CRP+CRP (fluoresence Immunochromatograpgic) ၁၀၀၈၀၊ Humidifier Bottle ၅၀၊ Lomoh 60 MG Injection ၃၀၀၀၊ N-95 Mask ၂၀၀၀၊ Oximeter ၂၃၈၇၉ ခု၊ Oxygen Cannula ၂၂၆ ခု၊ Oxygen Concentrator ၆၃၄၃ ခု၊ Oxygen Cylinder ၃၀၊ Oxygen Mask ၁၁၄၀၀၊ Oxygen Inhalator ၄၀၀၊ Oxygen Regulator ၂၃၄၅ ခု ၊ Oxygen Tube ၁၂၀၀၊ PCT (fluoresence Immunochromato-grapgic) ၈၀၀၊ PPE ၁၀၀၀၊ Oxygen Concentrator Spare parts ၃၇၂ ခု၊ Spray Header ၉၀၀၀၀၊ Surgical Mask ၂၀၀၊ Test Kit ၁၄၀၀၊ Thermometer ၁၀၄ ခု၊ Vitamin-C ၁၂၀၆၀၊ ရန်ကုန် ဆိပ်ကမ်းများတွင် ကိုဗစ်-၁၉ ကာကွယ်ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၄၈၈၈၈၄.၇၄၆ Kg၊ နယ်စပ်(လွယ်ဂျယ်၊ မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ် )တွင် ကုမ္ပဏီ ၄၇ ခုမှ Oxygen Cylinder ၉၀၆၆ ခု၊ Oxygen Concentrator ၆၈၉ ခု၊ Mask ၅၉၃၂၈ Kg၊ Liquid Oxygen ၁၅၄၄၁ $m^3$၊ Flow meter ၈၆၀ ၊ PPE ၂၈၆၀၀ ၊ Oximeter ၃၃၀၀ ၊ Disposable Cap ၁၄၇ Kg၊ Oxygen Plant ၇ ခု၊ Exam Glove ၁၀၄၆၄. ၄ Kg၊ Liquid Oxygen ၁၈.၃၈ တန်၊ Oxygen Mask ခု ၂၅၀၀ ၊ Oxygen Cylinder Trolley ခု ၁၀၀၊ Shoe Cover ၁၉၁ ခု၊ Surgical Gown ၂၃၀ Kg ၊ Dead body Bag ၃၄၄ Kg ၊ Thermo-meter ၁၈၀ ၊ Oxygen Bar ၂၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအတွက် လိုအပ်လျက်ရှိသည့် FDA အသိအမှတ်ပြု ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးရည်နှင့် ဆေးပစ္စည်းများ၊ ဓာတ်မှန်ခန်းသုံး ဆေးပစ္စည်းများ၊ အောက်ဆီဂျင်နှင့် Specialty Consumables များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** – ၆-၈-၂၀၂၂ရက်(သောကြာနေ့)
**တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် နေ့ရက်/အချိန်** – ၂၇-၈-၂၀၂၂ရက်(သောကြာနေ့) ၁၆:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းစာရင်း အသေးစိတ်ကို သိရှိလိုပါက ဆေးရုံကြီးအုပ်ကြီးရုံး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါ ပြောင်းလဲဖွင့်လှစ်ခြင်းနှင့် ဖျက်သိမ်းခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒ စက်ရုံစု(သံပရာကန်)မှ ၁၆-၈-၂၀၂၂ ရက်တွင် (ဓာတ်ဆီ) ၂,၀၀၀,၀၀၀ဂါလန် (ဂါလန်နှစ်သန်းတိတိ)နှင့် (စီဂျီအို) ၅၀၀,၀၀၀ဂါလန် (ဂါလန်ငါးသိန်းတိတိ)တို့ကို ရောင်းချမည့်တင်ဒါအား ၂-၉-၂၀၂၂ရက်နေ့သို့လည်းကောင်း၊ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)နှင့် အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)တို့မှ တစ်ကြိမ်လျှင် ယူရီးယား တန်(၃၀၀၀)စီဖြင့် ၁၉-၈-၂၀၂၂ရက်တွင် ခေါ်ယူရောင်းချမည့်တင်ဒါများအား ၁၆-၉-၂၀၂၂ရက်သို့လည်းကောင်း Covid-19ကပ်ရောဂါအခြေအနေကြောင့် ပြောင်းလဲဖွင့်လှစ်ခေါ်ယူမည် ဖြစ်ပါသည်။

၂။ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)မှ ၁၂-၈-၂၀၂၂ရက်တွင် တင်ဒါခေါ်ယူရောင်းချမည့် ယူရီးယားတန်(၃၀၀၀)တင်ဒါအား ဖျက်သိမ်းမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၃။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား (၁)လ ကြိုတင်၍ ဤလုပ်ငန်းရုံးချုပ်(ဘဏ္ဍာရေးဌာန) တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်မင်းဌေး
### ဒုတိယညွှန်ကြားရေးမှူး
### ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
### အသက် (၄၉) နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်နေ ဒေါ်ယုယုနိုင် (ဒုတိယညွှန်ကြားရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့)၏ ချစ်လှစွာသော ခင်ပွန်း၊ မဆုလဲ့နှင်း၊ မငြိမ်းဆုသာ တို့၏ ဖခင်ဖြစ်သူ ဦးဇော်မင်းဌေးသည် ၉-၈-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျစ်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ထူး
### ညွှန်ကြားရေးမှူး(ငြိမ်း)
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဒေါ်လွင်လွင်ကြည်၏ ခင်ပွန်းဖြစ်သူ ဦးအောင်ထူးသည် ၉-၈-၂၀၂၂ ရက် (တနင်္လာနေ့) နံနက် ၆:၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်သန်းသင်းနှင့် ဝန်ထမ်းမိသားစုများ**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း

ကျွန်မ ဒေါ်အေးသန္တာထွန်း ၁၂/သဃက(နိုင်)၁၆၈၁၉၇ နှင့် ဦးသီဟထွန်း ၁၂/ဗဟန(နိုင်)၁၀၁၈၄၅တို့သည် ၂-၈-၂၀၂၂ ရက်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် နောက်နောင် ဦးသီဟထွန်းနှင့်ပတ်သက် သက်ဆိုင်သည့် မည်သည့်ကိစ္စတစ်စုံတစ်ရာကိုမျှ ဆောင်ရွက်ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသန္တာထွန်း**
**၁၂/သဃက(နိုင်)၁၆၈၁၉၇**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ မအူတောကျေးရွာအုပ်စု၊ စိမ်းစားပင်ကျေးရွာနေ (ဦးထွန်းရွှေ)-ဒေါ်အုန်းတင် ၉/ပမန (နိုင်)၀၅၉၂၄၂တို့၏သားဖြစ်သူ ကိုထွန်းမြင့် ၉/ပမန(နိုင်)၀၅၉၂၄၃ သည် မိဘ၏သွန်သင်ဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိခင်ဒေါ်အုန်းတင်အား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အမြဲပြုမူဆောင်ရွက်သည့်အတွက် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာလိုက်သည်။ ကိုထွန်းမြင့်နှင့်ဒေါ်အုန်းတင်တို့သည် မည်သို့မျှ ပတ်သက်ခြင်း၊ သက်ဆိုင်ခြင်း မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်အုန်းတင်**
**၉/ပမန(နိုင်)၀၅၉၂၄၂**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်ဦး(စဉ်-၁၆၅၄၀)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-(၁၃၅/၄)ရေဆင်း၊ ဇေယျာသီရိမြို့**
**ဒေါ်အိသန္တာလှိုင် ဦးဝေမင်းထွန်း**
**စဉ်-၄၉၂၇၀ စဉ်-၅၃၅၄၆**
**(အထက်တန်းရှေ့နေများ)**
**ရေဆင်း၊ ဇေယျာသီရိမြို့။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
## လျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်းတွင်ခန့်ထားရန် သရုပ်ပြ (လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး (၉)နေရာအတွက် လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) **သိပ္ပံ(သစ်တော)ဘွဲ့** – B.Sc(Forestry) (နောက်ဆုံးနှစ်စာမေးပွဲတွင်ပျမ်းမျှရမှတ်(၆၅)မှတ်ရရှိသူ)သို့မဟုတ်
**မဟာသိပ္ပံ(သစ်တော)ဘွဲ့** – M.Sc(Forestry) ရရှိသူ သို့မဟုတ်
**မဟာသိပ္ပံ(ပတ်ဝန်းကျင်)ဘွဲ့** – M.Sc(Environmental Science/Environ-mental Studies) ရရှိသူဖြစ်ရမည်။
**မဟာသိပ္ပံ/မဟာဝိဇ္ဇာဘွဲ့** – မြန်မာစာ၊ သင်္ချာ၊ အင်္ဂလိပ်စာ၊ ရူပဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဓာတုဗေဒ၊ ဘူမိဗေဒ၊ စာရင်းအင်းပညာ

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၅)နှစ်ထက်မကျော်လွန်သူ ဝန်ထမ်းဖြစ်ပါက အသက်(၄၀) ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၃)နှစ်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏အလုပ်အကိုင်
(င) ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်
(စ) အမြဲတမ်းနေရပ်လိပ်စာ

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲပါရှိရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ B.C(သို့) အောင်မြင်ကြောင်း ထောက်ခံချက်မူရင်း
(ခ) အမှတ်စာရင်းမိတ္တူ(MC)(လိုအပ်လျှင် မူရင်းတင်ပြရမည်)
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာမူရင်း
(ဃ) ၂ လ အတွင်းရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ
(င) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း
(စ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

၅။ လျှောက်လွှာများကို ပါမောက္ခချုပ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်းထံလိပ်မူပြီး ၃၁-၈-၂၀၂၂ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားသူသည် အင်္ဂလိပ်စာ(၂)နာရီမေးခွန်းကို ဖြေဆိုရမည်။

၇။ ရေးဖြေစာမေးပွဲကို သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၌ ၈-၉-၂၀၂၂ရက်တွင် ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်များကို ၇-၉-၂၀၂၂ရက်တွင် ထုတ်ပေးမည်ဖြစ်သည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းကို ၁၀-၉-၂၀၂၂ရက် ၉:၀၀နာရီတွင် စတင်ပြုလုပ်မည်။

၈။ ပြည့်စုံခြင်းမရှိသော၊ အချိန်မီရောက်ခြင်းမရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသောအချက်များကို ဖုန်း-၀၆၇-၃၄၁၆၅၁၉၊ ၀၆၇-၃၄၁၆၆၈၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ သဲလမ်း၊ ကွင်းအမှတ်(၆၈၀/မဇီးဖြူ)၊ ဦးပိုင်အမှတ်(၆)ဟု ခေါ်တွင်သည့် အလျားxအနံ(၅၂x၁၃၀)ပေ အကျယ်ရှိ မြေကွက်အပါအဝင် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များနှင့်တကွ လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော ဦးဖြိုးဝေလတ် ၁၂/သလန(ပြု)၀၀၀၀၈၅ (ဘ) ဦးခင်မောင်လတ် ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးသက်ထွန်း ၁၂/ကတတ(နိုင်)၀၀၂၄၃၆ (ဘ) ဦးတင်ရွှေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်နည်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၆၈)**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## လင်မယားအဖြစ်မှ မသက်ဆိုင်တော့ကြောင်း
## (ဘ)ဦးခင်ခင်မောင်၏ သမီးဖြစ်သူ မခင်မြရွှေ
## ၁၁/ကဖန(နိုင်)၀၆၉၇၃၀ (ယခုနေရပ်လိပ်စာမသိ)နှင့်
## အများသိစေရန် ကြေညာခြင်း

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့နယ်၊ သိုင်းချောင်းအုပ်စု၊ ပြားကျွိန်ကျေးရွာနေ မောင်အောင်ထွန်းခင် ၁၁/ကဖန(နိုင်)၀၆၈၁၅၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်။

ကျွန်ုပ်၏မိတ်ဆွေ မောင်အောင်ထွန်းခင်နှင့် မခင်မြရွှေတို့မှာ တရားဝင်အကြင်လင်မယားအဖြစ်လွှန်ခဲ့သည့် (၁၂)နှစ်ခန့်ကပင် ပေါင်းသင်းလာခဲ့ပါသည်။

မောင်အောင်ထွန်းခင်မှာ နိုင်ငံရပ်ခြားသွားရောက်ကာ အလုပ်လုပ်ကိုင်ပြီး ရရှိသည့်ငွေများကို ဇနီးနှင့်သမီးဖြစ်သူတို့ထံပေးပို့ခဲ့ပါသည်။ မခင်မြရွှေမှာ ခင်ပွန်းဖြစ်သူထံမှ ပေးပို့ထားသည့် ငွေများဖြင့် ဝယ်ယူထားသည့် လယ်မြေများကို ရောင်းချပြီး ခင်ပွန်းဖြစ်သူ၏ ခွင့်ပြုချက်မရှိဘဲ မလေးရှားသို့ ထွက်သွားကြောင်း သိရပါသည်။ ခင်ပွန်းဖြစ်သူ မောင်အောင်ထွန်းခင်ကိုလည်း လုံးဝအဆက်အသွယ် မလုပ်တော့ကြောင်း သိရပါသည်။

မခင်မြရွှေမှာ ကျွန်ုပ်၏မိတ်ဆွေနှင့် ပေါင်းသင်းလိုခြင်းမရှိတော့သလို ကျွန်ုပ်၏ မိတ်ဆွေကလည်း ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် အကြင်လင်မယားအဖြစ် သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း မခင်မြရွှေနှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-** **ဦးတင်မြင့်**
**အထက်တန်းရှေ့နေ (စဉ်/၂၂၈၂၉)**
**စေတီတောင်ရပ်ကွက်၊ ကျောက်ဖြူမြို့**
**ဖုန်း-၀၉-၂၅၀၇၆၄၂၁၆**

## ဒေါက်တာ ဦးမောင်မောင်ချို
**ဆေးရုံအုပ်ကြီး(ငြိမ်း)**
**အသက်(၈၄)နှစ်**

မွန်ပြည်နယ် မော်လမြိုင်မြို့နေ (ဦးပါ-ဒေါ်ရှင်ရှင်)တို့၏သား/ ရန်ကုန်မြို့ အမှတ်(၇၉) (၈)ရပ်ကွက် လှည်းတန်းလမ်းမနေ (ဒေါက်တာ ဒေါ်ခင်သန်းဦး)၏ခင်ပွန်း၊ ကိုဝင်းသူ (Myanmar pioneer star Co.,ltd)၏ဖခင် (ဒေါက်တာဦးတင်ရွှေ-ဒေါ်အေးသန့်)၏ညီ၊ ဦးမြင့်စိန်-ဒေါ်အေးရီ၊ (ဒေါ်တင်တင်အေး)၊ (ဦးရန်ရှင်း-ဒေါ်မြင့်မြင့်အေး)၊ (ဦးမြင့်သိန်း)တို့၏အစ်ကိုသည် ၉-၈-၂၀၂၁ ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပါမောက္ခဒေါက်တာဦးလှငွေး
**ပါမောက္ခ/ဌာနမှူး(ငြိမ်း)**
**စိတ်ကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်**
**အသက်(၇၈)နှစ်**

(ဦးထွန်းပွင့်-ဒေါ်မြမေ)တို့၏သား၊ (ဦးအောင်သိန်း-ဒေါ်သန်းမြိုင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ လှိုင်မြင်းမိုရ်အိမ်ရာ၊ တိုက်(၇)၊ အခန်း(၂၃)နေ ဒေါက်တာဒေါ်ခင်သန်းစိန်၏ချစ်လှစွာသောခင်ပွန်း၊ တွဲဖက်ပါမောက္ခဒေါက်တာဒေါ်လဲ့လဲ့ငွေး(အရိုးအကြောအဆစ်ဆေးပညာဌာန)၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဦးမြတ်မင်းငွေး Civil Engineer(Design), AFRY Switzerland-ဒေါ်ခင်စန်းဝေတို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ မောင်မြတ်ဘုန်းသန့်၏ အဘိုးဖြစ်သူ ပါမောက္ခ ဒေါက်တာ ဦးလှငွေးသည် ၉-၈-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၈:၃၈ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်မြင့်မြင့်သန်း (ခ) ဒေါ်မော်လီမြင့်
**စက်မှု(၁)၊ စား/ကုန် (ငြိမ်း)**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ၆၈-လိပ်ကန်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဦးမြင့်-ဒေါ်ညွန့်)တို့၏သမီး၊ (ဦးလှရွှေ-ဒေါ်လှလှဝင်း)တို့၏ ချွေးမ၊ ဦးဇော်ဝင်း [CHIEF ENG: (F.G)]၏ ချစ်လှစွာသောဇနီး၊ ဦးရဲမြတ်အောင်၊ ဦးအောင်စိုးမိုး-ဒေါက်တာယဉ်နွယ်အောင်၊ ဦးရဲမင်းအောင်-ဒေါ်မင်းမင်းမြတ်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်စစ်လွင်၊ မမြင့်မြတ်ဝင်း၊ မောင်ကောင်းမြတ်ကျော်၊ မဆုလတ်မွန်တို့၏အဘွား ဒေါ်မြင့်မြင့်သန်းသည် ၉-၈-၂၀၂၁ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စီစီလှိုင်
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ခပေါင်းလမ်း၊ ခပေါင်းကွန်ဒို၊ အခန်း(၂-ဘီ)နေ ဦးအောင်ကြည်ဦး(အုပ်ချုပ်မှုဒါရိုက်တာ၊ မြန်မာလီဝေဝေ စားသောက်ကုန်လုပ်ငန်းလီမိတက်)၏ ချစ်လှစွာသော ဇနီး ဒေါ်စီစီလှိုင်သည် ၇-၈-၂၀၂၁ရက်(စနေနေ့) ည ၉:၁၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညီနှင့်ညီမ-(ဦးအောင်ကြီး-ဒေါ်ဝင်းမေအောင်) မိသားစု**

## ဦးအောင်မြင့်
**လသာ(၁) ၁၉၇၈ ကျောင်းသားဟောင်း**
**YU Physics ၁၉၈၄ ကျောင်းသားဟောင်း**
**မြန်မာနိုင်ငံဗေဒင်ပညာရှင်များအသင်း**
**အပတ်စဉ်(၂၆)**
**အသက်(၆၀)**

(ဦးကျင်စွမ်-ဒေါ်ရှမ်းမ)၊ (ဦးခဲရှောင်-ဒေါ်ရင်) တို့၏မြေးဦး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးစောလစ်ယုံ)-ဒေါ်အေးကြည်တို့၏သားကြီး၊ ဦးနန်းဝင်း-ဒေါ်သီတာ၊ ဦးလှဝင်းအောင်-ဒေါ်ခင်ထွေးရီ၊ ဒေါ်စောနန်းထွေးတို့၏ အစ်ကိုကြီး၊ ဒေါ်ဥမ္မာ၏ခင်ပွန်း၊ ကိုအောင်စည်ဖြိုးသိန်း၊ ဒေါက်တာကျော်မြင့်မြတ်သိန်း-မနန်းနွယ်နီအောင်၊ မဆုမြတ်အောင်လွင်၊ ဒေါက်တာနေနေဝင်းတို့၏ဖခင် ဦးအောင်မြင့်သည် ၁၀-၈-၂၀၂၁ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ထိုနေ့ နံနက် ၁၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများကို အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး**
## ဦးမင်းစံ
**နာယက(ပေါ်ပြူလာပလတ်စတစ်လုပ်ငန်းစု)**
**Hotel POPULAR Myanmar, Summit Plastic**
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့နေ ဦးကျင်ဦး(Chairman-POPULAR Group)-ဒေါ်ချောစုလွင်(Vice Chairman-POPULAR Group)တို့၏ ချစ်လှစွာသော ဖခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး ဦးမင်းစံသည် ၁၈-၇-၂၀၂၁ရက် (တနင်္ဂနွေနေ့) ည ၇:၃၀နာရီတွင် ရန်ကုန်မြို့၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**SOGO Pipe Industry**
**POPULAR GROUP**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြငွေ
## မူလတန်းပြ(ငြိမ်း)၊ အမက(၉)စမ်းချောင်း
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ အမှတ်(၃၉) ရန်ကင်းလမ်းနေ (ဦးချစ်-ဒေါ်ရီ)တို့၏ သမီးထွေး၊ (ဦးစိန်မောင်-ဒေါ်အေးရင်)တို့၏ ချွေးမ၊ ဒေါက်တာဦးသာရ-ဒေါ်မြင့်မြင့်စိုးတို့၏ ချစ်လှစွာသော ညီမ၊ ဦးစိုးမြင့်(မန်နေဂျာ၊ အင်ဂျင်နီယာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း)၏ ချစ်ဇနီး၊ ဦးကျော်မိုးနိုင်မြင့်-ဒေါ်ထရေးဇာမု၊ ဒေါ်ခင်မိုးသူစိုး၊ ဦးပြည်စိုးနိုင်မြင့်၊ ဦးမျိုးမင်းထွန်းတို့၏ ချစ်လှစွာသော မိခင်၊ တူ၊ တူမ ခြောက်ယောက်တို့၏ အဒေါ်၊ မထက်ကေရီကျော်၊ မမြတ်ဟေမာန်ကျော်တို့၏ ဘွားဘွားကြီးသည် ၆-၈-၂၀၂၁ရက် (သောကြာနေ့) နံနက် ၉နာရီ၌ ဆာကူရာဆေးရုံကြီးတွင် ကွယ်လွန်သွားပြီး ၇-၈-၂၀၂၁ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးတို့မှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါ သည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးအေးကြိုင်
**လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**
**အသက်(၈၂)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင် စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ ဦးအောင်ကျော်မိုး(ညွှန်ကြားရေးမှူး)-ဒေါ်စုနှင်းအောင် တို့၏ ဖခင်ဖြစ်သူ ဦးအေးကြိုင်သည် ၉-၈-၂၀၂၁ရက်(တနင်္လာနေ့) ၁၁:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အဆောက်အဦ/လမ်း/တံတား/ကျေးလက်လမ်း**
**ငွေစာရင်းမိသားစု**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်လင်း
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၅၁လမ်း၊ အလယ်ဘလောက်၊ အမှတ်(၁၁၂)၊ သုံးလွှာ(ဝဲ)နေ (ဦးအောင်ညွန့်)-ဒေါ်ရင်ရင်လှတို့၏သမီးကြီး၊ (ဦးစံလင်း-ဒေါ်အုန်းကြိုင်)တို့၏သမီးချွေးမ၊ (ဦးမြင့်ရွှေ)၏ချစ်လှစွာသောဇနီး၊ ဒေါ်စန်းဦးလှိုင်-ဦးညီညီသိန်း၊ ဦးထွန်းတင့်ဇော်-ဒေါ်နွယ်နွယ်အောင်၊ ဦးထွန်းဝင်းဟန်၊ ဒေါ်နန္ဒာလင်းတို့၏ချစ်လှစွာသော မိခင်၊ မအိချောစု၊ မယွေ့ယမင်း၊ မောင်ယွေ့ခေတ်တို့၏ချစ်လှစွာသော အဘွားသည် ၉-၈-၂၀၂၁ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမျိုးဇော်
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့နေ (ဦးကျော်သီ-ဒေါ်နှင်းစင်)တို့၏သား၊ (ဦးမောင်မောင်ညွန့်-ဒေါ်အမာ)တို့၏ သမက်၊ ရန်ကုန်မြို့၊ အမှတ်(၄၉)၊ အင်ကြင်းမြိုင်လမ်း၊ သုဝဏ္ဏနေ (ဒေါ်ခင်ခင်ဦး)၏ခင်ပွန်း၊ မငြိမ်းငြိမ်းအောင်၏ဖခင် ဦးမျိုးဇော်သည် ၃၀-၇-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အာသာဝတီလမ်း၊ မြေကွက်အမှတ်(၂၁)ဟုခေါ်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အလျား(၂၅)ပေxအနံ(၅၀)ပေရှိ စတုတ္ထထပ်(၅လွှာ) ဘယ်/ညာ(၂)ခန်းတွဲ တိုက်ခန်းသည် ဦးဝင်းမော် ၁၂/ပဘတ(နိုင်)၀၁၁၄၅၄ထံမှ ၂၂-၁၀-၂၀၁၁ရက်တွင် ဒေါ်နုနုလွင် ၁၂/လမတ(နိုင်)၀၀၉၇၈၅မှ တရားဝင်အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်နုနုလွင်သည် ၇-၁၂-၂၀၁၉ရက်တွင် ကွယ်လွန်ခဲ့ရာ ၎င်း၏သားသမီးများဖြစ်သော မောင်ကောင်းမြတ်လွင် ၁၂/ဥကတ(နိုင်)၁၇၅၆၅၃သည် ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာဥပဒေအရ တရားဝင်အမွေဆက်ခံခွင့်ရှိသူဖြစ်ပြီး တရားဝင် ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဤတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါလွင်(LL.B)**
**စဉ်-၂၄၅၂၆(အထက်တန်းရှေ့နေ)**
**အမှတ်(၄၈၅)၊ တကောင်း(၅)လမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၁၉၇၃၅၂**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်မြကြည်
## အသက်(၇၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နေ (ဦးမြတ်ကျော်)၏ဇနီး၊ ရန်ကုန်မြို့နေ ဗိုလ်မှူးကျော်ထွန်း(တပ်မတော်ရေ-ငြိမ်း)-ဒေါ်ခင်စန်းဦးနှင့်သားသမီး (၈)ယောက်တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေး (၁၀)ယောက်၊ မြစ် (၂)ယောက်တို့၏ ဘွားဘွားကြီး ဒေါ်မြကြည် အသက်(၇၉)နှစ်သည် ၁၀-၈-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၉:၃၅နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် ၂၆ မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဆေးတက္ကသိုလ်(၂)၊ သားဖွားမီးယပ်ပညာဌာန၊ ပါမောက္ခ/ဌာနမှူး (အငြိမ်းစား)ပါမောက္ခ ဒေါက်တာဖလောရင့်စ်မောင်မောင် အသက်(၉၁)နှစ်သည် ၈-၈-၂၀၂၁ရက် (တနင်္ဂနွေနေ့) ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ်ပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း

မိတ္ထီလာမြို့နေ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး(အငြိမ်းစား) ဒေါက်တာဦးမျိုးသန့်အသက်(၆၈)နှစ်သည် ၉-၈-၂၀၂၁ရက်(တနင်္လာနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ်ပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဦးနိုင်အောင်
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ ဒေါင်းမင်းလမ်း၊ အိမ်အမှတ်(၂၃၇/၂)နေ (ဦးရွှေစိန်း-ဒေါ်ခင်ကြည်)တို့၏သား၊ ဒေါ်ညွန့်ညွန့်ဝေ၏မောင်၊ (ဒေါ်အေးအေးခိုင်)၏အစ်ကို၊ ဒေါက်တာသီသီခင်နှင့် ဒေါ်ဆွေဆွေသန်းတို့၏ဦးလေးဖြစ်သူ ဦးနိုင်အောင် အသက်(၆၇)နှစ်သည် ၈-၈-၂၀၂၁ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

ချစ်မေမေ ဒေါ်မြင့်မြင့်ကြည်(ကွယ်လွန်)၏ ချစ်လှစွာသော ခင်ပွန်း ချစ်ဖေဖေကြီး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်(ငြိမ်း)၊ (DSA-16) အသက်(၇၁)နှစ်သည် မိသားစုအားလုံးနှင့် ခွဲခွာသွားခဲ့သည်မှာ ၁၁-၈-၂၀၂၁ရက်တွင် တစ်လပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်ရက်မှ မေ့မရနိုင်ခဲ့ပါ။ ချစ်ဖေဖေအတွက် ရည်စူးပြီးပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုတို့ကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ချစ်သား ချစ်သမီးများ**

- **ဒုတိယဗိုလ်မှူးကြီး ဇော်လွင်ဦး(ငြိမ်း)-ဒေါ်သီတာကြိုင်**
- **ဗိုလ်ကြီးသက်တင်ထွန်း(ငြိမ်း)-ဒေါ်ဇာကြည်အေးဝင့်သူ**
- **ဗိုလ်မှူးအောင်ကိုမင်း-ဒေါ်သန္တာမြင့်**
- **ဦးအောင်ကျော်ထွန်း**
- **ချစ်မြေးများ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ငုရွှေမြိုင်လမ်း၊ မြေကွက်အမှတ် (၈၉၃/က)၊ မြေပေအကျယ် အလျား(၆၀ ပေ x အနံ ၂၀ ပေ) ၊ ဧရိယာစတုရန်းပေ(၁၂၀၀)ရှိပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု(မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဒေါ်နီလာအေး (KLN-၀၅၀၃၂၄)အမည် ဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး ထိုမြေကွက်ကိုအရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးထွန်းမင်း ၉/မထန (နိုင်) ၂၃၀၁၄က ယင်းမြေကွက်အား ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်သူ ၇/ကဝန(နိုင်) ၁၁၅၈၂၁က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီသန့်[ "အလင်္ကာ" Law Firm]**
**LL.B,D.B.L,D.M.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှု**
**ကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၄၃၄ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၂၂၀ ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၂၂၃၄ ဦးရှိ

(၁၀-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၉-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၀-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း(၁၄,၄၅၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၄,၄၃၄)ဦးတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း(၃,၂၈၄,၂၃၇)ခု အား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၃၇,၅၆၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၆၈၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၅၃,၃၁၃)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၂၀) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၂,၂၃၄) ဦး ရှိပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ✻

# မြေငလျင်လှုပ်မှုများ တိုင်းထွာရရှိ

နေပြည်တော် ဩဂုတ် ၁၀

ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီ ၄၈ မိနစ် ၁၂ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၃၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(စဉ့်ကူးမြို့၏ အရှေ့တောင်ဘက် ၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၄၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၂ ဒီဂရီ၊ အနက် ၈ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁၂ နာရီ၊ ၂၀ မိနစ်၊ ၃၂ စက္ကန့်အချိန်တွင် ဂွမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၂၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(ငသိုင်းချောင်းမြို့၏ အနောက်-အနောက်တောင်ဘက် ၈ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၇ ဒသမ ၃၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၉၅ ဒီဂရီ၊ အနက် ၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကောင်း၍ မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်းများ ငါးနှစ်အတွင်း အမြင့်ဆုံးဈေးကောင်းရ

မန္တလေး ဩဂုတ် ၁၀

ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားနေသည့် ယခုရက်ပိုင်းအတွင်း မန္တလေး ပဲဈေးကွက်အတွင်း၌ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကြောင့် မတ်ပဲနှင့် ပဲစင်းငုံများမှာ အရောင်းအဝယ် အထူးကောင်းမွန်လျက်ရှိပြီး ဈေးနှုန်းမှာလည်း ငါးနှစ်အတွင်း အမြင့်ဆုံးဈေးများရရှိကာ စံချိန်တင်မြင့်တက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပဲများမှာ မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးများအနေဖြင့် မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်း၊ ယခုနှစ်ထွက်ရှိသည့် ပဲစင်းငုံအသစ်မှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်းဖြင့်

စာမျက်နှာ ၉ ကော်လံ ၅ ●



## ယနေ့ သတင်းအညွှန်း

ခေါင်းဆောင်တို့၏ နိုင်ငံနှင့်လူမျိုးအတွက် ဆောင်ရွက်ချက်များ
ဆောင်းပါး စာ - ၁၀

ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရေး အငြင်းပွားမှုကြားက အမေရိကန်ကလေးပညာရေး
နိုင်ငံတကာရေးရာ စာ - ၁၄

# ယူအီးအက်ဖ်အေ စူပါဖလားဗိုလ်လုပွဲအဖြစ် ချယ်ဆီးနှင့် ဗီလာရီးရဲအသင်းတို့ ယှဉ်ပြိုင်ကစားမည်

ယူအီးအက်ဖ်အေ စူပါဖလားဗိုလ်လုပွဲအဖြစ် အင်္ဂလန်ကလပ် ချယ်ဆီးအသင်းနှင့် စပိန်ကလပ် ဗီလာရီးရဲအသင်းတို့ပွဲစဉ်ကို ဩဂုတ် ၁၂ ရက် နံနက် ၁ နာရီခွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါ ဖလားဗိုလ်လုပွဲကို ယူအီးအက်ဖ်အေက ကြီးမှူးပြီး ချန်ပီယံလိဂ်ဖလားရရှိသည့် အသင်းနှင့် ယူရိုပါလိဂ်ဖလားရရှိသည့် အသင်းတို့ကို ယှဉ်ပြိုင်ကစားစေခြင်း ဖြစ်သည်။

ချယ်ဆီးအသင်းသည် ပြီးခဲ့သည့်ရာသီ ချန်ပီယံလိဂ်ဖလား ဗိုလ်လုပွဲတွင် မန်စီးတီးအသင်းကို ဟာဗက်ဇ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့်

စာမျက်နှာ ၉ ကော်လံ ၅ ❂